# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၆)၊ အမှတ် (၁၈၇)


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ် အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။**

ချက်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

### ဆွေးနွေး

အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

### တက်ရောက်

တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆွေးနွေး**

စာ » ၄

**အစိုးရ၏ ပထမတစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများ သတင်းစာရှင်းလင်းပွဲ ကျင်းပ**

စာ » ၃

## ဧရာဝတီမြစ်ရေ မြင့်တက်လာနိုင်သဖြင့် မြစ်ကြောင်းအတွင်း သွားလာနေသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများ ဂရုပြုသင့်

**နေပြည်တော် ဧပြီ ၄**

ဧရာဝတီမြစ်ရေသည် ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် ကသာမြို့၌ နှစ်ရက်အတွင်း ခြောက်ပေခွဲခန့် မြင့်တက်ခဲ့ပြီး ဧပြီ ၄ ရက် ၁၂ နာရီခွဲ တိုင်းထွာချက်အရ တစ်ပေခန့်ကျဆင်းခဲ့သည်။ အဆိုပါမြစ်ရေသည် သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးရက်အတွင်း နှစ်ပေမှ ခြောက်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက် ၁ ရက်မှ ၃ ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေခွဲမှ လေးပေခန့်နှင့် နောက် ၁ ရက်မှ ၆ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းနေစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုနှင့် နောက်ဆုံးအခြေအနေကို ပြည်တွင်းပြည်ပ မီဒီယာများမှတစ်ဆင့် အများပြည်သူတို့ သိရှိခွင့်ရရှိမှာဖြစ်

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ တီဗွီအဆာဟိ၊ နိပ္ပွန်တီဗွီ၊ ဖူဂျီတီဗွီ၊ စင်ထရယ်နယူးဗျူရို၊ ဖရန့်တီးယား မြန်မာ၊ ဧရာဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်နယ်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာ ၁၈ ဦးသည် ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ သတင်းရယူခဲ့ကြသည်။**

အဆိုပါ ပြည်တွင်း ပြည်ပ မီဒီယာများ၏ သတင်းရယူနိုင်မှု အခြေအနေ၊ အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အကြံပြုချက်များပါဝင်သော တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖



ပြောင်ပိုက်ကျေးရွာတွင် မီးလောင်မှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုနှင့် နယ်မြေလုံခြုံရေးအခြေအနေကို သတင်းရယူစဉ်




မြန်မာ့အလင်း

# အနာဂတ်ကို ထုဆစ်မည့် အောင်မြင်မှုများ

မြန်မာနိုင်ငံ၏ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို စိတ်ဝင်တစားလေ့လာနေကြသော ပညာရှင်များက အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကောင်းမွန်ရန်လိုအပ်သည်ဟုမှတ်ချက်ပြုလေ့ရှိပါသည်။ ပြည်သူလူထုက သောင်ပြိုကမ်းပြိုဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရသစ်သည် တိုင်းပြည်ရေးရာကိစ္စရပ်များ စီမံခန့်ခွဲရာ၌တပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှုကို ညှိနှိုင်းတိုင်ပင်မှုဖြင့် ချောမွေ့အဆင်ပြေစွာ ရယူနိုင်ခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်တာဝန်ယူရသည်ဖြစ်၍ ဤသို့သောညှိနှိုင်းတိုင်ပင်မှုသည် ချောမွေ့အဆင်ပြေရန်လိုအပ်ပါသည်။

နိုင်ငံတကာဆက်ဆံရေးမျက်နှာစာ၌ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးရန် လူထုအစိုးရသစ်က စွမ်းဆောင်နိုင်ခဲ့ခြင်းသည် အရေးပါသော အောင်မြင်မှုဖြစ်ပါသည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုကို ဤကဲ့သို့ ရုပ်သိမ်းလိုက်ခြင်းသည့် နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင် မြန်မာနိုင်ငံက အင်ပြည့်အားပြည့် တက်စုံရှက်စုံဖွင့်၍ ဆောင်ရွက်နိုင်ရန် လမ်းပွင့်စေခဲ့ခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ လမ်းပွင့်သွားခြင်းကြောင့် မြန်မာ့စီးပွားရေးကို ကမ္ဘာ့စီးပွားရေးနှင့် အပြည့်အဝချိတ်ဆက်နိုင်စေသည်သာမက မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ကမ္ဘာ့ဘဏ္ဍာရေးစနစ်ကို ထိထိမိမိအသုံးချခွင့်ရရှိစေခဲ့ပါသည်။ အဆိုပါ ပြောင်းလဲတိုးတက်မှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ စီးဝင်ရေး၌ အတားအဆီးဖြစ်နေသည့် အဓိက အဟန့်အတားတစ်ရပ်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါသည်။

ပြည်သူလူထု၏နေ့စဉ်ဘဝ၌ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ပြည်သူတို့ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရသောညဉ့်စာရင်းတိုင်ကြားရခြင်းသည် ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးပိစေခဲ့သော အလွန်အကျွံလုံခြုံရေး ဦးစားပေးလုပ်ရပ်ဖြစ်ပါသည်။ လူထုအစိုးရသစ်က ညဉ့်စာရင်းတိုင်ကြားရသောစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးခဲ့ပါသည်။ တိုင်းပြည်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ နိုင်ငံရေးရာကိစ္စရပ်များကို ခွန်စိုက်အားစိုက်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ ဤလိုအပ်ချက်ဖြည့်ဆည်းရေး၌ အဟန့်အတားသဖွယ်ဖြစ်နေသော ပုဒ်မ ၅ (ည) ကို လူထုအစိုးရသစ်က ရုပ်သိမ်းခဲ့ခြင်းသည် တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်ခံ့ရေး၌ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်စေခဲ့ပါသည်။

(၂၁) ရာစု ပင်လုံညီလာခံမှသည် ပြည်တွင်းငြိမ်းချမ်းရေးကို အမိအရဆုပ်ကိုင်၍ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးသည် လူထုအစိုးရသစ်၏ အဓိကနိုင်ငံရေးရည်မှန်းချက်ဖြစ်သည်ဟု ပြည်သူလူထုနှင့်အတူ နိုင်ငံတကာက သုံးသပ်ကောက်ချက်ချထားသည်။ လူထုအစိုးရသစ်က နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအပေါ် ထားရှိသော မွန်မြတ်ကောင်းမွန်သည့် နိုင်ငံရေးသန္နိဋ္ဌာန်ကို ညွှန်ပြနေပါသည်။ အချိုးအကွေ့အတက်အဆင်းများသော ငြိမ်းချမ်းရေးခရီးလမ်းတို့၏ သဘောသဘာဝကြောင့် ပန်းတိုင်ကို ရုတ်တရက်မမြင်ရသေးသော်လည်း မလွဲမသွေရောက်ရှိမည်သာဖြစ်ပါသည်။

ပြည်သူလူထု၏ ပညာရေးနှင့် ကျန်းမာရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၏ ၁၃ ရာခိုင်နှုန်းအထိသုံးစွဲခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နှစ်ပေါင်းများစွာတောင့်တခဲ့သည့် မျှော်လင့်ချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းပင် ဖြစ်ပါသည်။ နှစ်ပေါင်း(၅၀)ကျော် အတိတ်သမိုင်းကို နောက်ခံပြု၍ လင်းလက်နေသော ဤအောင်မြင်မှုများသည် နိုင်ငံတော်၏ တောက်ပနေသော အနာဂတ်ကို ညွှန်ပြနေသည်ဟု လေးစားစွာ တင်ပြအပ်ပါသည်။ ။

## သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအားဆွေးနွေး

**နေပြည်တော် မေ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Jaroslav Dolecek အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံအကြား သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ စာရင်းလက်ခံရက် ထပ်မံတိုးမြှင့် သတ်မှတ်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပမည့် မြို့တော် ပြည်သူ့နီတိပြိုင်ပွဲကို မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ရေးဖြေနှင့် နှုတ်ဖြေပြိုင်ပွဲ၌ ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ဖြေဆိုသူအားလုံးကို အမှတ်တရလက်ဆောင်ပေးအပ်ရန် စီစဉ်ထားရှိရာ ဖြေဆိုသူများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာစေရေးရည်ရွယ်၍ ယခင်ကြေညာထားသော အမည်စာရင်း နောက်ဆုံးပေးပို့ရက် မတ် ၃၁ ရက်အစား မေ ၁၁ ရက်အထိ ထပ်မံ၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကျင်းပရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



စစ်ကိုင်းမြို့နယ် ကျောက်ပန်းကျေးရွာ၊ ဆည်လေးတောကျေးရွာနှင့် တောရွာလေးကျေးရွာတို့တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက မေ ၃ ရက်က ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၄၀၀၊ တစ်လီတာဆံ့ ခြောက်လုံးတစ်ကတ်ပါ ရေသန့်တွဲ ၂၀၊ သောက်သုံးရေ ဂါလန် ၃၀၀၀ တို့အား လှူဒါန်းခဲ့စဉ်

ကိုရဲ

## ပါဠိပထမပြန်စာမေးပွဲ နောက်ဆုံးနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး) နောက်ဆုံးနေ့ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၁၃၉၀၃ ပါးအနက် ၁၁၃၃၃ ပါးဖြေဆိုကြသဖြင့် ၈၁ ဒသမ ၅၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ နှစ်သစ်မင်္ဂလာ အခါတော်နေ့ကျင်းပမည်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကို ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက် (မေ ၁၇ ရက်နေ့ တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စေတီတော်ပရိဝုဏ်အာရုံခံတန်ဆောင်းအပေါ်ထပ်၌ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသူအသင်းသားများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

## ရန်ကုန်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မေ ၄**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၈ ရက်နံနက်ပိုင်းတွင် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၁၇) ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များ၊ ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ၊ ပြင်ပလူနာဌာန၊ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစု အသီးသီးတို့တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာနဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီး ရုံးဖုန်း-၅၅၆၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း- ၅၄၁၇၉၅ တို့သို့ မေ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ . ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ . ၉၃ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ . ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## မပြတ်သောသတိ၊ မလျှော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်

အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာ အားလုံးက ယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံး အသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သော သတိ၊ မလျှော့သော လုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ )

## အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာအရေးကြီး

ကျွန်မတို့ အခုတစ်နှစ်အတွင်းမှာဆိုရင် စိန်ခေါ်မှုအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အားလုံးကသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအရ ချွတ်ခြုံကျနေတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရတဲ့ အချိန်ကနေစပြီးတော့ အခုထိ အပြည့်အဝ ငြိမ်းချမ်းရေးဆိုတာ မရရှိခဲ့သေးပါဘူး။ ကျွန်မတို့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီဟာကတော့ ဒုတိယကိစ္စရပ်ကြီးပါပဲ။ ဒါပေမယ့် ကိစ္စရပ်တွေက တစ်ခုနဲ့ တစ်ခုဆိုတာဟာ ဆက်နွှယ်နေပါတယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အစိုးရ၏ပထမတစ်နှစ်တာဆောင်ရွက်ခဲ့မှုများ သတင်းစာရှင်းလင်းပွဲကျင်းပ

## သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများကဖြေကြား

**သတင်း - မင်းမင်းဇော်နှင့်အဖွဲ့**

**နေပြည်တော် မေ ၄**



နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ အစိုးရသက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အနေဖြင့် မဏ္ဍိုင်ကြီးများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ တစ်နှစ်တာဆောင်ရွက်ချက်များကို ရေးသားရိုက်ကူးပြီး မြန်မာ့ ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ဖော်ပြခဲ့မှုများ၊ တစ်နှစ်တာအတွင်း ဖော်ဆောင်နိုင်ခဲ့သည့် အပြောင်းအလဲများကို အများပြည်သူသိရှိအောင် တင်ပြခဲ့မှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ကျွန်တော်တို့ တင်ပြရုံဖြင့် မပြည့်စုံပါဘူး။ ကျွန်တော်တို့ကို မေးမြန်းချင်တာတွေရှိရင်လည်း ပြန်လည်ဖြေကြားပေးဖို့ လိုပါတယ်။ ထောက်ပြဖို့၊ ဝေဖန်တာတွေကို နားထောင်ဖို့လိုတဲ့အတွက် ဒီနေ့မှာ သတင်းမီဒီယာများနဲ့ တွေ့ဆုံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပြောဆိုခဲ့တဲ့အထဲမှာ အားနည်းချက်၊ ချို့ယွင်းချက်တွေရှိမယ်လို့ ထင်တာတွေ၊ လစ်လပ်ကျန်တယ်လို့ ထင်တာတွေကို ထောက်ပြမေးမြန်းနိုင်ပါတယ်။ အဲဒီအခါမှာ ပိုပြီး ပြည့်စုံမှုဖြစ်လာပါလိမ့်မယ်။

"ကျွန်တော်တို့အနေနဲ့ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြောင်းပြသတဲ့အနေနဲ့ တွေ့ဆုံပွဲများကို ကျင်းပရခြင်းဖြစ်ပါတယ်။ သတင်းမီဒီယာသမားများအား သတင်းရယူပိုင်ခွင့်တိုးတက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းလည်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ရေးဆွဲခဲ့ပါကြောင်း၊ ယင်းစီမံကိန်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းစဉ်၊ မူဝါဒနှင့် ရည်မှန်းချက်များတွင် ဆောင်ရွက်နိုင်ရေးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဝက်ဘ်ဆိုက်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အသီးသီး၏ အမှုခေါ်စာရင်းများ၊ ရာဇဝတ်အမှုခေါ် စာရင်းများ၊ တရားမအမှုခေါ်စာရင်းများနှင့် စာချွန်လွှာအမှုခေါ်စာရင်းများကို ဖော်ပြပေးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဖော်ပြပေးနိုင်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် ဘယ်အမှုကို ဘယ်နေ့မှာ တရားစီရင်မည်၊ ဘယ်အမှုကို ဘယ်နေ့မှာ ကြားနာမည်ဆိုသည်ကို ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ အမှုများ ဘယ်နေ့တွင် အမိန့်ချမှတ်မည်ကို ဖော်ပြပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ ဖေ့စ်ဘုတ်စာမျက်နှာမှ တရားရုံးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အသီးသီးတွင်လည်း ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖွင့်လှစ်၍ တရားရုံးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ပြည်သူများတရားရုံးဆိုင်ရာ အသိပညာများ တိုးပွားစေရေးအတွက် လက်ကမ်းစာစောင်လေးမျိုးရှိပါကြောင်း၊ ယင်းတို့မှာ ရာဇဝတ်ကြောင်းဆိုင်ရာ သိကောင်းစရာ၊ တရားမကြောင်းဆိုင်ရာ သိကောင်းစရာ၊ စာချွန်တော်အကြောင်း သိကောင်းစရာနှင့် သင့်အတွက် တရားရုံးဆိုသည့် လက်ကမ်းစာစောင်များကို တရားရုံးအသီးသီးမှတစ်ဆင့် ဖြန့်ဝေပေးခဲ့ပါကြောင်း၊ လက်ရှိလည်း ဖြန့်ဝေပေးလျက် ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာပေးစာယူကောင်တာ၊ အမှုလက်ခံကောင်တာ၊ စုံစမ်းရေးကောင်တာ၊ ဘီလစ်ကောင်တာနှင့် ရှေ့နေရှေ့ရပ်ကောင်တာတို့ကို တစ်စုတစ်စည်းတည်းထားရှိခဲ့ပါကြောင်း၊ တရားရုံးကိုလာရောက်သူများ တစ်နေရာတည်းတွင် စုစုစည်းစည်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်းတည်ဆောက်သည့် တရားရုံးများကို စုံစမ်းရေးကောင်တာ၊ အမှုလက်ခံကောင်တာ၊ သက်သေနားနေခန်းများ၊ ရှေ့နေရှေ့ရပ်နားနေခန်းများ၊ ဥပဒေအရာရှိ နားနေခန်းများနှင့် သတင်းမီဒီယာခန်းများ ဖွဲ့စည်းတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် တရားသူကြီးကျင့်ဝတ်ထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်က တရားစီရင်ရေးဆိုင်ရာ အမှုသွား အမှုလာ စီမံခန့်ခွဲမှုအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တရားရုံးများရှိအမှုများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရန် အမှုသွား အမှုလာ စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှေ့ပြေးတရားရုံးများသတ်မှတ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ လှိုင်သာယာမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးနှင့် ဘားအံမြို့နယ်တရားရုံးတို့ကို ၂၀၁၅ ခုနှစ်တွင် ရှေ့ပြေးတရားရုံးများအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အမှုသွား အမှုလာ စီမံခန့်ခွဲမှု မစတင်မီ တရားရုံးအသုံးပြုသူများ စစ်တမ်းကို ကောက်ယူပါကြောင်း၊ တရားရုံးအကဲဖြတ်လေ့လာခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပိတ်သိမ်းပြီးအမှုများကို အမျိုးအစားခွဲခြား၍ စစ်တမ်းကောက်ယူပါကြောင်း။

အဆိုပါစစ်တမ်းများကောက်ယူပြီး ရှေ့ပြေးတရားရုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တရားသူကြီးများနှင့်

စာမျက်နှာ ၅ သို့

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော်  မေ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs.Luan Thuy Duong အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံခြားဘာသာစကားနှင့် စစ်ဘက်ဆိုင်ရာ သင်တန်းသားများစေလွှတ်ရေး၊ ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာနိုင်ငံ၏ စတုတ္ထအော်ပရေတာအဖြစ် Mytel GSM Network လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာများဖလှယ်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs.Luan Thuy Duong တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



# မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လက်မှတ်ရေးထိုး

**နေပြည်တော်  မေ ၄**




အရည်အသွေးကောင်းမွန်သော မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပြည်တွင်း ပြည်ပပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ တောင်သူများ ကိုယ်ပိုင် မျိုးထားပြီး ရောင်းဝယ်ဖောက်ကားနေသည့်စနစ်နှင့် အရည်အသွေးပြည့်မီသော မျိုးသန့်များကို စီးပွားဖြစ်ရောင်းဝယ်ဖောက်ကားခြင်းစနစ်များ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့သုံးစွဲခြင်း၏ အကျိုးကျေးဇူးကို တောင်သူများ အပြည့်အဝရရှိခံစားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ဟိုတယ်ဇုန်ရှိPark Royal Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လက်မှတ်ရေးထိုးခြင်းနှင့် မျိုးစေ့ကဏ္ဍ လမ်းပြမြေပုံအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းနောက် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Wouter Jurgen နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ယခုဆောင်ရွက်မည့် စီမံကိန်းသည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဒေသရေမြေနှင့်ကိုက်ညီ၍ အရည်အသွေးကောင်းမျိုးစေ့များ ရရှိအသုံးပြုနိုင်စေရန်နှင့် စိုက်ပျိုးထုတ်လုပ် တိုးတက်မှု ရေရှည်တည်တံ့စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနခွဲများတွင် ဆောင်ရွက်မည်ဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မျိုးစေ့ထုတ် တောင်သူအစုအဖွဲ့များ၏ မျိုးစေ့ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ပို့ရောင်းချခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာသင်တန်းများ ပို့ချပေးခြင်းအပါအဝင် ဒေသအလိုက်မျိုးစေ့ထုတ်လုပ်ငန်းများအဖြစ် တောင်သူ လယ်သမားများအား ကွင်းပြပွဲများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ဆိုင်ရာ စည်းမျဉ်းထုတ်ပြန်

**နေပြည်တော်  မေ ၄**

မြန်မာနိုင်ငံတွင် ပြည်သူများ ချေးငွေရယူနိုင်မှု အခွင့်အလမ်းပိုမိုရရှိစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်တွင်ပါရှိသည့် ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်စနစ် ပိုမိုအားကောင်းအောင်ဆောင်ရွက်ရာတွင် အိမ်တွင်းလက်မှုလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးနိုင်ရန်အတွက် လိုအပ်သည့်အရင်းအနှီးများ ဘဏ်လုပ်ငန်းကဏ္ဍမှရရှိစေရေး အထောက်အကူပြုမည့် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ဆိုင်ရာ စည်းမျဉ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မတ် ၃၁ ရက်တွင် ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm) တွင် ဖတ်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးဆွေးနွေး

**နေပြည်တော်  မေ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းသည် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာစကော့အလန်မာစီရယ်လ်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆိုင်ရာကိစ္စရပ်များ၊ ကြိုတင်သတိပေးမှုစနစ်များ၊ သတင်းအပြန်အလှန် ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒစ်ဂျစ်တယ်အွန်လိုင်းသတင်းစာထုတ်ဝေနိုင်ရေး မြို့နယ်သတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေး

**တောင်ငူ  မေ ၄**



မြန်မာနိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းကိုင်ဆောင်သုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နယ်ပယ်ကဏ္ဍအသီးသီးတွင် နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော သတင်းများအား ပုံနှိပ်မီဒီယာသတင်းစာများအပြင် အွန်လိုင်းမှတစ်ဆင့် သတင်းများအား မှန်မှန်ကန်ကန်နှင့် အမြန်ဆုံးပြည်သူတို့ သိရှိနိုင်ရန် ဒစ်ဂျစ်တယ် သတင်းစာအဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် မြန်မာ့အလင်း သတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးသည် တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ နယ်သတင်းထောက်များ တွေ့ဆုံပွဲကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဒစ်ဂျစ်တယ် သတင်းစာထုတ်ဝေရာတွင် သတင်းများကို လှုပ်ရှားမှု အရုပ်၊ အသံများဖြင့်ပါ အသွင်အပြင် ပြောင်းလဲတင်ဆက်သွားနိုင်မည်ဖြစ်ရာ သတင်းထောက်များအနေဖြင့် အကြံပြုချက်များ ပေးစေလိုကြောင်း စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။ “ပုံနှိပ်သတင်းစာက တစ်နေ့ တစ်စောင် ထုတ်နိုင်တယ်၊ အခု ဒစ်ဂျစ်တယ်သတင်းစာကတော့ အချိန်နဲ့တစ်ပြေးညီ တင်ပြနိုင်မှာဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ သတင်းဦး သတင်းထူးတွေကို အမြန်ဆုံး သိရှိခွင့်ရရှိနိုင်မှာ ဖြစ်ပါတယ်” ဟု စာတည်းမှူးချုပ်က ဆက်လက်ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော သတင်းထောက်များ၏ သိရှိလိုသည်များအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အမြန်ချောပို့လုပ်ငန်းများကို သင်္ကြန်ကာလ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော မေ ၁၅ ရက် (စနေနေ့)တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ် လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၄** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)



# ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ် လက်ရှိတည်ငြိမ်အေးချမ်းမှု၊ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရ၊ အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးနေမှု အခြေအနေများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ဒေသရှိ IDPs များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးနေမှုနှင့် နှစ်နိုင်ငံပိုမို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

တရားရုံးဝန်ထမ်းများကို သင်တန်းများ ဖွင့်လှစ်ပေးအပ်ပါကြောင်း၊ ထို့နောက် အမှုသွားအမှုလာစီမံခန့်ခွဲမှု မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ ပုသိမ်မြို့နယ် တရားရုံး၊ ချမ်းအေးသာစံမြို့နယ် တရားရုံးနှင့် မကွေးမြို့နယ်တရားရုံးတို့ကို တိုးချဲ့ရှေ့ပြေးရုံးများအဖြစ် သတ်မှတ်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

အစိုးရသစ်သက်တမ်းတစ်နှစ်တာကာလအတွင်း အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ တရားသူကြီးများနှင့် ဝန်ထမ်းများကို အရေးယူခဲ့ရခြင်း ရှိ၊ မရှိ သိလိုကြောင်း၊ အရေးယူခဲ့ခြင်းများရှိပါက မည်သို့ အရေးယူဆောင်ရွက်သည်ကို သိလိုကြောင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ တိုင်ကြား၍ အရေးယူခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့တိုင်ကြား၍ အရေးယူခြင်းဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုင်ကြားပါက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ပြီး ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့သောတိုင်စာများကို အဆိုပါကော်မရှင်က သီးခြားဆောင်ရွက်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက် တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ဆောင်ရွက်ချက်များကို ဖော်ပြသည့် အစီအစဉ်တွင် အရေးယူဆောင်ရွက်ခဲ့သည့် ကိန်းဂဏန်းများကို တင်ပြထားပါကြောင်း ဖြေကြားသည်။

မဟာဗျူဟာစီမံကိန်းအရအကဲဖြတ်သည့်အထဲမှ အမှုရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ သေချာအောင်လုပ်သည် ဆိုသည့် ညွှန်းကိန်းနှင့်ပတ်သက်သည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး က ၂၀၁၅-၂၀၁၇ ခုနှစ် မဟာဗျူဟာသုံးနှစ်စီမံကိန်းကို ရေးဆွဲချမှတ်ထားပါကြောင်း၊ အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အမှုရွှေ့ဆိုင်းတာကို သေချာအောင် လက်ရှိတွင် ရှေ့ပြေးတရားရုံးများ၌ ပထမဦးစွာ ရွှေ့ပြောင်းကြပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင်အခြေခံမျဉ်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွက် စာရင်းဇယားများ ကောက်ယူလျက်ရှိပါကြောင်း၊ ထိုသို့ကောက်ယူခဲ့သည့်စာရင်းနှင့် အစီရင်ခံစာများကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သွားရန်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ဆောင်ရွက်မှုများကို ၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်း ပထမနှစ် အကောင်အထည်ဖော်မှုအစီရင်ခံစာတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း



ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်

ဖြေကြားသည်။

တစ်နှစ်တာအတွင်းထင်ရှားသည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်သည့်မေးခွန်းကို ဒေါ်တင်နွယ်စိုးက ဖြေကြားရာတွင် တစ်နှစ်တာကာလတွင် ပြောင်းလဲဆောင်ရွက်ခဲ့မှုများအနေဖြင့် စံချိန်စံညွှန်းနှင့်ညီသည့် တရားရုံးများကို ဆောက်လုပ်ခဲ့ပါကြောင်း၊ တရားရုံးနှင့် သက်ဆိုင်သည့် သတင်းအချက်များရယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရားရုံးများတွင် သတင်းမီဒီယာများ သတင်းရယူနိုင်ရန် နေရာများသတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ တရားရေးဆိုင်ရာ အချက်အလက်များကို ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်တို့တွင် တင်ထားသဖြင့် မိုဘိုင်းဖုန်းများနှင့် အလွယ်တကူရယူ ကြည့်ရှုနိုင်ခြင်း၊ အမှုလက်ကျန်များကျဆင်းခြင်းနှင့် ရုံးချိန်းအရေအတွက် လျှော့ချနိုင်ခြင်းတို့သည် ထင်ရှားသည့်ပြောင်းလဲမှု တစ်ရပ်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တရားစီရင်ရေးကဏ္ဍတွင် တရားရုံးများ၌ လာဘ်ပေးလာဘ်ယူမှုများရှိနေသည်ကို ကြားသိခြင်းများ ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာ၌ လက်ရှိတွင် တိုင်ကြားစာများရှိနေပါကြောင်း၊ သမ္မတရုံး၊ နိုင်ငံတော်၏အတိုင်ပင်ခံရုံးနှင့် လွှတ်တော်ရေးရာကော်မတီများမှတစ်ဆင့် ပေးပို့သည့်တိုင်ကြားစာများ ရှိပါကြောင်း၊ အဆိုပါတိုင်ကြားစာများကို ကနဦးစစ်ဆေးပါကြောင်း၊ ထို့နောက် တရားရုံးသို့ အမှန်တကယ်တိုင်ကြားသည့် တိုင်ကြားစာများကို စုံစမ်းစစ်ဆေးပါကြောင်း၊ အယူခံခွင့်ဆက်လက်ဆောင်ရွက်ရမည့်အမှုကိစ္စများဆိုပါက အရေးယူ၍မရပါ



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး

ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများနှင့် ပတ်သက်သည့် တိုင်ကြားမှုများရှိပါက သိလျှင်ဖြစ်စေ၊ သတင်းကျော်ဇောလျှင်ဖြစ်စေ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး ပေါ်ပေါက်လာသည့် အတိုင်း စီမံခန့်ခွဲမှုအပိုင်းမှ ဆက်လက်ဆောင်ရွက်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားသူကြီးများလိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ကြေညာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က တရားရုံးကိစ္စရပ်များသည် နှစ်ဖက်ပြိုင်ဆိုင်သည့်ကိစ္စရပ်များဖြစ်၍ တိုင်ကြားခြင်းများရှိပါကြောင်း၊ တိုင်စာများကိုဖျောက်ဖျက်၍ မရပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အရေးယူသည့်စာရင်းများတွင် တရားသူကြီးများပါဝင်ပါကြောင်း ဖြေကြားသည်။

တရားရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲမှုတွင် အားနည်းနေသည်ဟူသည့် ပြောဆိုဝေဖန်ချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဌာန၏ မူလပင်ကိုသဘောသဘာဝအရ တိုင်ကြားစာများပြားခြင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

တရားစီရင်ရေးဆိုင်ရာများအပေါ် ဝေဖန်မှုများရှိနေခြင်းနှင့် စပ်လျဉ်း၍ ဝေဖန်ရာတွင် တစ်ဦးနှင့်တစ်ဦး အမြင်မတူနိုင်ပါကြောင်း၊ သုံးသပ်ရာတွင်လည်း မတူနိုင်ပါကြောင်း၊ ပွင့်လင်း



ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်

မြင်သာသည့်ခေတ်ကာလတွင် ဝေဖန်မှုများနှင့်ပတ်သက်၍ လွတ်လပ်စွာ ဝေဖန်သုံးသပ်နိုင်ပါကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဖြေကြားသည်။

တရားသူကြီးများ လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်သည့် အရေးယူမှုများတွင် အမြင့်ဆုံးပြစ်ဒဏ်ပေးနိုင်မည့် အတိုင်းအတာကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့တိုင်ကြား၍ အရေးယူမှုများရှိပါကြောင်း၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုအရ အရေးယူသည်လည်းရှိပါကြောင်း၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုအရ အရေးယူရာတွင် ထုတ်ပယ်၍သာရပါကြောင်း၊ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်စေလိုပါက သက်ဆိုင်ရာတရားရုံးများတွင် အမှုဖွင့်လှစ်၍ ရပါကြောင်း ဖြေကြားသည်။

*✱ ကျောဖုံးမှ*

အတွေ့အကြုံပိုင်းအားနည်းပြီး နိုင်သင့်တဲ့ပွဲတွေ မနိုင်ခဲ့ပါဘူး။ ပြီးတော့ တိုက်စစ်ပိုင်းအခက်အခဲရှိတာကြောင့် ရသင့်တဲ့ဂိုးတွေ မရခဲ့ပါဘူး။ ခြေစွမ်းနဲ့ ကြိုးစားအားထုတ်မှုကို ကျေနပ်ပေမယ့် ဂိုးတွေမရခဲ့လို့ ပထမအကျော့မှာ နိုင်ပွဲမရခဲ့တာပါ။ အခုပွဲကတော့ အသင်းရဲ့ဂုဏ်သိက္ခာအတွက်ရော နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်အတွက်ပါ အနိုင်ကစားသွားမှာပါ။ ကျွန်တော်တို့က တစ်ဦးချင်းထက် အသင်းလိုက်ပုံစံနဲ့ပဲ ကစားသွားတာပါ”ဟု ပြောကြားခဲ့သည်။

အန်ကောအသင်းနည်းပြချုပ် မက်ဂျီလန်က “မကွေးအသင်းကို ပထမအကျော့မှာအနိုင်ရခဲ့လို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ဆက်ရှိခဲ့တာပါ။ ဒါကြောင့် အခုပွဲမှာလည်း အနိုင်ရဖို့ကြိုးစားသွားမှာပါ။ မကွေးအသင်းဟာ အသင်းကောင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမားတွေက သူတို့ရဲ့အဓိကကစားသမားတွေပါ။ အဝေးကွင်းဖြစ်ပေမယ့် အမှတ်ရအောင် ကစားသွားမှာပါ။ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိသလောက် ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

ယခုပွဲသည် မကွေးအသင်းအတွက် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲလည်းဖြစ်သည်။ ယင်းအုပ်စုတွင် ပထမအကျော့အပြီး၌ ဂျိုဟိုးဒါရူးလ် (မလေးရှား)က ခုနစ်မှတ်၊ ဂလိုဘယ်(ဖိလစ်ပိုင်)က ခြောက်မှတ်၊ အန်ကော (ကမ္ဘောဒီးယား)က သုံးမှတ်၊ မကွေး(မြန်မာ)က တစ်မှတ်ရရှိထားသည်။ ပထမအကျော့တွေ့ဆုံစဉ်က မကွေးအသင်းသည်အဝေးကွင်း၌ အန်ကောအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

*❀ ကျောဖုံးမှ*

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းက အဆိုပါအခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းကို ၁၉၉၅ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းဝင်ပေါင်း ၃၀၀ ကျော်ရှိကြောင်း၊ နှစ်စဉ် ပလတ်စတစ်ကုန်ကြမ်း တန်ချိန် ငါးသိန်းတင်သွင်းလျက်ရှိကြောင်း၊ လူသုံးကုန်ပလတ်စတစ်၊ စက်မှုလုပ်ငန်းသုံးပလတ်စတစ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ ပလတ်စတစ်ထုတ်ကုန်များ စတင်တင်ပို့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။
**(မိုး/ဇလ)**

*❒ ကျောဖုံးမှ*

၁၅-၂၅ မှတ်၊ ၁၈-၂၅ မှတ်၊ ၁၇-၂၅ မှတ်ဖြင့် သုံးပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို ဒုတိယအဆင့်အုပ်စုတွင်တွေ့ဆုံစဉ်က ရှုံးနိမ့်ခဲ့ပြီး ယခုပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အဆင့် ၅ နေရာလုပွဲအဖြစ် တရုတ် (တိုင်ပေ) နှင့် ထိုင်း၊ အဆင့် ၇ နေရာလုပွဲအဖြစ် မြန်မာနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် ပထမအဆင့်အုပ်စုတွင် သြစတြေးလျအသင်းနှင့် တွေ့ဆုံစဉ်က သုံးပွဲပြတ်ဖြင့် အနိုင်ရရှိထားသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဂျပန်အသင်းက တရုတ်အသင်းကို ၂၅-၁၆ မှတ်၊ ၂၉-၂၇ မှတ်၊ ၂၅-၂၂ မှတ်ဖြင့် အနိုင်ရခဲ့ပြီး တောင်ကိုရီးယားနှင့် အီရန်အသင်းတို့ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး တောင်ကိုရီးယားအသင်းမှာ ရှေ့ပွဲငယ်နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့သော်လည်း ပွဲငယ်နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သောကြောင့် ပွဲငယ်ငါးပွဲအထိ ကစားခဲ့ရသည်။ တောင်ကိုရီးယားအသင်းသည် ၂၅-၁၉ မှတ်၊ ၂၅-၂၂ မှတ်၊ ၂၃-၂၅ မှတ်၊ ၁၆-၂၅ မှတ်၊ ၁၅-၉ မှတ် သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၅ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် အဆင့် ၇ နေရာလုပွဲအဖြစ် မြန်မာနှင့် သြစတြေးလျ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆင့် ၅ နေရာလုပွဲအဖြစ် တရုတ် (တိုင်ပေ) နှင့် ထိုင်း၊ ညနေ ၃ နာရီတွင် တတိယ နေရာလုပွဲအဖြစ် တရုတ်နှင့် အီရန်၊ ညနေ ၅ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ထိန်းသိမ်းဖွယ်ရာ မြန်မာကဗျာ

မောင်စိမ်းနောင်(လယ်ဝေး)

**မြန်မာကဗျာဟု ဆိုလိုက်သည်နှင့် မြန်မာကဗျာဖွဲ့ထုံးနည်းစနစ်များနှင့်အညီ ရေးဖွဲ့ထားသော ကဗျာများကို ရည်ညွှန်းကြောင်း အထူးတင်ပြရန်လိုမည်မထင်ပါ။ သို့သော်လည်း ယနေ့ကာလတွင် ဂန္ထဝင်ကဗျာဟုလည်း အချို့က ခေါ်ဝေါ်ကြသည်။ ခေါ်ဆိုမည်ဆိုက ခေါ်ဆိုနိုင်ပါသည်။ မြန်မာကဗျာသည် မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့စံများဖြင့် စနစ်ကျသောရေးဖွဲ့နည်းများဖြင့် ရေးဖွဲ့ခဲ့ကြပြီး ထိုရေးဖွဲ့နည်းများသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့်အလျောက် ဂန္ထဝင်အဖြစ်တည်ရှိခဲ့ပေပြီ။ သို့ဖြစ်၍ ဂန္ထဝင်မြန်မာကဗျာ၊ ဂန္ထဝင်ကဗျာ မည်သို့ပင်သုံးနှုန်းစေကာမူ လက်ခံနိုင်ပါသည်။ ငြင်းပယ်ရန်မရှိပါ။**

မြန်မာကဗျာသည် မြန်မာတို့ကြားတွင် ရှင်သန်နေဆဲ၊ လှုပ်ရှားသက်ဝင်နေဆဲဖြစ်သည်ကို မြင်နေသိနေရသော်လည်း အားရလောက်သော အခြေအနေတွင်မရှိဟု ဆိုချင်လှသည်။ အကြောင်းမှာ ယနေ့စာပေဖြစ်ထွန်းမှုတွင် မြန်မာကဗျာများထက် မြန်မာကဗျာမဟုတ်သော ကဗျာများဘက်ကို ခြေဦးလှည့်နေသောကြောင့်ပင်။ သို့ရာတွင် ဖေ့စ်ဘုတ်လူမှုကွန်ရက်အသုံးပြုမှု တိုးတက်ကျယ်ပြန့်လာချိန်တွင် မြန်မာကဗျာ လေ့လာရေးဖွဲ့ကြသူများ၊ ထင်ပေါ်ကျော်ကြားခဲ့သော ကဗျာစာဆိုကြီးများ၏ ကဗျာများကို လိုက်လံရှာဖွေစုဆောင်းဖတ်ရှုသူများ၊ မြန်မာကဗျာကိုသာ တစိုက်မတ်မတ်ရေးလာခဲ့သူ ကဗျာစာဆိုများ အဆိုပါလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဆုံစည်းမိကြလေသည်။ ဤတွင် မြန်မာကဗျာ ပြန်လည်နိုးထလာသည်ဟု ဆိုချင်ပါသည်။

မြန်မာကဗျာသည် မြန်မာတို့၏ပုံရိပ်ဖြစ်သည်။ မြန်မာတို့၏ အမျိုးသားလက္ခဏာကိုလည်း ဆောင်နေသည်။ စည်းစနစ်ကြီးသည်ဟု ဆိုကြသော်ငြား ကဗျာအမျိုးအစားအလိုက် ရေးဖွဲ့နည်းစနစ်တကျရှိသည်ကိုမူ ဂုဏ်ယူရမည်ဖြစ်ပေသည်။ ပေါ်ထွန်းခဲ့သည်မှာလည်း နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်ရာ မြန်မာအမျိုးသားထုတစ်ရပ်လုံးအတွက် အထူးဂုဏ်ယူထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေ၊ သမိုင်းအမွေပင် ဖြစ်လေသည်။

ယနေ့ခေတ်လူငယ်အချို့က မြန်မာကဗျာများသည် အဓိပ္ပာယ်နားလည်ရန်ခက်သည်ဟု ဆိုကြသည်။ သူတို့ ကျောင်းသားကျောင်းသူဘဝက မြန်မာကဗျာများကိုသင်ခဲ့ရပြီး အဓိပ္ပာယ်ဖွင့်ဆိုမှု သီးခြားပြုခဲ့ရသဖြင့် ထိုသို့ဆိုကြဟန်တူပါသည်။ အခြားအကြောင်းမှာလည်း သင်ခဲ့ရသော ကဗျာများတွင် ရှေးရေးမြန်မာကဗျာများလည်းပါဝင်ရာ ပါဠိစကားများ၊ ပါဠိသက်စကားလုံးများ၊ ပေါရာဏ စကားလုံးများ ကြွယ်ကြွယ်ဝဝ ပါဝင်နေသည့် အလျောက် နားလည်ရန်ခက်သည်ဟု ဆိုကြခြင်းဖြစ်ပေလိမ့်မည်။ သို့သော် ထိုခေတ်ထိုအခါကမူ ထိုကဗျာများကို နားလည်ရန်ခက်သည်ဟု ဆိုကြလိမ့်မည်မထင်ပေ။ ခေတ်နှင့် အံဝင်သောကဗျာ၊ ခေတ်ပေါ်ကဗျာ ဖြစ်ခဲ့ပေလိမ့်မည်။

မြန်မာကဗျာသည် ပုဂံခေတ်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပြီး အင်းဝခေတ်တွင် ဖွံ့ဖြိုးမှုအားအကောင်းဆုံးဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို စုံအောင်ပေါ်ထွက်ခဲ့ပေသည်။ ရဟန်းစာဆိုများတွင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ကျည်းကန်ရှင်ကြီး(ကြည့်ကန်ရှင်ကြီး)၊ မန်လည်ဆရာတော်၊ ကန်တော်မင်းကျောင်းဆရာတော်၊ ဆားတုံဆရာတော်၊ လယ်တီဆရာတော်၊ လူပုဂ္ဂိုလ်စာဆိုများတွင်လည်း နန်းတွင်း မိဖုရား၊ နန်းတွင်းမိညို၊ မင်းကြီးကတော်ခင်ဆုံ၊ နန်းမတော် မမြလေး၊ လှိုင်ထိပ်ခေါင်တင် စသည့်အမျိုးသမီးစာဆိုများ၊ လက်ဝဲသုန္ဒရ၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ နတ်သျှင်နောင်၊ နဝဒေးကြီး၊ မြဝတီမင်းကြီး ဦးစ၊ စလေ ဦးပုညစသည့် စစ်သည်၊ မင်းမှုထမ်း စာဆိုများ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဦးကြော့၊ ဦးကြင်ဥ၊ ရကန်ဦးတိုး၊ ရကန်ဖျက်ဦးလန်း စသည့်သာမန် လူပုဂ္ဂိုလ်များဖြင့် မြန်မာကဗျာပန်းဥယျာဉ်ကြီး အတော်ပင်ဝေဆာမြိုင်ဆိုင်ခဲ့သည်ကို တွေ့နိုင်ပေသည်။

အနှီစာဆိုတော်၊ စာဆိုကျော်များ ရေးဖွဲ့ခဲ့သော ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ သံပေါက်၊ ချော်း၊ တျာချင်း၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သဖြန်စသည့် ကဗျာပန်းတို့မှာလည်း အမျိုးအမည် များပြားသလောက် အကြောင်းအရာ အခါကာလအလိုက် အပြိုင်းအရိုင်း ဖူးပွင့်ဝေဆာခဲ့ပေသည်။ ဆိုရပါလျှင် ထိုခေတ်ထိုအခါက မြန်မာကဗျာသည် ယနေ့ခေတ်ယနေ့အခါထက် ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ အမှန်ဖြစ်သည်။ လက်ဝဲသုန္ဒရ၊ နတ်သျှင်နောင်နှင့် နဝဒေးကြီးတို့၏ ထင်ရှားကျော်ကြားသော စစ်ချီရတု၊ ဘုရားတိုင်ရတု၊ ကျေးစေရတုများ ရှိခဲ့သကဲ့သို့ပင် ရှင်မဟာ သီလဝံသ၏ ပါရမီတော်ခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မ သာရကိုးခန်းပျို့၊ သံဝရပျို့၊ ဂမ္ဘီသာရပျို့တို့ ထင်ရှားခဲ့လေသည်။ ရှင်မဟာရဋ္ဌသာရ တစ်ပါးတည်းပင်လျှင် ပျို့၊ လင်္ကာ၊ မော်ကွန်း၊ ရတုစုံလင်အောင်စပ်ဆိုတော်မူခဲ့လေသည်။ ရတု တစ်ခုတည်း၌ပင် မုတ္တာရွဲ့သီ၊ တောင့်တဲ့တွန့်၊ ပဒုမာကြာ၊ ပုလဲတစ်တန့် သန္တာတစ်တန့် စသည်ဖြင့် အမျိုးစုံအောင်ရေးဖွဲ့ခဲ့ရာ နှောင်းလူတို့ ယနေ့တိုင်လေ့လာ၍ မကုန်နိုင်အောင် ရှိတော့သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တေးထပ်ကဗျာများ ခေတ်ကောင်းခဲ့ပြီး ကိုလိုနီခေတ်လယ်လောက်တွင်မူ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများ ပြောစမှတ်တွင် လောက်အောင်ပင် ကောင်းမွန်ထင်ရှားခဲ့သည်။

သို့ရာတွင် ဆိုခဲ့သကဲ့သို့ ထိုခေတ်ထိုအခါက အကြိုက်များသည့် ပါဠိစကား၊ ပါဠိသက်စကားများ၊ ပေါရာဏ စကားများကို တွင်တွင်ကျယ်ကျယ်သုံးခဲ့သည့် ထိုခေတ်ကဗျာများသည် ယနေ့ခေတ်တွင် သီးခြားအဓိပ္ပာယ်ပြန်ဆို နေရသကဲ့သို့ ရှိလာသည်ကတစ်ကြောင်း၊ ထိုခေတ်ကဗျာများသည် ကျေးလက်နှင့် ပြည်သူကို ကိုယ်စားပြုမှုနည်းသည်က တစ်ကြောင်း တို့ကြောင့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့က ခေတ်လူငယ်များ နားလည်လွယ်မည့် ခေတ်စကားများ သုံးကာရေးဖွဲ့ကြသည့် ခေတ်စမ်းကဗျာလမ်းကို ဖောက်ခဲ့ကြတော့သည်။ ထိုခေတ်စမ်းကဗျာသည် မြန်မာကဗျာ စပ်ထုံးစပ်နည်း နိယမများအတိုင်းသာ ရေးဖွဲ့သည့် ခေတ်စကား၊ ခေတ်စာနှင့် လိုက်လျောညီထွေဖြစ်သည့် မြန်မာကဗျာ များသာဖြစ်လေသည်။ ထိုကဗျာများဖြင့် မျိုးချစ်စိတ်ဓာတ်များ၊ လွတ်လပ်ရေး တိုက်ပွဲဝင်စိတ်များ၊ ကိုလိုနီကိုတွန်းလှန်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာအောင် နှိုးဆွပေးခဲ့ပြီးပေပြီ။ ထိုကဗျာများကို ယနေ့ပြန်လည်ဖတ်ရှုပါကလည်း ထိုခေတ်ထိုကာလများကို ထင်ဟပ်စေခဲ့သည်ကို တွေ့နိုင်ပေသည်။ ဆိုလိုသည်မှာ ပုံစံဟောင်းကြီးမှ ထွက်လာသော်လည်း “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်” ဆိုသည့်အတိုင်း စနစ်မူကိုမဖျက်ဘဲ စကားလုံးအသုံးအနှုန်းနှင့် ဟန်ကိုသာ ပြောင်းလိုက်ခြင်းဖြစ်သည်ကို တင်ပြလိုရင်းဖြစ်ပြီး ကဗျာဟူသည်ခေတ်နှင့် စနစ်ကိုလည်းထင်ဟပ်ရမည်ဆိုသော သဘောမှသွေဖည်ခြင်းမရှိကြောင်းလည်း တစ်ဆက်တည်း တင်ပြလို၍ ဖြစ်ပါသည်။

> **မြန်မာကဗျာဖွဲ့နည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာသိရှိမှုဖြင့် ကဗျာကောင်းများ ထွက်ပေါ်မလာနိုင်ပါ။ ရေးဖွဲ့လိုသော အကြောင်းအရာ ပေါ်မူတည်၍ လိုက်ဖက်သောကဗျာဖွဲ့နည်းရွေးချယ်တတ်ရန် လိုသကဲ့သို့ လှပသောစကားလုံးများ၊ တက်သံ-သက်သံ၊ ဂရု-လဟု စသည်တို့လည်း သင့်တင့်မျှတအောင်၊ လိုက်ဖက်လျော်ညီအောင် ရွေးချယ်ရေးဖွဲ့နိုင်ရန်လည်း လိုပေသေးသည်။**

အချို့က မြန်မာကဗျာတွင် မလိုအပ်ဘဲ တင်စားမှု၊ ခိုင်းနှိုင်းမှု၊ ဖွဲ့နွဲ့မှု၊ ချဲ့ထွင်မှုတွေ လုပ်နေသည်ဟု ဆိုသည်ကို ကြားဖူး၊ ဖတ်ဖူးပါသည်။ ယဉ်ကျေးမှုအဆင့်မြင့်သောနိုင်ငံတိုင်းတွင် ကဗျာဟူသည် သူ့ဟန်နှင့်သူ ရှိကြသည်။ ထိုထိုသောကဗျာများသည် ရိုးရိုးနှုတ်ပြော စာရေးစကားပြေများ မဟုတ်ကြ။ အသံ၊ ဟန်၊ ကာရန်၊ အတက်အကျ၊ အပြင်းအပျော့၊ အဖော့အဖိ စသည်ဖြင့် အသံမှာရော၊ စကားလုံးများမှာပါ ဖွဲ့နွဲ့မှု၊ တင်စားမှု၊ ခိုင်းနှိုင်းမှု၊ ချဲ့ထွင်မှုများ ရှိနေသည်။ ထိုသို့ အဆင်တန်ဆာ၊ အလင်္ကာများပါဝင်မှသာ ကဗျာဟူ၍ ဖြစ်လာသကဲ့သို့ ကဗျာဟုလည်း လက်ခံခဲ့ကြလေသည်။ ကဗျာ၏ပင်ရင်းမူလမှ လင်္ကာနှင့် သီချင်းဟူ၍ ဖြာထွက်လေသည်။ လင်္ကာသည် အလင်္ကာမှ ဆင်းသက်လာပြီး အလင်္ကာ-သည် တန်ဆာဆင်ခြင်းဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ တန်ဆာဆင်ရာတွင်လည်း အတ္ထာလင်္ကာရအနက်ဖြင့် တန်ဆာဆင်ခြင်းနှင့် သဒ္ဒါလင်္ကာရအသံဖြင့် တန်ဆာဆင်ခြင်းတို့ ရှိရမည်ဖြစ်သည်။

ကဗျာသည် ရေးဖွဲ့သူအတွက် အနုပညာတစ်ရပ်ဖြစ်သကဲ့သို့ ဖတ်ရှုသူ၊ ခံစားသူ၊ နားဆင်သူအဖို့လည်း ရသကိုရယူလို၍ ဖတ်ရှု၊ ခံစား၊ နားဆင်ခြင်းဖြစ်ရာ အနုပညာဟုပင် ဆိုရမည်ဖြစ်လေသည်။ ဖတ်ရုံ၊ နားထောင်ရုံဖြင့် ကဗျာ၏ အရသာကို အပြည့်အဝရနိုင်မည် မဟုတ်သဖြင့် မြန်မာကဗျာ တစ်ပုဒ်ကို ဖတ်ရှုသည်ဟုဆိုလျှင် ကဗျာ၏ဆိုလိုရင်း၊ ဖုံးကွယ်အနက်၊ ဆင့်ပွားအနက်၊ ထင်ဟပ်ချက်၊ ဆင့်ပွားအတွေးနယ်ချဲ့ရန်စေညွှန်းချက် စသည်တို့ကို ဆက်၍ဆက်၍ ဖြစ်ပေါ်စေပေရာ ဖတ်ရှုသူအတွက်လည်း အနုပညာပင်ဖြစ်သည်ဟု ဆိုရခြင်းဖြစ်ပေသည်။

မြန်မာကဗျာကို လေ့လာလိုက်စား ရေးဖွဲ့မှုနည်းလာရခြင်း အကြောင်းများတွင် မြန်မာကဗျာသည် ကဗျာအမျိုးအစား တစ်ခုချင်းစီတွင် ဖွဲ့နည်းတိတိကျကျရှိပြီး ထိုဖွဲ့နည်းများကို မသိခြင်း၊ လေ့လာရန်လွယ်ကူမှုမရှိခြင်း၊ အချို့ဖွဲ့နည်းများတွင် မှားခြင်း၊ မှန်ခြင်းကို ဖတ်ရှုလေ့လာသူက အလွယ်တကူ မသိနိုင်ခြင်းတို့ ပါဝင်နေသည်။ ဤသည်ကပင် ယနေ့လူငယ်များ မြန်မာကဗျာမဟုတ်သော ကဗျာများနောက်သို့ ရောက်သွားစေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သို့နှင့်ပင် ရေးသူရောတည်းဖြတ်ရသူကပါ လွယ်ကူမြန်ဆန်သည့် မြန်မာကဗျာမဟုတ်သော ခေတ်ပေါ်ကဗျာများကိုသာ ရေးကြ၊ ဖော်ပြကြရာ မြန်မာကဗျာသည် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ပါဝင်မှု၊ ဖော်ပြမှုနည်းပါးလာရပေတော့သည်။ ထို့ထက်ဆိုးသည်မှာ အဆိုပါ ခေတ်ပေါ်ကဗျာလည်းမဟုတ်၊ မြန်မာကဗျာလည်း မဟုတ်သည့်ကဗျာများ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ဖော်ပြလာခြင်းပင်။ မြန်မာကဗျာဖွဲ့နည်းများမှ အချိုးကဗျာတစ်ခုခုလိုလို လေးလုံးစပ်ကဗျာလိုလို ကဗျာများ အများပြည်သူဖတ်ရှုသည့် စာစောင်များတွင် ဖော်ပြလာခြင်းဖြစ်သည်။

မြန်မာကဗျာတစ်ပုဒ်ဖြစ်လာဖို့ ပထမဦးစွာ ရေးဖွဲ့နည်းစနစ်တကျတတ်မြောက်ထားရန်လိုသည်။ ထို့နောက် ဗဟုသုတပြည့်စုံ၍ စကားလုံးကြွယ်ရန်လည်း လိုအပ်သည်။ ထို့အပြင် နှစ်သက်စဖွယ်ဖြစ်အောင် ကျစ်ကျစ်လျစ်လျစ် ခမ်းခမ်းနားနား တင်ပြတတ်ရန်လည်းလိုသည်။ ထိုအချက်များ ပြည့်စုံလျှင် သာမန်အားဖြင့် သင့်တင့်သောကဗျာတစ်ပုဒ် ရရှိပေလိမ့်မည်။ ထို့ထက်မူ ဂုဏ်၊ အလင်္ကာ၊ ရသ၊ စသည်တို့ လိုအပ်သလိုခြံရံကာ လိုက်ဖက်သောရေးဖွဲ့နည်းတွင် လိုက်ဖက်သော စကားလုံးများ ရွေးချယ်သုံးနှုန်း၍ ရေးဖွဲ့ပါလျှင် ကဗျာကောင်းတစ်ပုဒ် ရဖို့သေချာလေပြီ။ ကဗျာကောင်း၊ မကောင်းကို စတင်ဖန်တီးလိုက်သူက သိသကဲ့သို့ဖတ်ရှုခံစားသူကလည်း သိသည်။ သာမန်ကဗျာဖတ်သူအဖို့ တစ်ခုခုလို နေသည်ဟုသာ သိချင်သိမည်ဖြစ်သော်လည်း ကဗျာရေးဖွဲ့တတ်သူ အချင်းချင်း ဖတ်ရှုပါက မည်သည့်နေရာတွင် လိုနေသည်၊ မည်သည့်အချက်လိုနေသည်ကို တိတိကျကျ သိသည်။ ဤတွင် စတင်ဖန်တီးသူသိခြင်းမှာ မဆန်းလှ သော်လည်း ဖတ်ရှုခံစားနားဆင်သူက သိခြင်းမှာကား ချီးကျူးဖွယ်ဖြစ်သည်။ သူသည်ကဗျာကို ဖွဲ့ချင်မှ ဖွဲ့တတ်ပေလိမ့်မည်။ ဟင်းချက်သူနှင့် ထိုဟင်းဖြင့်ထမင်းစားသူကဲ့သို့ ဖြစ်သည်။ စားသူသည် မချက်တတ်သော်ငြား ဟင်းအရသာနှင့် အတွဲအစပ်ကို ခံစားတတ်သည်။

ဤနေရာတွင် တစ်ဆက်တည်းတင်ပြလိုသော အချက်တစ်ခုရှိပါသည်။ ဆရာကြီးတစ်ဦးက ကဗျာရေးဖွဲ့ခြင်း၊ ကဗျာကောင်းတစ်ပုဒ်ရရှိခြင်းနှင့် ပတ်သက်၍ ဟင်းချက်တတ်ခြင်းမှာ အတတ်ပညာဖြစ်ပြီး ချိုချဉ်ငန်စပ်ဖန်ခါးအစပ်တည့်အောင် စီမံချက်ပြုတ်တတ်ခြင်းမှာ အနုပညာဖြစ်ကြောင်း၊ ကဗျာသည် အတတ်ပညာနှင့် အနုပညာပေါင်းစပ်ဖန်တီးမှုဖြစ်ကြောင်း ဆိုခဲ့ဖူးသည်။ အလွန်မှန်ကန်သော ဥပမာတင်ပြချက်ဖြစ်ပေသည်။ မြန်မာကဗျာဖွဲ့နည်းစနစ် များကို ကျွမ်းကျင်ပိုင်နိုင်စွာသိရှိမှုဖြင့် ကဗျာကောင်းများ ထွက်ပေါ်မလာနိုင်ပါ။ ရေးဖွဲ့လိုသော အကြောင်းအရာ ပေါ်မူတည်၍ လိုက်ဖက်သောကဗျာဖွဲ့နည်းရွေးချယ်တတ်ရန် လိုသကဲ့သို့ လှပသောစကားလုံးများ၊ တက်သံ-သက်သံ၊ ဂရု-လဟု စသည်တို့လည်း သင့်တင့်မျှတအောင်၊ လိုက်ဖက်လျော်ညီအောင် ရွေးချယ်ရေးဖွဲ့နိုင်ရန်လည်း လိုပေသေးသည်။

ကဗျာမှ လင်္ကာနှင့်သီချင်းဟူ၍ခွဲဖြာရာတွင် လင်္ကာအုပ်စုတွင် ၁၄ မျိုး၊ သီချင်းအုပ်စုတွင် ၂၂ မျိုး အမျိုးအစား စုစုပေါင်း ၃၆မျိုးရှိလေသည်။ လင်္ကာအုပ်စုဝင် ၁၂မျိုးမှာပင် ချော်းနှင့်ရတုတို့ကို တေးသီချင်းသဖွယ် တူရိယာများနှင့်တွဲဖက်ကာ သီဆိုကြသဖြင့် မြန်မာကဗျာသည် မူလကပင်ရွတ်၍ဆို၍ကောင်းခြင်းဟူသော ဝစနလင်္ကာရ၊ နားထောင်ရာတွင် အသံသာခြင်းဟူသော သဒ္ဒါလင်္ကာရတို့နှင့် ပြည့်စုံရန်လိုအပ်နေသည်ကို တွေ့ရပေသည်။ ကဗျာတစ်ပုဒ်ကို ဖတ်ရှုသူတစ်ဦးက နှစ်သက်သည် ဆိုရာတွင် ဆရာတင်မိုးက **“အသံ၏အလှ(အသံသာခြင်း)ကိုဖြစ်စေ၊ စကားလုံးအသုံးအနှုန်းပြောင်မြောက်မှုကိုဖြစ်စေ၊ မိမိအဖြစ်နှင့်တိုက်ဆိုင်သော အကြောင်းတစ်ခုခုကိုဖြစ်စေမြင်ရ၊ တွေ့ရ၊ ခံစားရသောကြောင့် နှစ်သက်လိုက်ခြင်းဖြစ်သည်။ ကဗျာ၏ ခန္ဓာကိုယ်အစုအဝေးတွင် ကြိုက်ကွက်တစ်စွန်းတစ်စကိုမြင်၍ ကြိုက်လိုက်ခြင်းဖြစ်သည်”** ဟု ဆိုခဲ့သည်။

ယနေ့ ရေးဖွဲ့လျက်ရှိကြသော မြန်မာကဗျာများအားလုံး ကဗျာဖတ်သူ၊ ကဗျာမွေ့သူတို့စိတ်ကြိုက် အလွန်ကောင်းသောကဗျာများ ဖြစ်သည်ဟု မဆိုလိုပါ။ သို့ရာတွင် မြန်မာကဗျာကို ချစ်ခင်မြတ်နိုးစွာ ရေးဖွဲ့၊ ဖတ်ရှု၊ ခံစားမှုရှိနေသေးသည်ကပင် မြန်မာကဗျာ မမှေးမှိန်သေး၊ မတိမ်မြုပ်သေးကြောင်း ထင်ရှားနေပေသည်။ သို့ရာတွင် မမှေးမှိန်သေးရုံ၊ မတိမ်မြုပ် သေးရုံနှင့် ကျေနပ်နှစ်သိမ့်နေ၍မရနိုင်သေးပေ။ ဖွံ့ဖြိုးလာအောင်၊ ပြန်လည်မြင့်တက်လာအောင် လုပ်ရန်လိုနေပေသေးသည်။ ဤတွင် ကဗျာရေးဖွဲ့သူတို့ ဘက်မှလည်း တီထွင်ဆန်းသစ်မှုရှိဖို့ လိုလာပါသည်။ တီထွင်ဆန်းသစ်မှုဆိုရာတွင် မူလဖွဲ့နည်းများကို အသုံးမပြုခြင်း၊ စနစ်မရှိသော ပုံသဏ္ဌာန်များအသုံးပြုခြင်းတို့ကို ဆိုလိုခြင်းမဟုတ်ပါ။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် - ဆိုသကဲ့သို့ ရှိပြီးစနစ်များတွင် ဖြည့်စွက်ပြုပြင် တီထွင်ခြင်းတို့ပြုကာ ဖွဲ့နည်းအသစ်များဖြင့် ရေးဖွဲ့ခြင်း(ဥပမာ- နွယ်သာကီသံဖြတ်)၊ တင်ပြပုံမူဟန် (Presentation style) အသစ်ဖြင့် ရေးဖွဲ့ခြင်း၊ ခေတ်အတွေး၊ ခေတ်စကားလုံးများ ဖြင့်ရေးဖွဲ့ခြင်း၊ တင်စားမှုခိုင်းနှိုင်းမှုအသစ်၊ ရှုမြင်ပုံအသစ်များဖြင့် ရေးဖွဲ့ခြင်းတို့ဖြင့် တီထွင်ဆန်းသစ်ရမည်ကို ဆိုလိုရင်းဖြစ်ပါသည်။ ယခင့်ယခင် ဆရာ့ဆရာများရေးဖွဲ့ခဲ့သော အကြောင်းအရာများကို သူတို့တွေးသည့်အတိုင်းတွေး၊ သူတို့ရေးသည့် အတိုင်းရေး-ဆိုပါမူ ကဗျာဖတ်သူ၊ ကဗျာမွေ့သူများအတွက် ရသအသစ်ပေးစွမ်းနိုင်မည်မဟုတ်ပေ။ ထိုကဗျာအပေါ်တွင် နှစ်သက်ခြင်း၊ မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်းလည်း လျော့နည်းပေလိမ့်မည်။

မြန်မာကဗျာတွင် မည်သည့်ထူးခြားချက်တွေ ရှိနေပါသနည်းဟု မေးကောင်းမေးလိုပါလိမ့်မည်။

မြန်မာကဗျာသည် မွေးကင်းစမှသည် သေဆုံးသည်အထိ မင်္ဂလာရှိသော၊ ကျက်သရေရှိသော၊ သံဝေဂဖြစ်ဖွယ်သော အကြောင်းအရာ၊ ဖွဲ့နွဲ့မှု၊ တင်စားမှု၊ ထင်ဟပ်မှုတို့ဖြင့် ကဗျာအမျိုးမျိုး ရေးဖွဲ့နိုင်သည်။ ပုခက်တင်ချော်း၊ သားချော့တေး၊ ကလေးများရွတ်ဆိုရမည့် ကလေးကဗျာများ၊ လူငယ်များအတွက် ဆုံးမစာများ၊ ချစ်သူရည်းစားအတွက်ရင်ခုန်ကြည်နူးဖွယ်ကဗျာများ၊ လွမ်းဆွတ်တမ်းတခြင်းကဗျာများ၊ လူကြီးများအတွက် တရားသံဝေဂရဖွယ်ကဗျာများ၊ သေဆုံးသူအတွက် ပူဆွေးရပုံ၊ တရားဓမ္မဖြင့် ဖြေသိမ့်ရပုံတို့ကို ဖွဲ့ဆိုသီကျူးသည့် ကဗျာများပင်ဖြစ်သည်။

မြန်မာကဗျာသည် တောနေ၊ မြို့နေ၊ ဆင်းရဲ၊ ချမ်းသာ မရွေးအတွက် လိုက်ဖက်ညီသောကဗျာများ ရေးဖွဲ့နိုင်သည်။ တောသူတောင်သား ဆင်းရဲသားဘဝကိုဖော်ကျူးသည့် ထန်းတက်သမားဘွဲ့တျာချင်း၊ စစ်သည်တော်များ ရဲစိတ်ရဲမာန်ထက်သန်စေမည့်ကာချင်း၊ စစ်မြေပြင်ရောက်ချစ်သူအကြောင်း သူငယ်ချင်းများကို ပြောပြသည့်အိုင်ချင်း၊ မိမိရပ်ရွာ၊ ဇာတိမြေကို လွမ်းဆွတ်သတိရကြောင်းဖော်ပြသည့် လွမ်းချင်း၊ ဓမ္မပူဇာ သဘင်များအတွက်တေးထပ်၊ ရတု စသည်စသည် အကြောင်းအရာနှင့် အချိန်အခါအလိုက် သင့်ရာလျော်ရာကို ရေးဖွဲ့နိုင်သည်။ ထိုမျှမကသေး ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ မန်လည် ဆရာတော်ကြီးတို့ ကဲ့သို့ဇာတ်၊ ဝတ္ထုများကို ပျို့၊ လင်္ကာကြီးများဖြင့်လည်း ရေးသားနိုင်သေးသည်။

မည်သည့် အကြောင်းအရာကိုမဆို ရေးဖွဲ့နိုင်သည်။ မည်သည့် အကြောင်းကိစ္စအတွက်မဆို ရေးဖွဲ့နိုင်သည်။ မည်သည့်အသက်အရွယ်အတွက်မဆို ရေးဖွဲ့နိုင်သည်။ သို့ဖြစ်၍ မြန်မာကဗျာသည် ကဗျာတစ်ပုဒ်ဖြစ်လာရန် မည်သည့် ကန့်သတ်ချက်မျှမရှိ၊ အကြောင်းချင်းရာ၊ ချိန်ခါကာလ သင့်မျှသည့် ရေးဖွဲ့နည်းကို ရွေးချယ်ရေးဖွဲ့ရုံသာဖြစ်သည်။ ဤသည်တို့မှာ မြန်မာကဗျာ၏ ထူးခြားချက်များပင်ဖြစ်သည်။

ယနေ့ကာလ အွန်လိုင်းပေါ်တွင် မြန်မာကဗျာများရေးဖွဲ့၍ တင်နေကြသူများကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရပါမည်။ သူတို့သည် မြန်မာကဗျာဆိုသည် ဤသို့ရေးရသည်ဟူ၍ လမ်းညွှန်ပေးသူ မရှိကြဘဲ သူတို့ဘာသာ ကဗျာဖွဲ့နည်းများကို အွန်လိုင်းမှာပင်လေ့လာကာ စမ်းရေးကြ၊ လှမ်းမေးကြ၊ သို့နှင့် ရေးတတ်လာကြ၊ တွေးတတ်လာကြသည်ကို တွေ့မြင်ရသည်။ လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုးနှင့် လေးချိုးတို့သာမက တေးထပ်(တေးထပ်မှာပင် ရှစ်ဆယ်ပေါ်၊ သုံးချက်ညီ၊ ထပ်တွန့်သုံးချက်ညီ စသည်ဖြင့်)၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်းစသည် သီးခြားထပ်မံလေ့လာမှသာ ပြည့်စုံစွာ သိရှိရေးဖွဲ့နိုင်မည့် ကဗျာဖွဲ့နည်းများဖြင့်ပါ ရေး၍တင်နေကြသည်ကို တွေ့ရသည်။ တလောကပင် မြန်မာကဗျာစစ်စစ်ကို ချစ်ခင်မြတ်နိုး ရေးဖွဲ့နေကြသူဦးရေ ၁၀၀ စုပေါင်း၍ **ဆောင်းနှင်းဆီ မြန်မာကဗျာ ၁၀၀** ဟူသော စာအုပ်ပင်ထွက်လာသည်ကို တွေ့ရသည်။ အခြားသော စုပေါင်းထုတ်ဝေကြသည့်၊ တစ်ဦးချင်းထုတ်ဝေကြသည့် မြန်မာကဗျာစာအုပ်များလည်း တွေ့ရသည်။ အားရဖွယ်ကောင်းပါသည်။

*စာမျက်နှာ ၇ သို့*

# ဂျပန်နိုင်ငံထုတ် အလိုအလျောက်ရွှေ့လျားကားပါကင်များ မိတ်ဆက်သရုပ်ပြ




**ရန်ကုန် မေ ၄**

ပေ(၂၀×၂၃)ပေ မြေနေရာကျဉ်းကျဉ်းပေါ်တွင် မော်တော်ယာဉ်ကိုးစီး၊ ၁၂စီး၊ ၁၅ စီးထားရှိနိုင်သော ဂျပန်နိုင်ငံထုတ် အလိုအလျောက် ရွှေ့လျားကားပါကင်များ (Mechanical Car Parking System) မိတ်ဆက်သရုပ်ပြမှုကို ယနေ့ညနေက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ချယ်ရီလမ်း အမှတ်(၃၇)ရှိ အလုပ်ရုံ၌ ကျင်းပသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်ရန်နှင့် မြေနေရာကျဉ်းကျဉ်းတွင် အထပ်နိမ့်၊ အထပ်မြင့်များ ဆောက်လုပ်ခွင့်ရရှိသော အဆောက်အအုံများအတွက် ကားပါကင်နေရာ အခက်အခဲဖြစ်ပေါ်မှုကိုဖြေလျှော့ပေးနိုင်ရန်ရည်ရွယ်၍ ဂျပန်နိုင်ငံ WATAHAN COMPANY နှင့် မြန်မာနိုင်ငံမှ SHIN YE HTUT ကုမ္ပဏီတို့ပူးပေါင်း၍ SHIN WATAHAN ကုမ္ပဏီက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီသည် အလိုအလျောက် ရွှေ့လျားကားပါကင်များသာမက နှစ်ထပ်ကားပါကင်များ ပြန်လည်ရွှေ့လျား တပ်ဆင်၍ရသော Relocation Car Parking များကိုပါ မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ကိရိယာနှင့် နည်းပညာများကို ဂျပန်နိုင်ငံမှ တင်သွင်း၍ တပ်ဆင်သည့် အလုပ်ရုံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က အဆိုပါနေရာ၌ ဖွင့်လှစ်ခဲ့သည်။

SHIN YE HTUT GROUP ဥက္ကဋ္ဌ ဦးရဲထွဋ်က ယခုအလိုအလျောက် ရွှေ့လျားကားပါကင်စနစ်များ တပ်ဆင်နိုင်ရေးအတွက် မြန်မာကျွမ်းကျင်ပညာရှင်များကို ဂျပန်နိုင်ငံသို့ သုံးလသင်တန်းစေလွှတ်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင် ရန်ကုန်မြို့ကြီးကို ကားပါကင်စနစ်များနှင့် စနစ်တကျ ပြောင်းလဲလာစေချင်ပါကြောင်း၊ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက စက်ရုံဖွင့်ပွဲကျင်းပစဉ်ကပင် စိတ်ဝင်စားမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် သရုပ်ပြရှင်းလင်းပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ လတ်တလော၌ Import များဖြစ်နေပြီး နောက်ပိုင်းတွင် သံပေါင်များကို မြန်မာပြည်တွင်ပြုလုပ်မည်ဖြစ်သောကြောင့် ဈေးနှုန်းသက်သာသွားမည်ဖြစ်ကြောင်း ပြောသည်။

ယခု မိတ်ဆက်ရှင်းလင်းပြသသည့် အလိုအလျောက်ရွှေ့လျားကားပါကင်စက်များသည် ယခုအလုပ်ရုံတွင် ဂျပန်နှင့် မြန်မာပညာရှင်များကတပ်ဆင်ခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့်စက်ကိရိယာများနှင့် နည်းပညာများကို ဂျပန်နိုင်ငံမှ မှာယူတင်သွင်းခဲ့ခြင်းဖြစ်ကာ အဆိုပါအလုပ်ရုံကို စက်ရုံကြီးတစ်ခုအဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မှာ အခုကားပါကင်တွေ အမြန်ဆုံးဆောက်တာကို မြင်ချင်ပါတယ်။ ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှုများနေပြီး ကားသွားဖို့လမ်းတွေက နည်းနေတော့ တော်တော်များများ လိုအပ်မယ်လို့ ထင်ပါတယ်။ ကျွန်တော်ကတော့ အမြန်ဆုံး အကောင်အထည်ဖော်ချင်ပါတယ်" ဟု SHIN WATAHAN Co., Ltd မန်နေဂျင်းဒါရိုက်တာ Mr. Yoshiharu Okabe က ပြောသည်။

ထို့အပြင် ၎င်းက ယခုအလိုအလျောက် ရွှေ့လျားကားပါကင်များကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကွန်ဒိုအဆောက်အအုံများတွင် အများဆုံးအသုံးပြုလျက်ရှိပြီး ၎င်းတို့ကုမ္ပဏီအနေဖြင့် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၌ စတင်လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ဆက်လက်ဆောင်ရွက်နေကြောင်း ဆိုသည်။

"မြန်မာပြည်မှာက ကားပါကင်မဟုတ်ဘဲ လမ်းတွေပေါ်မှာ ရပ်နေတာကို တွေ့မြင်ရပါတယ်။ အန္တရာယ်လည်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကားပါကင်မှာပဲကားကို ရပ်စေချင်ပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီလို စည်းမျဉ်းစည်းကမ်း ထုတ်တာမျိုးကိုလည်း ကျွန်တော်လိုချင်ပါတယ်။ ကားပါကင်မှာပဲ ကားကိုစနစ်တကျရပ်တဲ့အစီအစဉ်ကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ပါစေလို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

WATAHAN SOLUTIONS Co., Ltd. ဥက္ကဋ္ဌ Mr. Masanori Nagano ကမူ လက်ရှိတွင် ဂျပန်နိုင်ငံမှ ပစ္စည်းများကိုယူလာပြီး တည်ဆောက်ခြင်းဖြစ်သော်လည်း အနာဂတ်တွင် မြန်မာပြည်မှာပင် ပစ္စည်းများကိုထုတ်လုပ်ရန် စဉ်းစားထားကြောင်း၊ ၎င်းတို့၏နည်းပညာ၊ အတတ်ပညာများဖြင့် မြန်မာပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြောသည်။

"မြန်မာကို လက်တွဲခေါ်ဖို့အစီအစဉ်ရှိပါတယ်။ ဒီကားပါကင်စနစ်က ဂျပန်မှာအလွယ်တကူဆောက်တဲ့ စနစ်မဟုတ်ပါဘူး။အသေးစိတ်ကစပြီးလုပ်တဲ့အတွက် ဒီနည်းပညာတွေကို မြန်မာလုပ်သားတွေအတွက် မျှဝေသွားပါမယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ အလိုအလျောက်ရွှေ့လျားကားပါကင်များသည် ကန့်သတ်ထားသောမြေလွတ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရန် ဆိုက်အမျိုးမျိုးရှိသည့်ကားပါကင်များကို ပြင်ဆင်ထားရှိနိုင်သည်။ မည်သူမဆို နားလည်လွယ်ကူသောကိုင်တွယ်နည်းများသာဖြစ်ပြီး အနီးပတ်ဝန်းကျင်အတွက် ဆူညံသံနည်းပါးစေကြောင်း သိရသည်။ လက်ရှိကားပါကင်တစ်စီး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်ပါက ကားပါကင်တစ်စီး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ မျှသာ ကျသင့်မည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းမှုများကိုလည်း တစ်လလျှင် ဆယ်ဒေါ်လာနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ကိုထွေး**

# ခြောက်ရက်ရေပက်ကစားသည့် ထားဝယ်ရိုးရာ သင်္ကြန်



အတာကူး၍ တန်ခူးလရောက်သည့် အတာသင်္ကြန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့များတွင် လေးရက် သင်္ကြန်ရေပက်ကစားကြသော်လည်း ထားဝယ်ဒေသတွင်မူ အကြိုနေ့မတိုင်မီ နှစ်ရက်နှင့် အကြိုနေ့များတွင်ပါ ရေပက်ကစားကြသဖြင့် သင်္ကြန်ခြောက်ရက် ရေပက်ကစားကြသည့် ထားဝယ်ရိုးရာသင်္ကြန်ဓလေ့ဖြစ်သည်။

သင်္ကြန်ခြောက်ရက် ရေပက်ကစားသည်ဆိုရာတွင် သင်္ကြန်အကြိုနေ့မတိုင်မီ နှစ်ရက်နှင့် အကြိုနေ့အပါအဝင် သုံးရက်တွင် ကလေးများသာ ရေပက်ကစားကြသည့် ထားဝယ်ရိုးရာဓလေ့သည် ရှေးကာလကပင် ရှိခဲ့သည်။

ကလေးများရေပက်ကစားသည့် သုံးရက်ကို "ကလေးသင်္ကြန် (ထားဝယ်ဒေသအခေါ် - သားဂန်းသားဂျန်)" ဟု ခေါ်ဆိုပြီး သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့များတွင် ရေပက်ကစားသည့်သုံးရက်ကို "လူကြီးသင်္ကြန် (ထားဝယ်ဒေသအခေါ် -လူဂီးဂျန်)" ဟု ခေါ်ဆိုကြသည်။ ကလေးသင်္ကြန်တွင်မူ လူကြီးများ ပါဝင်ရေကစားလေ့မရှိကြဘဲ ရေပက်ကစားကြသည့်ကလေးများကိုသာ အန္တရာယ်မဖြစ်စေရန် ထိန်းကျောင်းပေးကြသည်။

ယခု ၁၃၇၈ ခုနှစ် သင်္ကြန်ကာလတွင် ဧပြီ ၁၁ ရက် နေ့မှစ၍ ကလေးများ ရေပက်ကစားကြမည်ဖြစ်ပြီး ဆက်လက်၍ ဧပြီ ၁၆ ရက်အထိ လူကြီးများ ရေကစားကြသဖြင့် သင်္ကြန်ရေကစားရက် ခြောက်ရက်ဖြစ်သည်။

ဝါထပ်နှစ်များတွင်မူ သင်္ကြန်အကြတ်ရက်နှစ်ရက်ရှိသဖြင့် သင်္ကြန်ခုနစ်ရက်ရေပက်ကစားကြသည်။ ထားဝယ်ရိုးရာဓလေ့အရ ကလေးများအတွက် ရေပက်ကစားသည့်နေ့အဖြစ် ကန့်သတ်ထားရှိ၍ ကလေးသင်္ကြန်နေ့များတွင် ကလေးသူငယ်များ အထူးပျော်ရွှင်စွာ သင်္ကြန်ရေကစားနေကြမည်ကို တွေ့မြင်ကြမည်ဖြစ်သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

*စာမျက်နှာ ၆ မှ*

သို့သော် စာရေးသူတို့ငယ်စဉ်ကနှယ် သင်ပြပေးမည့်သူ၊ သင်ပြပေးရမည့်နည်းလမ်း ရှားပါးခက်ခဲမှုမရှိဘဲ များစွာဖြစ်ထွန်းတိုးတက်လျက်ရှိသော ယနေ့ခေတ်နှင့်အညီ ပိုမိုပြည့်စုံအောင် ထပ်မံလေ့လာ၊ သင်ယူကာ ပိုမိုကောင်းမွန်သော၊ ပိုမိုပြည့်စုံသော အခြေအနေရောက်အောင် လုပ်ဆောင်သင့်ကြောင်း အကြံပြုရပါသည်။ မြန်မာကဗျာရေးဖွဲ့နည်းများကို ကျောင်းသင်မြန်မာစာတွင် အလွတ်ကျက်၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ကဗျာ၏ဆိုလိုရင်းကို ဖော်ထုတ်တတ်စေရန် သင်ကြားပြသပေးခြင်း စသည်ဖြင့် ကဗျာနှင့်ပတ်သက်၍ အသင့်အတင့်မျှသာ သင်ကြားပေးလျက်ရှိသည်။ မြန်မာကဗျာဖွဲ့နည်းစာအုပ်ပြဋ္ဌာန်း၍ သင်ကြားပေးသည်ဆိုသော်လည်း မိတ်ဆက်မျှသာရှိပေလိမ့်မည်။ မြန်မာစာကို စိတ်ဝင်စားသူလည်း တစ်နှစ်ထက်တစ်နှစ် နည်းလာသည်ကို တွေ့နေရသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖွင့်လှစ်သော စာရေးနည်းလမ်းညွှန် သင်တန်းများတွင် လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းများက တစ်ပိုင်တစ်နိုင် စီစဉ်ဆောင်ရွက်သော အလားတူသင်တန်းများတွင်လည်းကောင်း၊ အခြားအစုအဖွဲ့ကလေးများကစီစဉ်သော စာရေးနည်းဆိုင်ရာသင်တန်းများတွင် လည်းကောင်း မြန်မာကဗျာရေးဖွဲ့နည်းများ သင်ကြားပို့ချပေးနေကြသည်။ ထိုထိုသော သင်တန်းများတွင်ဖြစ်စေ၊ တကယ်တတ်ကျွမ်းသော ဆရာများထံတွင် ဆည်းပူး၍ဖြစ်စေ စနစ်တကျလေ့လာသင့်လှသည်။မြန်မာကဗျာစနစ်တကျဖွဲ့တတ်စေလိုသော စေတနာသာဖြစ်ပြီး ကဗျာကောင်းများ ပေါ်ထွက်လာစေလို၍လည်းဖြစ်ပါသည်။

ဤသည်မှာ တစ်စိတ်တစ်ပိုင်း၊ တစ်ခန်းတစ်ကဏ္ဍ အဆင့်ပင် မရှိသေးဟု ဆိုချင်ပါသည်။ တကယ်တမ်း မြန်မာကဗျာ ဝေဆာဖွံ့ဖြိုးတိုးတက်စည်ပင်စေလိုလျှင် အသီးသီးသော အစိုးရဌာနများ၏ ဦးစီးဆောင်ရွက်မှုများ များစွာလိုနေသည်။ ပညာရေးအပိုင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ကဗျာကိုလေ့လာသင်ယူစေပြီး တက္ကသိုလ်တွင် မြန်မာစာအထူးပြုနည်းတူ ကဗျာအထူးပြုပင်ထားရှိရလျှင်ကောင်းမည်ဟု မြင်မိပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာစောင်များကလည်း ခေတ်ပေါ်ကဗျာများသာမက မြန်မာကဗျာစစ်စစ်ကိုပါ ထည့်သွင်းဖော်ပြခြင်းဖြင့် ဂုဏ်ယူသင့်လှသည်ဟု ဆိုချင်ပါသည်။ နိုင်ငံတော်အစိုးရကလည်း မြန်မာကဗျာဖွံ့ဖြိုးရေးကို နည်းလမ်းများ ဖော်ထုတ်စဉ်းစား ဆောင်ရွက်သင့်သည်ဟု တိုက်တွန်းလိုပါသည်။ အွန်လိုင်းတစ်ခုတည်းကိုသာ အားထားနေရသကဲ့သို့ဖြစ်နေပြီး မြန်မာကဗျာစစ်စစ်များကို ဖော်ပြပေးမည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ များများရှိနေရန်လည်း လိုနေပြန်ပါသည်။ လက်ရှိထုတ်ဝေနေသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကလည်း မြန်မာကဗျာသို့မဟုတ် မြန်မာဂန္ထဝင်ကဗျာများကို ပုံနှိပ်ဖော်ပြပေးခြင်းဖြင့် ဂုဏ်ယူသင့်လှသည်။ အခြားခေတ်ပေါ်ကဗျာများ မဖော်ပြစေလို၍ကား မဟုတ်ပါ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သင့်သည်ဟုလည်း မြင်မိပါသည်။

၂၀၁၅ ခုနှစ် မတ်လက ဗီယက်နမ်နိုင်ငံတွင် အာရှပစိဖိတ်နိုင်ငံများက ကဗျာဆရာများကို ဖိတ်ကြားလျက် ကဗျာရွတ်ပွဲတော်တစ်ခုကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ငါးဦး တက်ရောက်ခဲ့ပြီး စာရေးသူလည်း ပါဝင်ခဲ့သည်။ နိုင်ငံများပြားသဖြင့် တစ်နိုင်ငံလျှင် နှစ်ပုဒ်၊ သုံးပုဒ်သာ ရွတ်ခွင့်ရပြီး လေ့လာရေးခရီးစဉ်များ အပါအဝင် ငါးရက်ကြာမြင့်သည်။ တူရိယာများ တွဲဖက်၍ရွတ်ဆိုခြင်း၊ သရုပ်ဖော်တင်ဆက်မှုများ ပါထည့်သွင်းရွတ်ဆိုခြင်းတို့ဖြင့် မြိုင်ဆိုင်လှသည်။ ဗီယက်နမ် ကဗျာဆရာများ၏ ကဗျာများက အတော်များများဖြစ်ပါသည်။ တင်ပြလိုရင်းမှာ စာရေးသူတို့မြန်မာနိုင်ငံတွင် အခြားနိုင်ငံများပါပါဝင်သော အဆိုပါကဗျာရွတ်ပွဲတော်မျိုး မဟုတ်သည့်တိုင် မြန်မာကဗျာရွတ်ပွဲတော်တစ်ခု နှစ်စဉ်ဆောင်ရွက်နိုင်က ကောင်းလေစွဟု တောင့်တမိသည်။ မြန်မာကဗျာသည် လင်္ကာနှင့်သီချင်း ပင်ရင်းမူလရှိသည်ဖြစ်ရာ မြန်မာတူရိယာများတွဲဖက်ရွတ်ဆိုရပါက အနှစ်သာရပြည့်ဝသော မြန်မာကဗျာကို ယနေ့လူငယ်များ နှစ်သက်မြတ်နိုးခွင့် ရကြပါမည်။

မြန်မာ့အမျိုးသားရေးလက္ခဏာကိုဆောင်သော၊ ယဉ်ကျေးမှုအမွေအနှစ်စစ်စစ်ဖြစ်သော၊ မြန်မာ့မူ မြန်မာ့ဟန် မြန်မာ့စံစစ်စစ်ဖြစ်သော မြန်မာကဗျာများဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရန်၊ အရှည်တည်တံ့စေရန် နိုင်ငံတော်အစိုးရနှင့် မြန်မာစာပေချစ်မြတ်နိုးသူများ၊ မြန်မာကဗျာ ချစ်မြတ်နိုးသူများ၊ ပူးပေါင်းဆောင်ရွက်သင့်လှပါကြောင်း အကြံပြုတိုက်တွန်းရေးသားရပါသတည်း။ ။

❖ ရှေ့ဖုံးမှ



ဦးရဲနိုင် (အထွေထွေ မန်နေဂျာ၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း)



ဦးစည်သူအောင်မြင့်



ဒေါ်အိအိတင်



ဦးညဏ်လှိုင်လင်း



ဦးဟန်ထွေးအောင်

**ဦးရဲနိုင်(အထွေထွေမန်နေဂျာ)**
**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

ရခိုင်ပြည်နယ် မောင်တောဒေသရဲ့ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအခြေအနေတွေကို သတင်းမှန် ရယူနိုင်ဖို့အတွက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့တွေကို မြေပြင်ကွင်းဆင်းပြီး လွတ်လပ်စွာ သတင်းရယူနိုင်ဖို့ ကျွန်တော် ဦးဆောင်ပြီး သွားရောက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပ မီဒီယာ ၁၈ ဦးကို မတ် ၂၈ ရက်ကနေ ဧပြီ ၁ ရက်အထိ မြေပြင်မှာ လတ်တလောသတင်းဖြစ်ပေါ်နေတဲ့ နေရာတွေကို လျာထား ရွေးချယ်ပြီး သွားရောက်သတင်းယူကြတာ ဖြစ်သော်လည်း ခရီးစဉ်အတွင်းမှာပဲ ထပ်တိုးပြီး သတင်းထပ်မံရယူလိုတဲ့ နေရာတွေကို ထပ်ဆင့်ညှိနှိုင်းပြီး သတင်းရယူနိုင်ဖို့ စီစဉ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဦးစည်သူအောင်မြင့် (အယ်ဒီတာချုပ်)**
**စင်ထရယ်နယူးဗျူရို**

ဒီခရီးစဉ် မစခင်ကတည်းက ဘယ်ကိုသွားမယ်။ ဘယ်နေရာတွေမှာ သတင်းယူမယ်။ ဘယ်လိုပုံစံနဲ့ယူမယ်ဆိုတာကို သက်ဆိုင်ရာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ သတင်းသွားယူမယ့် သတင်းသမားအချို့ ကြိုတင်ညှိနှိုင်းတာ ရှိပါတယ်။ ညှိနှိုင်းတဲ့ အတိုင်းပဲ သူတို့စီစဉ်ပေးတာ ကျွန်တော်တို့ တွေ့ရတယ်။ သူတို့ပြချင်တဲ့နေရာကိုပဲ လိုက်ပြတာ မဟုတ်ပါဘူး။ ခရီးစဉ်မှာ အချိန်ကြောင့်အချို့ကို ဖြုတ်ပြီး ကျွန်တော်တို့ အသစ်ပြန်တိုးချင်တာတွေကိုလည်း လုပ်ပေးခဲ့တယ်။ ဒါကြောင့် လွတ်လပ်စွာ သတင်းရယူခွင့်ရှိတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

ပထမ တစ်ကြိမ်လာတုန်းက ကျွန်တော်တို့ စိုးရိမ်တယ်။ မီးလောင်တဲ့နေရာတွေ တွေ့တယ်။ အဲ့ဒီမှာ လူတွေ ပြန်မလာနိုင်ဘူး။ ခြောက်ခြောက်သွေ့သွေ့အနေအထားကို တွေ့တယ်။



ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာ၌ တောင်ဘဇာနယ်မြေရဲစခန်းမှူးက ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့အား နယ်မြေအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်

၂၀၁၆ အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရတဲ့အခြေအနေတွေအပြင် နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှုနဲ့ နောက်ဆုံးအခြေအနေတွေကို ပြည်တွင်း ပြည်ပမီဒီယာများမှတစ်ဆင့် အများပြည်သူတို့ သိရှိခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် မီဒီယာတစ်ခုတည်းကပဲ သတင်းတွေ ပုံဖော်တင်ဆက်နေတာမျိုး မဟုတ်ဘဲ သတင်းဌာနစုံရဲ့ရှုထောင့်စုံ မြင်ကွင်းစုံကနေ သတင်းမှန်တွေ ပျံ့နှံ့ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မောင်တောဒေသရဲ့ သတင်းမှန်တွေကို ပြည်တွင်းသာမကဘဲ ပြည်ပကပါ သိရှိနိုင်မှာ ဖြစ်ပါတယ်။

မောင်တောလို နေရာမျိုးမှာကအစ လူတွေ အသွားအလာ နည်းတယ်။ အရောင်းအဝယ်တွေ ရပ်ဆိုင်းနေတယ်။ အခုတစ်ခေါက် ပြန်လာတဲ့အခါမှာတော့ အစိုးရရဲ့အကောင်အထည်ဖော်မှုရော ကိုင်တွယ်ပုံအရပါ ရွာတွေတော်တော်များများမှာ ပြန်ရောက်တဲ့သူက အတော်လေးကို များလာပြီ။ ပြန်မရောက်တဲ့သူတွေ ရှိတာတော့တွေ့တယ်။ ကျွန်တော်တို့ ထင်ခဲ့သလို အများကြီး ပြန်မလာတော့တဲ့ ပုံစံမဟုတ်ဘူး။ နောက် ကျွန်တော်တို့ စိုးရိမ်တာတစ်ခုက ပထမတစ်ခေါက် ခရီးစဉ်အပြီးမှာ သက်ဆိုင်ရာအစိုးရနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကို ကျွန်တော်တို့ မေးခဲ့တယ်။ မီးလောင်သွားတဲ့နေရာမှာ သက်ဆိုင်ရာမိသားစုဝင်တွေကို နေရာပြန်ချပေးမှာလား ဆိုပြီးတော့ပါ။ အခုတစ်ခေါက် ရောက်တဲ့ အချိန်မှာတော့ အချို့ရွာငယ်လေးတွေ သူ့ဘာသာ နေရာပြန်ယူလာတာတွေ့ရတယ်။ အချို့ရွာကြီးတွေ ကျွန်တော်တို့တွေ့ခဲ့တဲ့ တစ်နေရာမှာဆိုရင် ဘူဒိုဇာတွေနဲ့ မြေညှိနေပြီး စနစ်တကျနေရာပြန်ချထားပေးမယ် သိရတယ်။ ဒါတွေဟာ ကောင်းတဲ့ လက္ခဏာတွေပါ။

အခုခရီးစဉ်က ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ် သတင်းယူခွင့်ပြုတယ်။ သက်ဆိုင်ရာ တာဝန်အရှိဆုံးသူတွေနဲ့ တွေ့ဆုံမေးမြန်းခွင့်တွေ ပေးတဲ့အတွက်ကြောင့် အခြေအနေတော်တော်များများကို သိခွင့်ရတယ်။ အဆင်မပြေတာတစ်ခုက ဘာကိုတွေ့ခွင့်ရသလဲဆိုတော့ ကိုဖီအာနန် အကြံပြုချက်ထဲမှာလည်းပါတယ်။ အတိုင်ပင်ခံရုံးကကော၊ နိုင်ငံတော်အစိုးရကကော လုပ်မယ်လို့ ရည်ရွယ်ထားတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲ့ဒီကနေတစ်ဆင့် ပဋိပက္ခတွေ လျှော့ချမယ်ဆိုတဲ့ အစီအစဉ်တစ်ခုပါတယ်။ ဒါပေမယ့် အဲ့ဒီအစီအစဉ်လုပ်ဖို့အတွက် အခုဘာတွေဖြစ်နေသလဲဆိုတော့ နိုင်ငံသားစိစစ်မှုခံယူမယ့် ကတ်ပြား NVC ကတ်ထုတ်ပေးတဲ့ကိစ္စမှာ အခက်အခဲတွေ အများကြီးတွေ့နေတာ တွေ့ရတယ်။ အဲ့ဒါက အဲ့ဒီဒေသမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေက ကတ်ပြားမလုပ်ချင်ကြဘူး။ တစ်ဖက်က အစိုးရ အနေနဲ့ကလည်း အုပ်ချုပ်ရေးအရကော နယ်မြေစိုးမိုးရေးအရပါ ဒီကတ်ပြားရှိတဲ့သူတွေသာ ခရီးသွားလာခွင့်၊ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ကုန်သွယ်ခွင့်၊ နောက်လှေလုပ်ငန်းတွေမှာ လုပ်ကိုင်ခွင့်ပေါ့။ အဲ့ဒီလို စည်းကမ်းတွေ သတ်မှတ်ထားတော့ သူတို့တွေက လာမလုပ်ဘူး။ တစ်ဖက်ကလည်း ဒါတွေလုပ်မှသာ စီးပွားရေးကိစ္စတွေ လုပ်နိုင်မယ်ဆိုတော့ အဲ့ဒီအခက်အခဲ အကျပ်အတည်းကြီး တစ်ခုတော့ တွေ့ရတယ်။ အဲ့ဒီအခက်အခဲကို ကောင်းကောင်းမဖြေရှင်းနိုင်ရင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ အဲ့ဒီကတစ်ဆင့် ပဋိပက္ခလျှော့ချရေးကို လုပ်ကိုင်ရခက်ခဲမယ်လို့ ထင်တယ်။ အဲ့ဒီတော့ ကျွန်တော့်အကြံပြုချက်က ဒီကိစ္စကို စဉ်းစားပြီးတော့မှ လက်တွေ့ကျကျ အဖြေရှာပါလို့ပဲ မေတ္တာရပ်ခံချင်တယ်။

**ဒေါ်အိအိတင် (နိုင်ငံခြားသတင်းထောက်)၊ ဖူဂျီတီဗွီ**

လွတ်လွတ်လပ်လပ် သတင်းယူနိုင်ပါတယ်။ လုံခြုံရေးလည်း အပြည့်ရှိပါတယ်။ အဲ့ဒီဒေသမှာရှိတဲ့ နှစ်ဖက်အသိုင်းအဝိုင်းရဲ့ သတင်းတွေ အကုန်ရယူနိုင်ပါတယ်။ အောက်တိုဘာ ၉ ရက်ဖြစ်စဉ်မှာ မရောက်တော့ မသိဘူး။ အခုအခြေအနေမှာတော့ အစိုးရကကော၊ ဒေသဆိုင်ရာအဖွဲ့အစည်းတွေကကော၊ နောက် NGO တွေကကော သူတို့တွေ ကူညီထားတာတွေ၊ ထောက်ပံ့ထားတာတွေ တွေ့ခဲ့သိခဲ့ရပါတယ်။

အခုအချိန်အထိ ရခိုင်ပြည်က ကမ်းရိုးတန်းအရှည်ကြီးနဲ့ သာယာပါတယ်။ မောင်တောတစ်ဝိုက်မှာတော့ ရခိုင်တိုင်းရင်းသားရွာ အနည်းငယ်သာတွေ့ရပြီး ကျန်တာတွေကတော့ အစ္စလာမ် ဘာသာဝင်တွေနေထိုင်တဲ့ ကျေးရွာတွေ အများကြီး တွေ့ရတယ်။ ဒါကြောင့် တိုင်းရင်းသားကျေးရွာတွေ များများ တွေ့ချင်ပါတယ်။ ရေသယံဇာတ၊ မြေသယံဇာတတွေရှိတဲ့ ရခိုင်ပြည်ကို ဒီထက်အများကြီးတိုးတက်အောင် လုပ်လို့ရပါတယ်။ တိုင်းရင်းသား လူမျိုးစုတွေ သိပ်မရှိဘူး။ သူတို့အတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရမယ်။ ကျွန်မတို့ ဖြတ်လာတဲ့ ရွာတစ်ရွာရဲ့ လှေဆိပ်မှာဆို လှေတွေအများကြီး ရပ်ထားတာ တွေ့တယ်။ အလုပ်လုပ်လို့မရဘူး။ လုပ်ငန်းရှင်တွေအပြင် လုပ်ငန်းရှင်နဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ထိခိုက်မှုတွေ ရှိတယ်။ ဘာသွားတွေ့လဲဆိုတော့ သူတို့ရဲ့ စိတ်ထဲမှာ ကွဲပြားခြားနားတဲ့ အတွေးတွေ ဝင်နေတာ တွေ့တယ်။ NVC ကတ်လုပ်ဖို့ ပြောတော့လည်း သူတို့တွေသည် ဧည့်နိုင်ငံသားဖြစ်သွားမယ်။ ဒါကြောင့် မလုပ်ချင်ဘူး။ နောက်တစ်ခါ ကျွန်မတို့ ပြန်ကြားတာက NVC ကတ်လုပ်မယ်ဆိုရင် ခြိမ်းခြောက်မှုတွေ ရှိတယ်။ ဒီကတ်လုပ်ရင် အသက်အန္တရာယ်ရှိတယ်။ မလုပ်နိုင်ဘူး။ မလုပ်နိုင်တော့ လှေထိုးသားတွေ၊ အလုပ်သမားတွေ လာမလုပ်နိုင်ဘူး။ ဒါကြောင့် အစိုးရအနေနဲ့ အချိန်ယူပြီးတော့ ဒီပြဿနာကို ဖြေရှင်းရမယ်ထင်တယ်။ ရခိုင်ပြည်နယ်အရေးက ဆတ်ဆတ်ထိ မခံပါဘူး။ နိုင်ငံတကာအနေနဲ့ကလည်း စိတ်ဝင်စားတယ်။

**ဦးဟန်ထွေးအောင် (ဂျပန်သတင်းဌာန)**
**တီဗွီအဆာဟိ**

ရခိုင်ခရီးနဲ့ပတ်သက်ပြီး ဒီဇင်ဘာတုန်းကလည်း ကျွန်တော် တစ်ခေါက် သွားခဲ့ရပါတယ်။ အခုတစ်ခေါက် ထပ်ရောက်လာတဲ့ အခါမှာ သတင်းယူရတာ ပိုမိုပြီး လွတ်လပ်လာပါတယ်။ ခရီးစဉ်တစ်လျှောက် ကိုယ်စိတ်ဝင်စားတဲ့နေရာမှာ မော်တော်ယာဉ်ကို ရပ်ခိုင်းပြီး သတင်းယူလို့ရတယ်။ ဒီတစ်ခေါက် ပြည့်ပြည့်စုံစုံနဲ့ တော်တော်လေးကို စီစဉ်ပေးပါတယ်။ စိတ်ကြိုက် အင်တာဗျူး လုပ်ခွင့်ရတယ်။ ပြောင်းလဲမှုအနေနဲ့ ပထမတစ်ခေါက်မှာ မီးလောင်ပြင်အတိုင်းပဲ ရှိသေးတယ်။ အခု တစ်ခေါက်မှာတော့ ပိုမိုတိုးတက်လာတာက နိုင်ငံတော်က ပြန်လည်နေရာချထားပေးဖို့ စက်ယန္တရားတွေနဲ့ မြေကေအကျယ်ကြီးပေါ်မှာ ရှင်းလင်းနေတာ တွေ့ပါတယ်။ ရွာသားတွေရဲ့အမူအရာကလည်း လျော့ပါးလာပါတယ်။ သတင်းမီဒီယာတွေကို အားကိုးတကြီး ပြောစရာရှိတာတွေ ပိုမိုပြောလာပါတယ်။

ဘာအကြံပြုရမလဲဆိုရင် ဒီဒေသက လွန်စွာသိမ်မွေ့နက်နဲပြီး ကိုင်တွယ်ရမယ့်ကိစ္စဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ အချုပ်အခြာအာဏာကို ထိပါးလာတာကို ဖြေရှင်းရတာကတစ်ကြောင်း၊ နောက်တစ်ခုက နိုင်ငံတကာရဲ့လူ့အခွင့်အရေး စံနှုန်းတွေနဲ့တိုင်းပြီးတော့ အားနည်းတဲ့ လူမျိုးတစ်မျိုးအပေါ် အနိုင်ယူတယ်ဆိုတဲ့ စွဲချက်တွေနဲ့ အစိုးရမှာ တော်တော်လေး သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းနေရပါတယ်။ မီဒီယာတွေအနေနဲ့ အခုလိုလွတ်လွတ်လပ်လပ် သတင်းယူခွင့်ရပေမယ့် ကျွန်တော် နိုင်ငံခြားပြင်ပမီဒီယာတစ်ခုအနေနဲ့ ပြောရရင် နိုင်ငံခြားသားတွေကလည်း သူတို့မျက်မြင် ကိုယ်တိုင်သတင်းရယူချင်တဲ့ စိတ်တွေ ရှိနေပါတယ်။ ကျွန်တော် အကြံပြုချင်တာ

*စာမျက်နှာ ၉ သို့*

**ဖွံ့ဖြိုးတိုးတက်မှု အများကြီးမရှိပေမယ့် နှစ်ဖက်လူ့အဖွဲ့အစည်း အရင်လိုထိပ်တိုက်တွေ့မှုတွေ မရှိတော့ဘူး။ နှစ်ဖက်အကြား ယုံကြည်မှုတည်ဆောက်ဖို့နဲ့ အဖြေရှာနိုင်တဲ့ အနေအထားတော့ မတွေ့သေးဘူး။ ပဋိပက္ခမကြီးထွားအောင် ရပ်တန့်နိုင်တာ တိုးတက်မှုလို့ ပြောရင်တော့ရတယ်။ တကယ့်ဖြစ်သင့်တဲ့အခြေအနေတွေနဲ့ ဖြေရှင်းရမယ့်ကိစ္စတွေတော့ အများကြီး ကျန်နေသေးတယ်။**

**ဒီဒေသမှာဖြစ်နေတဲ့ သတင်းအခြေအနေအမှန်ကို တစ်ကမ္ဘာလုံး သိရှိဖို့လိုတယ်။ အဲ့ဒီလို သိရှိနိုင်ဖို့အတွက် တစ်ကမ္ဘာလုံးကို ပျံ့နှံ့နိုင်တဲ့ ဘက်မလိုက်တဲ့ နိုင်ငံခြားသားပါဝင်တဲ့ မီဒီယာတွေကိုပေးဝင်ပြီး ကျွန်တော်တို့လို လွတ်လွတ်လပ်လပ်သတင်းယူခွင့် ပေးလိုက်မယ်ဆိုရင် အခြေအနေအားလုံးကို တစ်ကမ္ဘာလုံးက သိသွားမယ်။ ဒါဆိုရင်တော်တော်လေး ထိရောက်မှု ရှိနိုင်ပါတယ်**



ပြည်တွင်း ပြည်ပမီဒီယာများ စစ်တွေမြို့ သင်္ကြေပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းရယူမေးမြန်းနေစဉ်


မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာတွင် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို သတင်းရယူစဉ်


ဦးအောင်သူရ


ဒေါ်ဆင့်ဆင့်အောင်


ဒေါ်မေခ


ဦးထက်နိုင်ဇော်


ဦးငြိမ်းချမ်းနိုင်



ဒေါ်ကြူကြူသင်း

*စာမျက်နှာ ၈ မှ*

က လုံခြုံရေးကော အခြားအရာတွေပါ အခြေအနေကောင်းလာတဲ့ မကြာခင်အချိန်မှာ နိုင်ငံခြားသား သတင်းသမားတွေ ခေါ်ယူပြီး ပြသနိုင်ရင်တော့ နိုင်ငံတကာရဲ့ စွဲချက်တွေက ပိုပြီးတော့ ပြေလည်သွားမယ်ထင်ပါတယ်။ ကျွန်တော်တို့ အခုရရှိတဲ့ သတင်းအချက်အလက်တွေကိုလည်း ကျွန်တော်တို့ရဲ့နိုင်ငံခြားသတင်းဌာနကို အမှန်အတိုင်း တင်ပြမှာပါ။

**ဦးညာဏ်လှိုင်လင်း (နေပြည်တော်တာဝန်ခံ)**
**ဖရန်တီးယားမြန်မာ**

အစိုးရ စီစဉ်ပေးတဲ့ ရခိုင်ခရီးစဉ်မှာက ခရီးစဉ်အနေအထားရယ်၊ အချိန်ရရှိမှုရယ်၊ ခရီးအကွာအဝေးရယ် ဒါတွေအားလုံး အဆင်ပြေပါတယ်။ သတင်းရယူခွင့်အနေနဲ့ ကျွန်တော်တို့ ဖြတ်သန်းသွားလာလို့ ရတဲ့နေရာမှန်သမျှမှာ လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ရှိခဲ့တယ်။ ပထမတစ်ရက်မှာ သတင်းပြန်လည်မေးမြန်းမှုကြောင့် အခက်အခဲကြုံခဲ့ပေမယ့် နောက်ရက်တွေ အားလုံး အဆင်ပြေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု အများကြီးမရှိပေမယ့် နှစ်ဖက်လူ့အဖွဲ့အစည်း အရင်လိုထိပ်တိုက်တွေ့မှုတွေ မရှိတော့ဘူး။ နှစ်ဖက်အကြား ယုံကြည်မှုတည်ဆောက်ဖို့နဲ့ အဖြေရှာနိုင်တဲ့ အနေအထားတော့ မတွေ့သေးဘူး။ ပဋိပက္ခမကြီးထွားအောင် ရပ်တန့်နိုင်တာ တိုးတက်မှုလို့ ပြောရင်တော့ ရတယ်။ တကယ့်ဖြစ်သင့်တဲ့အခြေအနေတွေနဲ့ ဖြေရှင်းရမယ့် ကိစ္စတွေတော့ အများကြီး ကျန်နေသေးတယ်။

အကြံပြုချင်တာက လွတ်လပ်စွာ သတင်းရယူခွင့်အပိုင်းပါ။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်သွားလို့ရတယ်။ သတင်းရယူခွင့်တွေရတယ်။ မှန်တယ်။ ဒါပေမယ့် သတင်းရင်းမြစ်တွေ အပိုင်းမှာတော့ သူတို့ကို အာဏာပိုင်အဖွဲ့အစည်းက အရေးယူမှာ စိုးရိမ်နေသလို သူတို့တွေရဲ့ အဖွဲ့အစည်းထဲမှာလည်း ခြိမ်းခြောက်ခံရတဲ့ အခြေအနေတွေရှိနေတယ်။ စိတ်မကောင်းစွာပဲ တင်းမေကျေးရွာ တာဝန်ခံ အသတ်ခံရတယ်ကြားတယ်။ ဒါမျိုးတွေက မြေပြင်အခြေအနေမှာ သတင်းမှန်ဖော်ထုတ်ရယူဖို့အတွက် သတင်းမီဒီယာတွေမှာ အခက်အခဲရှိလာသလို အားလုံးသိသင့်သိထိုက်တဲ့ သတင်းမှန်ရရှိဖို့ အဟန့်အတားဖြစ်နေတယ်။ ဒီသတင်းရင်းမြစ်တွေရဲ့လုံခြုံရေးကို အစိုးရအနေနဲ့ ထည့်သွင်းစဉ်းစားသင့်တယ်။ နောက်တစ်ခုက အမှုတွေကို စစ်ဆေးဖော်ထုတ်တဲ့နေရာမှာ ယုံကြည်မှုပိုမိုရအောင် နိုင်ငံတကာအဖွဲ့တွေနဲ့ ပူးတွဲစစ်ဆေးရင် ပိုကောင်းနိုင်မယ်။ ဥပမာ မုဒိမ်းမှု၊ လူသတ်မှုဆိုတာတွေကို ဆေးပညာအရဖော်ထုတ်တဲ့နေရာမှာ နိုင်ငံတကာနဲ့ ပူးပေါင်း ဆောင်ရွက်တာမျိုးဆိုပိုကောင်းတယ်။ အစ္စလာမ် အသိုင်းအဝိုင်း အချင်းချင်းမှာကိုက ခြိမ်းခြောက်မှုတွေရှိလာနေတော့ အစိုးရ အနေနဲ့ ယုံကြည်မှုရဖို့ အထူးသတိထား လုပ်ဆောင်ဖို့ လိုတယ်လို့ ယူဆပါတယ်။

**ဦးအောင်သူရ(သတင်းထောက်)**
**ဘီဘီစီမြန်မာပိုင်း**

လွတ်လပ်စွာ သတင်းရယူခွင့်နဲ့ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့ ဘူးသီးတောင်မှာ သတင်းရယူတဲ့အခါ အစိုးရဘက်က သူတွေက ကျွန်တော်တို့မေးတဲ့အနားမှာ လာနေနေတော့ အဆင်မပြေဘူး။ ဒုတိယရက် မောင်တော ခရီးစဉ်က စပြီးတော့ အဆင်ပြေတယ်။ လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ပေးတယ်။ ကျေးရွာတွေကို သွားလို့ရတယ်။ မေးမြန်းလို့ရတယ်။ ရဲတပ်ဖွဲ့ဝင်တွေကလည်း အနားမှာမနေဘဲ ခပ်ဝေးဝေးကပဲ နေပေးတော့ တော်တော်လေးကို အဆင်ပြေပါတယ်။ ခရီးစဉ်တစ်ခုလုံးခြုံပြောရင် သတင်းယူရတာ ကောင်းတယ်။ အဆင်ပြေတယ်။ အောက်တိုဘာ ၉ ရက်နောက်ပိုင်းအပြီး ယေဘုယျကြည့်မယ်ဆိုရင် တည်ငြိမ်တယ်လို့ ပြောလို့ရတယ်။ တာဝန်ရှိသူတွေကလည်း ပြောပါတယ်။ လူတွေရဲ့အနေအထားကို ကြည့်ရင်တော့ စိတ်လုံခြုံမှုက မရှိသေးဘူး။ အားလုံးက အကြောက်တရားနဲ့ ကျီးလန့်စာစား နေနေရတဲ့သဘောပေါ့။ ဖြစ်လည်း ဖြစ်လာနိုင်တယ်။ လူတွေကြားထဲမှာကို မကျေနပ်တဲ့ အသွင်သဏ္ဌာန်တွေ တွေ့နေရတယ်။

ဒီဒေသမှာ ဖြစ်နေတဲ့ သတင်းအခြေအနေအမှန်ကို တစ်ကမ္ဘာလုံး သိရှိဖို့လိုတယ်။ အဲ့ဒီလို သိရှိနိုင်ဖို့အတွက် တစ်ကမ္ဘာလုံးကို ပျံ့နှံ့နိုင်တဲ့ ဘက်မလိုက်တဲ့ နိုင်ငံခြားသားပါဝင်တဲ့ မီဒီယာတွေကို ပေးဝင်ပြီး ကျွန်တော်တို့လို လွတ်လွတ်လပ်လပ်သတင်းယူခွင့် ပေးလိုက်မယ်ဆိုရင် အခြေအနေအားလုံးကို တစ်ကမ္ဘာလုံးက သိသွားမယ်။ ဒါဆိုရင်တော်တော်လေး ထိရောက်မှု ရှိနိုင်ပါတယ်။ နောက်ပြဿနာကို ဖြေရှင်းကိုင်တွယ်ပုံက မှားနေတယ်ထင်တယ်။ ကိုယ့်နိုင်ငံထဲမှာ နေထိုင်တဲ့သူတွေအားလုံးဟာ ကိုယ့်နိုင်ငံရဲ့ ဥပဒေတွေ လေးစားလိုက်နာဖို့လိုတယ်။ နောက်လူဆိုတဲ့ ရှုထောင့်ကကြည့်ပြီး သူတို့ရဲ့အခက်အခဲတွေကို ကူညီပေးဖို့လိုတယ်။ နောင်အဲ့ဒီလူတွေဟာ ဒီနိုင်ငံထဲမှာနေရင် ဒီနိုင်ငံရဲ့ဥပဒေကို လေးစားလိုက်နာဖို့ လိုတယ်။ ဒါတွေကို အစိုးရအနေနဲ့ ထိထိရောက်ရောက်လုပ်ဆောင်စေချင်ပါတယ်။ ပြဿနာဆိုတာ ဖုံးကွယ်ထားလို့မရဘူး။ ဒီတော့ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ နည်းလမ်းမျိုးကို ရှာဖွေစေချင်ပါတယ်။

**ဒေါ်ဆင့်ဆင့်အောင်(ဂျပန်သတင်းဌာန)**
**နိပ္ပွန်တယ်လီဗေးရှင်း**

အောက်တိုဘာ ၉ ရက်ဖြစ်စဉ်နောက်ပိုင်း ဒီမှာ ဘာတွေဆောင်ရွက်မှုရှိသလဲဆိုတာ သိချင်လို့လာတာ။ ပထမဆုံး ဘူးသီးတောင်က တင်းမေရွာကို သွားခဲ့တယ်။ နောက်မောင်တောမှာရှိတဲ့ ရွာ ၁၀ ရွာ လောက်သွားခဲ့တယ်။ အကြမ်းဖက်ဖြစ်စဉ်မှာ တိုက်ခိုက်ခံရတဲ့ နေရာနှစ်ခုကိုလည်း သွားခဲ့တယ်။ သတင်းယူရတာ လွတ်လပ်တယ်။ အစီအစဉ်ထဲမှာ မပါဘဲ ကိုယ်သွားချင်တဲ့နေရာကို တောင်းဆိုတော့ ဖြစ်အောင်စီစဉ်ပေးတယ်။ ရွာတစ်ရွာမှာဆို ဘူဒိုဇာတွေနဲ့ မြေညှိနေတာတွေ့တယ်။ မေးကြည့်တော့ မြေ ၂၄ ဧကပေါ်မှာ အိမ်ခြေ ၃၀၀ နီးပါးလောက်ဆောက်ပြီး နေရာချထားပေးမယ်ပေါ့။ ဒါက အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာပါ။ ဒါက ပြောင်းလဲနေတယ်ပေါ့။

ဘူးသီးတောင် မောင်တောကို အခု ပထမဆုံးရောက်တာ။ ရောက်တဲ့နေရာမှာ မြေတွေ အကျယ်ကြီးတွေ့ရတယ်။ တောတောင်တွေ သစ်ပင်တွေနဲ့ဆိုတော့ အောက်တိုဘာ ဖြစ်စဉ်လို အကြမ်းဖက်မှုတွေ ဖြစ်လာမယ်ဆိုရင် ရှောင်တိမ်းလို့ ရတယ်။ နောက်မြေလွတ်မြေရိုင်းတွေ အများကြီးတွေ့တော့ နှစ်ဖက်စလုံး စီးပွားရေးအဆင်ပြေအောင် မြေယာတွေ ဖော်ထုတ်ပေးမယ်။ ရခိုင်တိုင်းရင်းသားတွေတင်မကဘဲ နောက်အခြားတိုင်းရင်းသားတွေပါလာနေမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေရအောင် ဖန်တီးပေးမယ်ဆိုရင် လူဦးရေများလာပြီး ပိုကောင်းလာမယ်ထင်တယ်။

**ဒေါ်မေခ (သတင်းထောက်)**
**ဗွီအိုအေသတင်းဌာန (ရန်ကုန်ရုံးခွဲ)**

အခု ရခိုင်ခရီးစဉ်မှာ ကျွန်မတို့အနေနဲ့ လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ရှိခဲ့ပါတယ်။ အခု ဘာတွေလုပ်နေတာ တွေ့ရလဲဆိုတော့ အစိုးရဘက်က မီးလောင်သွားတဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်တာတွေ မြင်ခဲ့ရတယ်။ နောက်နှစ်ဖက် အသိုင်းအဝိုင်းနဲ့ လွတ်လပ်စွာတွေ့ဆုံခဲ့ရတော့ အစိုးရဘက်က တစ်ဦးချင်းစီအတွက် မလုပ်ပေးနိုင်ပေမယ့်စောင့်ရှောက်ပေးတာမျိုးတွေရှိတယ်။ ဒီမှာ ကျွန်မတို့ သတင်းရယူတဲ့အခါ နှစ်ဖက်အဖွဲ့အစည်းနှစ်ခုလုံးက ကြောက်စိတ်တွေရှိတယ်။ ယုံကြည်မှု အားနည်းနေသေးတယ်။ စိုးရိမ်မှုတွေ ရှိနေကြတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲ့ဒီလူတွေရဲ့ စိုးရိမ်စိတ်လျော့ပါးအောင် လုပ်ပေးဖို့ တော်တော်လေး အချိန်ယူရဦးမယ်။ အစီအစဉ်တွေ သေချာစနစ်တကျဆွဲပြီး လုပ်ပေးစေချင်တယ်။ အဓိက ထပ်အကြံပေးချင်တာက အစိုးရအနေနဲ့ လုံခြုံရေးအတွက် ကောင်းမွန်အောင် လုပ်ဆောင်ပေးနေတာ တွေ့ရပေမယ့် တစ်ဦးတစ်ယောက်ချင်းရဲ့ လုံခြုံရေးက အားနည်းမှုရှိနေတယ်။ ကျွန်မတို့ မောင်တောမှာ သတင်းယူနေတဲ့ အချိန်တောင်မှ သတင်းထောက်တွေအနေနဲ့ လုံခြုံမှုမရှိဘူးလို့ ခံစားနေရတယ်။

အာဏာပိုင်တွေက မလုပ်ပေးတာ မဟုတ်ဘူး။ လုပ်ပေးနေလျက်သားနဲ့လူအင်အား မမျှတာတွေဖြစ်နေတယ်။ အစိုးရအနေနဲ့ လုံခြုံရေးကို ထပ်တိုးမှုတွေ လုပ်စေချင်တယ်။ နှစ်ဖက်အဖွဲ့အစည်းက ကာလကြာရှည်စွာ အတူတူနေခဲ့ပေမယ့် အကြမ်းဖက်တွေရဲ့လှုံ့ဆော်မှုကြောင့် အခုလိုတွေ ဖြစ်နေတယ်လို့ အစိုးရကပြောတယ်။ ဒီနှစ်ခုကို ချိတ်ဆက်ပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ တစ်ဖက်ကပဲ သနားစရာကောင်းပြီး အခြေအနေအလွန်ဆိုးရွားနေတာမဟုတ်သလို အခြားတစ်ဖက်ကပဲ အသာစီးရနေတာမျိုး ကျွန်မတို့ မတွေ့ခဲ့ရပါဘူး။ ဒါကြောင့် ဒီအခြေအနေလေးထဲမှာ ဆတူ ဒုက္ခရောက်နေတာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ နှစ်ဖက်စလုံးအပေါ် ဂရုတစိုက်နဲ့ဆောင်ရွက်ပေးစေလိုပါတယ်။

**ဦးထက်နိုင်ဇော် (အကြီးတန်းသတင်းထောက်)**
**ရောဝတီသတင်းဌာန**

ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာမှာ သတင်းရယူတဲ့အချိန် တာဝန်ရှိသူတွေရဲ့စောင့်ကြည့်မှုကြောင့် အခက်အခဲအနည်းငယ်ရှိခဲ့ပါတယ်။ မောင်တောမှာတော့ သတင်းကို လွတ်လွတ်လပ်လပ် ရယူခွင့်ရှိခဲ့ပါတယ်။ ကိုယ်မေးချင်တဲ့ မေးခွန်းတွေနဲ့ ကိုယ်တွေ့ချင်တဲ့ အဖွဲ့အစည်းတွေကို လွတ်လပ်စွာ တွေ့ခွင့်ရပါတယ်။ အဲ့ဒီလို တွေ့ခွင့်ရအောင်လည်း ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပေးပါတယ်။ အောက်တိုဘာ ၉ ဖြစ်စဉ်နောက်ပိုင်းမှာတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ မရှိတော့ဘဲ အခြေအနေက တည်ငြိမ်စပြုနေပါပြီ။ ဒါပေမယ့် လူတစ်ဦးချင်းမှာတော့ လုံခြုံမှုမရှိဘူးလို့ ခံစားနေရတာ တွေ့မြင် ခဲ့ရပါတယ်။ အစ္စလာမ်ဘာသာဝင်တွေကလည်း စိုးရိမ်မှုတွေရှိနေသလို ရခိုင်တိုင်းရင်းသား လူနည်းစုမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေ တွေ့မြင်နေရဆဲလို့ ပြောရမှာပါ။

အစိုးရလုပ်နေတဲ့ NVC ကတ်ကို အစ္စလာမ်ဘာသာဝင်တွေနေထိုင်တဲ့ ကျေးရွာတွေမှာ ထိထိရောက်ရောက်လုပ်ပေးသွားနိုင်ဖို့ လိုပါတယ်။ သူတို့ကိုလည်း ဒီကတ်နဲ့ပတ်သက်ပြီး ပညာပေးစည်းရုံးမှုတွေ လုပ်ပေးရပါမယ်။ ဒီကတ်ကိုင်တာနဲ့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရမှာ ဖြစ်သလို လွတ်လပ်စွာ သွားလာခွင့်ရှိမယ်ဆိုတာမျိုး စည်းရုံးနိုင်ရင် ကောင်းပါမယ်။ ကျန်းမာရေး၊ သောက်သုံးရေနဲ့ အလုပ်လုပ်ခွင့်တွေရအောင် စီစဉ်ပေးရပါမယ်။ နောက် ရခိုင်တိုင်းရင်းသားတွေကလည်း လူနည်းစုဖြစ်နေတဲ့အတွက် စိုးရိမ်ပူပန်မှုရှိနေတော့ လုံခြုံရေးအရ အာဏာပိုင်တွေက အကာအကွယ်ပေးဖို့၊ ဘဝလုံခြုံမှုနဲ့ စားဝတ်နေရေး တိုးတက်လာအောင် ဆောင်ရွက်ပေးဖို့ လုပ်ဆောင်ပေးဖို့လိုမယ်လို့ ထင်မြင်ပါတယ်။

**ဒေါ်ကြူကြူသင်း (သတင်းထောက်)**
**မြန်မာအင်တာနေရှင်နယ်တီဗွီ**

ရခိုင်ခရီးစဉ်မှာတော့ ဒီဒေသထဲမှာ ဖြစ်ပွားနေတဲ့ အကြောင်းအရာ အစုံမဟုတ်ပေမယ့် အထူးသဖြင့် မီးလောင်ခဲ့တဲ့ ဒေသတွေမှာ ပြန်လည်ဝင်ရောက်လာတဲ့ သူတွေရဲ့အခြေအနေ၊ နိုင်ငံတော်အစိုးရအနေနဲ့ အဲ့ဒီဒေသက ရွာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ပေးနေတဲ့ အခြေအနေနဲ့ NVC ကတ်ထုတ်ပေးဖို့ ညှိနှိုင်းဆွေးနွေးနေတယ်ဆိုတဲ့ အခြေအနေတွေကို သတင်းရယူနိုင်ခဲ့ပါတယ်။ သတင်းယူတဲ့အခါမှာ ၉၀ ရာခိုင်နှုန်းလောက်အထိ လွတ်လပ်ပွင့်လင်းစွာ ယူနိုင်တယ်။ သွားနိုင်တယ်။ ကျန်တဲ့ ၁၀ ရာခိုင်နှုန်းဆိုတာကတော့ ကိုယ့်ရဲ့လုံခြုံရေးပေါ့။ ကိုယ့်အနေနဲ့က ရွာတွေအတွင်းထဲ သတ္တိရှိရှိဝင်ဖို့က မရဲဘူး။

အောက်တိုဘာ ၉ ဖြစ်စဉ်နောက်ပိုင်း ပြောရမယ်ဆိုရင် ဒီဒေသမှာ ရှိတဲ့သူတွေက ကြောက်နေကြသေးတယ်။ လုံခြုံရေးအတွက် စိုးရိမ်မှုရှိနေသေးတယ်။ ဒေသကတော့ ပြန်ပြီးဖွံ့ဖြိုးစပြုလာပေမယ့် ၂၀၁၂ ရှေ့ပိုင်းလို ပြန်ဖြစ်ဖို့က ခက်ခဲနေသေးတယ်။ ဒီခရီးစဉ်က အချိန်တိုအတွင်းမှာ နေရာစုံသလောက်ရောက်အောင် သွားနိုင်ခဲ့တယ်။ ကိစ္စကြီးကြီးမားမားကို စုံစမ်းဖော်ထုတ်ပြီး လွတ်လပ်စွာသတင်းရယူနိုင်ခွင့်ရရှိတယ်။ သတင်းထောက်တွေအတွက် လုံခြုံရေးပိုင်းကိုလည်း ချထားပေးတယ်။ အချိန်ရမယ်၊ ရက်နည်းနည်း ဒီထက်ပိုရမယ်ဆိုရင် ကောင်းပါတယ်။

**ဦးငြိမ်းချမ်းနိုင်(ဓာတ်ပုံသတင်းထောက်ချုပ်)**
**European Press-Photo Agency (EPA)**

သတင်းရယူရတာလွတ်လပ်ပါတယ်။ အရင်တစ်ခေါက်သတင်းရယူရတာထက်တောင် ပိုမိုလွတ်လပ်ပါတယ်။ အရင်တစ်ခေါက်ကသွားခဲ့တဲ့ နေရာအချို့ပါသလို နေရာအသစ်တွေလည်း ရောက်တယ်။ ပြောင်းလဲမှုကတော့ တချို့နေရာက သိပ်မပြောင်းလဲသေးဘူး။ တချို့နေရာမှာတော့ ပြောင်းလဲလာတာ တွေ့နေရပြီ။ ဥပမာ- ကျွန်တော်တို့သွားခဲ့တဲ့ ရွာတစ်ရွာမှာဆို စက်ယန္တရားတွေနဲ့ မြေကွက်တွေ ဖော်နေတာ တွေ့ရတယ်။ အကြမ်းဖက်ဖြစ်စဉ်တုန်းက နေရပ်က ရွှေ့ပြောင်းသွားတဲ့သူတွေရှိတယ်။ သူတို့တွေ ပြန်ရောက်လာတော့ နေဖို့ဆိုပြီး နေရာချထားရေးလုပ်နေတာ တွေ့တယ်။ အဲ့ဒီလို ပြောင်းလဲမှုတွေတော့တွေ့တယ်။

ဒီအရေးနဲ့ပတ်သက်ပြီး အခြားနိုင်ငံက သတင်းမီဒီယာတွေ တော်တော်များများကလည်း စိတ်ဝင်စားကြတယ်။ တော်တော်များများက ဒီနေရာနဲ့ ပတ်သက်ရင် ဝိုင်းရေးကြတော့ သတင်းကြီးသွားတယ်။ အမှန်တကယ် ဖြစ်တာတွေလည်းပါမယ်။ ကောလာဟလတွေလည်းပါမယ်။ တချို့သတင်းတွေကိုရေးပြီးမှ ဒီအရာကို အတည်မပြုနိုင်ပါဘူးဆိုပြီး တစ်ကြောင်းတည်းနဲ့ ပိတ်လိုက်တာမျိုးလည်းတွေ့ရတယ်။ ဘယ်လိုပုံစံဖြစ်သင့်သလဲဆိုတော့ ကျွန်တော်တို့တင် မဟုတ်ဘူး။ ကျွန်တော်တို့ထက် အားကြီးသော မီဒီယာကြီးတွေ ရှိတယ်။ အဲ့ဒီသတင်းမီဒီယာက ပုဂ္ဂိုလ်တွေ နိုင်ငံခြားသားဖြစ်မယ်ဆိုပါတော့။ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ သူတို့တွေကိုလည်း ဖိတ်ပြီးတော့ ကျွန်တော်တို့သွားခဲ့သလိုပဲ လုပ်ပေးသင့်တယ်။ ကျွန်တော်တို့ အခုသွားသလိုပဲ ဒီပုံစံအတိုင်း သွားရောက်ရင် ပြဿနာမဖြစ်ဘူးလို့မြင်တယ်။ သူတို့တွေလည်း အန္တရာယ်ကင်းနိုင်မယ်လို့ ယူဆတယ်။ အဲ့ဒီတော့ သူတို့တွေ မျက်စိနဲ့ မြင်သွားမယ်။ သူတို့ကိုယ်တိုင် ဘယ်ဟာ မှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်နိုင်မယ်လို့ မြင်ပါတယ်။ ။

# အိန္ဒိယကုန်တင်သင်္ဘောတစ်စင်းအား ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

**နိုင်ရိုဘီ မေ ၄**

သင်္ဘောသား ၁၁ ဦး လိုက်ပါလာသော အိန္ဒိယကုန်တင် သင်္ဘော တစ်စင်းသည် ဆိုမာလီကမ်းလွန်ပင်လယ်ပြင်အရောက်တွင် ပြန်ပေးဆွဲခံခဲ့ရကြောင်း ရေကြောင်းအရာရှိတစ်ဦးက ယမန်နေ့က ပြောကြားခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှထွက်ခွာလာသော အိန္ဒိယ အလံတင်သင်္ဘောသည် ဆိုမာလီ ကမ်းခြေသို့ ဦးတည်ခုတ်မောင်းနေစဉ် ဆိုမာလီဓားပြများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း အစိုးရမဟုတ်သော ရေကြောင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ မန်နေဂျာဖြစ်သူ ဂျွန်စတိစ်က ပြောခဲ့သည်။

သင်္ဘောပေါ်လိုက်ပါလာသူအားလုံးသည် အိန္ဒိယနိုင်ငံသားများဖြစ်ပြီး လတ်တလောတွင် သင်္ဘောသားများ အပါအဝင် သင်္ဘောတည်နေရာနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကိုမသိရသေးချေ။ သင်္ဘောဓားပြတိုက်ခံရမှုသည် ဟော့ဘ်ရိုဆိပ်ကမ်းမြို့ တောင်ဘက် ကီလိုမီတာ ၅၀ အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



သင်္ဘောများအားပြန်ပေးဆွဲမှုပြုလုပ်နေသည့် ဆိုမာလီပင်လယ်ဓားပြများကို တွေ့ရစဉ်

ဆိုမာလီ ပင်လယ်ဓားပြများသည် ခေတ်မီလက်နက်များကို ကိုင်ဆောင်ထားလေ့ရှိသည်။ ၎င်းတို့သည် ဆိုမာလီ ကမ်းရိုးတန်းမှ ဝေးကွာသည့်နေရာများတွင် လုယက်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆိုမာလီနိုင်ငံသည် ပင်လယ်ဓားပြများကြောင့် ဆိုးကျိုးများစွာခံစားနေရကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အစ္စရေးနိုင်ငံမှ ခေတ်မီကာကွယ်ရေးပစ္စည်းများ အိန္ဒိယဝယ်ယူမည်

**နယူးဒေလီ မေ ၄**

အိန္ဒိယရေတပ်စွမ်းအားကို အဆင့်မြှင့်တင်ရန်အတွက် အစိုးရအနေဖြင့် စစ်သင်္ဘောများတွင် ဒုံးကျည်များတပ်ဆင်ရန် သဘောတူခဲ့ကြောင်း နိုင်ငံပိုင်ရေဒီယိုက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ယမန်နေ့က အိန္ဒိယကာကွယ်ရေးဌာနဝန်ကြီး အာရန်၊ ဂျိုင်တလေက အမေရိကန်ဒေါ်လာ ၁၃၃သန်းတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများဝယ်ယူခြင်းကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ စစ်လက်နက်များကို အစ္စရေးနိုင်ငံမှဝယ်ယူသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၇ သန်းတန်ဖိုးရှိကြောင်း သတင်းများတွင်ဖော်ပြထားသည်။ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးကောင်စီ ဒီအေစီသည် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော အမြင့်ဆုံး ဆုံးဖြတ်ချက်ချနိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ **(ဆင်ဟွာ)**

# အီဒလစ်ပြည်နယ်၌ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရမှုကြောင့် လူ ၆၀ နီးပါးသေဆုံး



**အလက်ပို မေ ၄**

ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အီဒလစ်ပြည်နယ်တွင် အင်္ဂါနေ့က ဆီးရီးယား အစိုးရ ဂျက်လေယာဉ်များ၏ လက်ချက်ဟုယူဆရသည့် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရမှုကြောင့် အသက်ရှစ်နှစ်အောက် ကလေးငယ် ၁၁ ဦးအပါအဝင် လူ ၅၈ ဦးအသက်ဆုံးရှုံးခဲ့ရကြောင်း သူပုန်ထိန်းချုပ်ဧရိယာရှိ စစ်ရေးထိန်းချုပ်မှုအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာလုပ်သားများက ပြောကြားခဲ့သည်။

သို့သော်လည်း ဆီးရီးယားတပ်မတော်ကမူ တပ်မတော်အနေဖြင့် ထိုကဲ့သို့ အဆိပ် လက်နက်သုံး တိုက်ခိုက်မှုမျိုးကို မည်သည့်နည်းနှင့်မျှ ပြုလုပ်လိမ့်မည် မဟုတ်ကြောင်း အပြင်းအထန် ကန့်ကွက်ငြင်းဆန်ခဲ့သည်။ တိုက်ခိုက်မှုခံခဲ့ရသူများသည် အဆိပ်ဓာတ်ငွေ့ဝင်ရောက်မှုကြောင့် အသက်ရှူကျပ်ခြင်း၊ အားနည်းကာမူးဝေသတိလစ်ခြင်းများဖြစ်ပွားခဲ့ပြီး အချို့မှာ ပါးစပ်မှအမြှုပ်များထွက်လာခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့် အရေးလေ့လာ စောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

ဆေးပညာအဖွဲ့က အဆိပ်ဓာတ်ငွေ့အသုံးပြုလျက် လူမဆန်စွာတိုက်ခိုက်ခံရမှု တစ်ခုအဖြစ်ဖော်ပြခဲ့သည်။ သူပုန်များ ထိန်းချုပ်ရာ အီဒလစ်ပြည်နယ် တောင်ပိုင်းရှိ ခန်ရှိတ်ခွန်မြို့နယ်တွင်လည်း လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူ ၆၀ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဗြိတိန်အခြေစိုက်စစ်ရေးထိန်းချုပ်မှုအဖွဲ့က ပြောကြားခဲ့သည်။ အင်္ဂါနေ့ နံနက်၆နာရီ မိနစ်၃၀တွင် စစ်လေယာဉ်များသည် ဆာရင်းနှင့် ကလိုရင်း ဓာတ်ငွေ့ဟုယူဆရသည့် အဆိပ်ငွေ့များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုအတွင်း လူ ၅၀ ကျော်သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ ၃၀၀ ကျော်ရှိခဲ့ကြောင်း အီဒလစ်ပြည်နယ်ကျန်းမာရေး အာဏာပိုင် မောင်ဇာ ခလီက ပြောကြားခဲ့သည်။ ယခုအခါတွင် အီဒလစ် ပြည်နယ်အတွင်းရှိ ဆေးခန်းဆေးရုံများသည် အဆိပ်ငွေ့သင့်လူနာများဖြင့် ပြည့်နှက်လျက်ရှိကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အိန္ဒိယထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားတွင် မီးလောင်မှုဖြစ်ပွား

**ကက်ရှ်မီးယား မေ ၄**

မေ ၄ရက်က အိန္ဒိယထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားဒေသတွင် မီးလောင်ကျွမ်းမှုဖြစ်ခဲ့သောကြောင့် ဆိုင်ခန်း ၂၀နှင့် လူနေအိမ်ငါးလုံး ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။



ကက်ရှ်မီးယားဒေသ ဆရီနာဂါးမြို့ အနောက်ဘက် ၉၅ ကီလိုမီတာ အကွာတွင်ရှိသော ကို့ဝါရခရိုင် အဝိုးရာနယ်မြေတွင် ယမန်နေ့က မီးလောင်ကျွမ်းခဲ့ကြောင်းသိရပြီး သေဆုံးသူမရှိခဲ့ပေ။ ဘဏ်အဆောက်အအုံတစ်ခုလည်း မီးလောင်မှုကြောင့် ပျက်စီးသွားကြောင်း ခရိုင်လက်ထောက်ရဲမင်းကြီး ဂျီအမ်ဒါက ပြောကြားခဲ့သည်။

မီးလောင်မှုသည် မုန့်ဆိုင်တစ်ခုမှ စတင်ခဲ့ကြောင်းသိရပြီး ဘေးချင်းကပ်ဆိုင်သို့ ကူးစက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဈေးရှိ အဆောက်အအုံ တော်တော်များများကို သစ်သားဖြင့်ဆောက်ထားသောကြောင့် ယခုကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ မီးလောင်မှုသည် ယမန်နေ့ ဒေသစံတော်ချိန် ၁၂ နာရီခန့်၌ ဖြစ်ပွားခဲ့ပြီး မီးငြိမ်းသတ်ရန် နာရီများစွာ အချိန်ယူခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကက်ရှ်မီးယားဒေသတွင်နေထိုင်ကြသူများသည် နေအိမ်အတွင်း၌ မီးလောင်လွယ်သော ပစ္စည်းများအား အလွယ်တကူထားရှိခြင်းကြောင့် မီးလောင်ကျွမ်းမှုဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဒုံးလက်နက်ဆိုင်ရာအငြင်းပွားမှုများပေါ်ပေါက်နေချိန်တွင် တရုတ်နိုင်ငံရှိ တောင်ကိုရီးယားကုမ္ပဏီများက ကားထုတ်လုပ်မှုရပ်ဆိုင်း

**ဆိုးလ် မေ ၄**

တရုတ်နိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် တောင်ကိုရီးယားကားထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုဖြစ်သည့် Hyundai Motor Co. နှင့် Kia Motors Corp. တို့သည် ကားထုတ်လုပ်နေမှုများကို ရုတ်တရက်ရပ်ဆိုင်းလိုက်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့ကြသည်။

ဟွန်ဒိုင်းနှင့် ကီရာကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ပေါင်းစပ်၍ ကားထုတ်လုပ်ရောင်းချမှု ဈေးကွက်သည် လွန်ခဲ့သော တစ်နှစ်မှစတင်ကာ ပြီးခဲ့သည့်မတ်လအထိ ၅၂ ရာခိုင်နှုန်းထိုးကျသွားခဲ့ကြောင်း နောက်ထပ်သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ အပြင်ဘက်တွင် အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုအပေါ် တရုတ်နိုင်ငံ၏တင်းမာသည့် တုံ့ပြန်မှုက Lotte အုပ်စုအပါအဝင် တောင်ကိုရီးယားကုမ္ပဏီများကို လည်ပတ်ထုတ်လုပ်မှု ရပ်ဆိုင်းရန်နှင့် ဆန္ဒပြမှုများပြုလုပ်ရန်ပစ်မှတ်ထားလာစေခဲ့သည်ဟု သတင်းရင်းမြစ် အချို့က ဖော်ပြခဲ့သည်။

ကားထုတ်လုပ်ရေးဖက်စပ်ဆောင်ရွက်နေမှုများကို ဖြတ်တောက်လိုက်ခြင်းက မြောက်ကိုရီးယား၏ နျူကလီးယား ခြိမ်းခြောက်မှုကို တုံ့ပြန်သည့် ဆောင်ရွက်မှုတစ်ခုသာဖြစ်ပြီး တရုတ်နိုင်ငံကို ရည်ရွယ်သည့် လုပ်ဆောင်ချက်မဟုတ်ကြောင်း တောင်ကိုရီးယားက ပြောကြားခဲ့သော်လည်း ယင်းအပြုအမူသည် တရုတ်နိုင်ငံကို များစွာ မခံမရပ်နိုင်ဖြစ်စေခဲ့သည်။ **(ရိုက်တာ)**



# မောင်တောခရိုင်မှ ရဲမှုထမ်းဟောင်းများအား တတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲပြုလုပ်

**မောင်တော ဧပြီ ၄**

မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် မောင်တောမြို့နယ် ရဲမှုထမ်းဟောင်းများ သာရေး၊ နာရေးကူညီစောင့်ရှောက်မှုအဖွဲ့မှ အသက်(၇၀)နှင့် အထက် မောင်တောခရိုင်မှ ရဲမှုထမ်းဟောင်းများအား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံး မေယုခန်းမ၌ ဧပြီ ၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပူဇော်ကန်တော့ပွဲနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့ပြီး သက်ကြီးရဲမှုထမ်းဟောင်း ရှစ်ဦး၊ ကွယ်လွန်သူ ရဲမှုထမ်းဟောင်းများ၏ ဇနီးခြောက်ဦး၊ သက်ကြီးရဲစာရေးတစ်ဦး၊ ဘူးသီးတောင်မြို့နယ်မှ ရဲမှုထမ်းဟောင်း ငါးဦး စုစုပေါင်း ၂၀ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

# မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲ

**နေပြည်တော် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် စိုးမိုးအောင်သည် တောင်သူလုပ်ငန်းတွင် အသုံးပြုရန် နွားထီးနှစ်ကောင်ဝယ်ယူလာသူထံမှ ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ) တောင်းခံခဲ့ခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် စိုးမိုးအောင်သည် ဖေဖော်ဝါရီ ၄ ရက်က တောင်သူလုပ်ငန်း၌ အသုံးပြုရန်အတွက် နွားထီးနှစ်ကောင်ကို ဇော်ဂျီကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့မှ ဝယ်ယူ၍ မီးသွေးဘုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ကျွဲနဖားကျေးရွာသို့ မောင်းလာသော နစ်နာသူထံမှ ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် စိုးမိုးအောင်အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဧပြီ ၄ ရက်က တရားစွဲဆို အရေးယူ ထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေမြတ်မင်းသမီးကာရာအိုကေဆိုင် မီးလောင်မှု အိမ်သုံးမီတာကို ဝန်အားမမျှသုံးစွဲခြင်းကြောင့်ဖြစ်

**မကွေး ဧပြီ ၄**

မကွေးမြို့မြင်သာရပ် သစ္စာလမ်းနှင့်(၂၉)လမ်းထောင့်ရှိ ဦးရဲညွန့်(ခ) ရွှာသား (၅၀ နှစ်) ငှားရမ်းလုပ်ကိုင်သော ရွှေမြတ်မင်းသမီး ကာရာအိုကေအဆင့်မြင့် အအေးခန်းစားသောက်ဆိုင်၌ ဧပြီ ၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်က မီးလောင်မှုကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။

သေဆုံးသူများမှာ မကွေးမြို့နေ မင်းသက်နိုင် (၂၆ နှစ်) ၊ ကျော်မင်းဦး (၃၈ နှစ်)၊ စည်သူ (၂၁) နှစ်၊ သိန်းသန်းထိုက် (၂၃ နှစ်)၊ အောင်ကိုသက် (၃၇ နှစ်)၊ မင်းအောင်ဇော် (ခ) ဗေလုဝ (၃၁ နှစ်)၊ အောင်ကြီး (၂၆ နှစ်)၊ နေထက်အာကာထွန်း (၂၄ နှစ်)၊ ဒုအရာခံဗိုလ်ဇင်ကိုဦး (၄၆ နှစ်)၊ တပ်ကြပ်ဇော်လင်းဦး (၄၁ နှစ်)၊ စိုးမိုးနောင် (၂၈ နှစ်)၊ မြသီတာ (ခ) မုန်း (၂၆ နှစ်) မြဝတီမြို့ ဝင်းသူဇာ(ခ) ဆောင်းသဇင် (၂၇ နှစ်) မင်းလှမြို့ ပန်းရောင်(ခ) မခေါန်ထန့် (၂၀ နှစ်) မြစ်ကြီးနားမြို့ အိဇာဇာမော် (၂၁ နှစ်) (နေရပ်လိပ်စာစုံစမ်းဆဲ) တို့သေဆုံးခဲ့ကြပြီး မဆောင်းနှင်းဖြူမှာ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုအား စစ်ဆေးသူ မကွေးမြို့မရဲစခန်းမှူးစိန်အောင်က သေဆုံးသူများအား သက်ဆိုင်ရာပိုင်ရှင်များထံသို့ ရောက်အောင် စိစစ်ရှာဖွေပေးလျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်စဉ်မှာ အိမ်သုံးမီတာတစ်လုံးအား (Air Con 1 HP) ငါးလုံး၊ ရေခဲသေတ္တာနှစ်လုံးအသုံးပြုသည့်အတွက် အပူချိန်လွန်ကဲ၍ မီးလောင်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော ရွှေမြတ်မင်းသမီး ကာရာအိုကေဆိုင် ငှားရမ်းလုပ်ကိုင်သူ ဦးရဲညွန့်နှင့် ဖက်စပ်လုပ်ကိုင်သူ ဦးကိုကိုနိုင်တို့အား သက်ဆိုင်ရာက အမှုဖွင့်တရားစွဲဆိုထားပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဦးကိုကိုနိုင်အား ဆက်လက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် စီအိုင်ဒီကလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

# တားမြစ်ဆေးများ မရောင်းချရန် ပညာပေးစစ်ဆေး

**တောင်ငူ ဧပြီ ၄**

တောင်ငူမြို့နယ် မြို့သစ်စခန်းမှူး ရဲအုပ်စိုးမင်းအောင် ဦးဆောင်သည့်အဖွဲ့နှင့် တောင်ငူမြို့နယ် ကျွန်းကုန်းကျေးလက်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးကူညီသူများအသင်းတို့ပူးပေါင်းပြီး ဧပြီ ၄ ရက်က နတ်သျှင်နောင်၊ တပင်ရွှေထီးနှင့် မင်းကြီးဆွေရပ်ကွက်များအတွင်းရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများရောင်းချမှု ရှိ မရှိ၊ လိင်ပိုင်းဆိုင်ရာ စိတ်ကြွဆေးဝါးများ ရောင်းချခြင်း ရှိ မရှိတို့နှင့် သင်္ကြန်ကာလတွင် အထူးသတိပြုရမည့် ကာမအားတိုးဆေးများနှင့် မှတ်ပုံတင်မထားသော ဆေးဝါးများအန္တရာယ်ကာကွယ်ရန်တို့ အတွက် ကွင်းဆင်းစစ်ဆေး ဟောပြောခဲ့ကြောင်း သိရသည်။ **သူရ-တောင်ငူ**




# သက်သေခံလက်မှတ်အတုသုံး လိုင်စင်မဲ့မော်တော်ယာဉ်ဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်

**ဘားအံ ဧပြီ ၄**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့က မတ် ၂၈ ရက်တွင် မူးယစ်ဆေးဝါးသတင်းအရ ဘားအံ-လှိုင်းဘွဲကားလမ်း လမ်း/တံတားကောက်ခံရေးဂိတ်တွင် စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လင်ခရူဇာယာဉ်ဖြင့် သယ်ဆောင်လာသော WY ဆေးပြား ၆၀၆၀၀၀ ဖမ်းဆီးရမိခဲ့သည်။ **(သတင်းဖော်ပြပြီး)** ယာဉ်ပေါ်မှတွေ့ရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန စာတမ်းပါကတ်တစ်ခု၊ တပ်မတော်ဆေးတက္ကသိုလ် ယာဉ်ဝင်ခွင့်စာတန်းပါ ကတ်တစ်ခု၊ 5J နံပါတ်တပ် လင်ခရူဇာယာဉ်၏ မော်တော်ယာဉ် သက်သေခံလက်မှတ်တစ်ခုတို့ သိမ်း ဆည်းရမိခဲ့၍ စစ်ဆေးရာမှ ကတ်အတုများဖြစ်နေပြီး မော်တော်ယာဉ်သက်သေခံ လက်မှတ် မှာလည်း အတုဖြစ်နေ၍ မူးယစ်ဆေးဝါး အမှုအပြင် စာတန်းအမှတ်အသား တံဆိပ်အတုပြုလုပ်မှု၊ လိုင်စင်မဲ့ယာဉ် လက်ဝယ်ထားအသုံးပြုမှုတို့ဖြင့် ဘားအံမြို့မရဲစခန်း၌ ဧပြီ ၂ ရက်က ထပ်မံအမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်မှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများမှာ မတ် ၂၅ ရက် ညနေ ၅ နာရီခန့်က တရုတ်လူမျိုး အားတီ (၂၅ နှစ်) နေရပ်လိပ်စာ (စုံစမ်းဆဲ) ထံမှရရှိကြောင်း စစ်ဆေးပေါ်ပေါက်ပြီး စည်သူမြင့်မြတ် ရေကျော်ရပ် ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် အားတီတို့နှစ်ဦးကို ဘားအံမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့သည်။ အမှုစစ်မှ စည်သူမြင့်မြတ်အား ဆက်လက် စစ်ဆေးချက်အရ ဖမ်းဆီးရမိယာဉ်မှာ မြဝတီမြို့ ၁၃ ဂိတ်မှ ငွေကျပ်သိန်း ၁၄၀ ဖြင့် ဝယ်ယူခဲ့သော လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန စာတန်းပါကတ်တစ်ခု၊ တပ်မတော်ဆေးတက္ကသိုလ် ယာဉ်ဝင်ခွင့်စာတန်းပါ ကတ်တစ်ခု၊ 5J နံပါတ်တပ်ယာဉ် သက်သေခံလက်မှတ်တစ်ခုအပါအဝင် အဆိုပါယာဉ်၌ တပ်ဆင်ထားသော ယာဉ်နံပါတ်ပြားနှစ်ခုတို့မှာ မြဝတီမြို့ ၁၃ ဂိတ်အတွင်းမှ ကိုအောင် (၄၅ နှစ်)ခန့်ရှိသူက အတုပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စည်သူမြင့်မြတ်နှင့် လိမ်လည်အတုပြုလုပ်ပေးသူ ကိုအောင်တို့နှစ်ဦးအား အရေးယူရန် ဧပြီ ၂ ရက်တွင် ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင် ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူ တစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မည်စွန်းမဲ့စေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကြူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့်ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဖော်တီချောင်းရွာ၌ နေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် ဧပြီ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖော်တီချောင်းရွာ၌ ယမန်နေ့နံနက်ပိုင်းက ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် လောင်းဒုံကျေးရွာအုပ်စု ဖော်တီချောင်းရွာရှိ ဇာဟိတ်ဟူဆောင်း၏ နေအိမ်၌ ယမန်နေ့ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က ဖယောင်းတိုင်မီးထွန်းရာမှ ပေါ့ဆမီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဇာဟိတ်ဟူဆောင်းနေထိုင်သော သက်ငယ်မိုး၊ ဝါးထရံကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာသုံးခဲ့သူ ဇာဟိတ်ဟူဆောင်းအား ကြိမ်းချောင်းရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ် )**

# မောင်ကြီးတောင်ကျေးရွာ၌ မသင်္ကာသူ ၃ ဦးဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၄**

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာအတွင်း နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့မွန်းလွဲပိုင်းက မသင်္ကာသူ သုံးဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက်က ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင် (၁) ရပ်ကွက်နေ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဇာမာဟူဆိန်းအသတ်ခံရမှုနှင့် ပတ်သက်၍ ထွက်ပြေးလွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မောင်ကြီးတောင်အလယ်ရွာနေ ဘော်ဒီယာအပါအဝင် သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး တောင်ဘဇာနယ်မြေရဲစခန်းသို့ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်းဘူးတွင် အမျိုးသမီးနှစ်ဦး ဆန္ဒဖော်ထုတ်

**မင်းဘူး ဧပြီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မင်းဘူး-မကွေးသွားရာလမ်းဘေးတွင် ဧပြီ ၃ ရက် နံနက် ၉ နာရီခန့်က လယ်ယာမြေပိုင်ဆိုင်ခွင့်ဆုံးဖြတ်ချက်အား မကျေနပ်၍ အမျိုးသမီးနှစ်ဦးက ငြိမ်းချမ်းစွာဆန္ဒ ဖော်ထုတ်ခဲ့သည်။

အဆိုပါအမျိုးသမီးနှစ်ဦးမှာ စလင်းမြို့နယ်တောစိမ့်ကျေးရွာမှ တောင်သူညီအစ်မနှစ်ဦးဖြစ်သည်။ စလင်းမြို့နယ် တောစိမ့်ကျေးရွာအနောက်ကွင်းတွင် ပုံစံ (၇) ရရှိထားသည့် ဦးပိုင်အမှတ် (၈၁)၊ ကွင်းအမှတ် (၅၇၇) တစ်ဝက်အား အခြားတစ်ယောက်ကို လုပ်ပိုင်ခွင့်ပေးရန် တောစိမ့်ကျေးရွာ ရပ်ကျေးလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကအတည်ပြုဆုံးဖြတ်ချက်အပေါ်မကျေနပ်၍ သက်ဆိုင်ရာမှခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဆိုင်ကယ်အစီး ၅၀ လှူဒါန်း

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ Kenbo မော်တော်ဆိုင်ကယ်အစီး ၅၀ ကို မေ ၄ ရက် နံနက် ၁၁ နာရီက Aung Kenbo Trading Co.,Ltd မှ လှူဒါန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က လက်ခံ၍ မြို့နယ်များတွင် တာဝန်ထမ်းဆောင်မည့် မော်တော်ဆိုင်ကယ်များ လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက တရားဥပဒေစိုးမိုးရေးအား ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေမှုကို ပြည်သူမှ ကြိုဆိုခဲ့ပြီး ပြည်သူလူထု၏ လုံခြုံရေးအတွက် ရန်ကုန်တစ်မြို့လုံးအား တစ်နေရာတည်းမှ စောင့်ကြည့်နိုင်မည့် CCTV လုံခြုံရေးစနစ်ကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တစ်တိုင်းလုံး၏ ဖြစ်ပွားမှုကို CCTV မှ ကြည့်၍ ကောလ်စင်တာမှ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ကာကွယ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဆိုင်ကယ်အစီး ၅၀ လှူဒါန်းသော Aung Kenbo Trading Co.,Ltd ၏ ဒါရိုက်တာ ဦးကျော်နိုင်ဦးက ဤသို့ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထံ လှူဒါန်းရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်အောင်အား ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

ထိုနောက် လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာသော ဆိုင်ကယ်အစီး ၅၀ အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ အလှူရှင်နှင့် ခရိုင် လေးခုမှ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်မှူး၊ စခန်းမှူးတို့က အောင်သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-မျိုးမင်းသိန်း**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Instant Noodle၊ "Queen" Orange Juice နှင့် Soy Milk များကို တွေ့ရစဉ်

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၂၃ စီး၊ သွင်းကုန် ၅၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၈၁ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၂ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၈၆၃ သန်းခန့် စုစုပေါင်း သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၂၆၈၃ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Instant Noodle (900) Kg၊ "Queen" Orange Juice (450) Liter နှင့် Soy Milk (27.15) Liter ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၆၆၃ သန်းခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်၍ ပျက်စီးမှုများကို ပြန်လည်ရှင်းလင်းဆောင်ရွက်

**ကျွန်းလှ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထိန်တောကျေးရွာ၌ လေပြင်းတိုက်ခတ် ၍ မိုးသီးများကြွေကျခြင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို မေ ၄ ရက်က ပြန်လည်ပြုပြင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေဘိုမြို့ အမှတ်(၂) တပ်မတော်ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်/ဗိုလ်မှူး မျိုးမြင့်ဦး ဦးဆောင်သော တပ်မတော်သား ၅၃ ဦး နှင့် သဖန်းဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပျက်စီးသွားသော ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ လူနေအိမ်နှင့် ကျေးရွာအတွင်း သစ်ပင်သစ်ကိုင်းများကို ပြန်လည်ပြုပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**မျိုးဝင်းညို(ကျွန်းလှ)**



# ရွှေကူမြို့၌ မိုးသက်လေပြင်းတိုက်ခတ်

**ရွှေကူ မေ ၄**

ရွှေကူမြို့၌ မေ ၃ ရက် ညနေ ၃ နာရီကျော်ခန့်က မိုးမှာမည်းမှောင်လာပြီး ခဏချင်းပင် မိုးသက်လေပြင်းတိုက်ခတ်လာသဖြင့် အမှတ် (၂)ရပ်ကွက်ရှိ ဘောလုံးကွင်းတိုက်တန်း သွပ်မိုးများလွင့်စဉ်ကာ လမ်းဘေးဓာတ်မီးတိုင်များ လမ်းမပေါ်သို့ ပြိုလဲကျခဲ့သည်။ တိုက်တန်းရှေ့ရှိ ထရန်စဖော်မာတိုင်နှစ်တိုင်လည်း အနည်းငယ် လမ်းမဘက်သို့ ငိုက်စောင်းသွားပြီး သွပ်ပြားများလည်း လမ်းမပေါ် ပြန့်ကျဲသွားသည်။

ရွှေကူမြို့မှ သက်ကြီးရွယ်အိုများက ဤကဲ့သို့သော မုန်တိုင်းမျိုး တစ်ခါမျှ မကြုံဖူးကြောင်း ပြောကြားသည်။ တိုက်ခတ်ချိန် မိနစ် ၂၀ အတွင်း သစ်ပင်ကြီးများနှင့် ဖုန်းတိုင်များ၊ ဖုန်းကြိုးများ ပြိုလဲသွားခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# တာချီလိတ်၌ အမျိုးသားတစ်ဦး အအေးမိသေဆုံး

**တာချီလိတ် မေ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက် တာချီလိတ်-ဝမ်ပုံသွားကားလမ်းမဘေး လမ်းတံတားကောက်ခံရေးစခန်းအနီး၌ မေ ၄ ရက် နံနက် ၇ နာရီက အမျိုးသားတစ်ဦး အအေးမိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ဆေးခမ်းရပ်ကွက် တာချီလိတ်-ဝမ်ပုံသွား ကားလမ်းမဘေး လမ်းတံတားကောက်ခံရေးစခန်းအနီး၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းနု၊ မြို့မစခန်းမှူး ဒုရဲမှူး ထိန်လင်း၊ ဟောင်လိတ်ရဲကင်းစခန်းမှူး ရဲအုပ်အောင်ဆန်းဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ လမ်းတံတားကောက်ခံရေးစခန်း၏ အနောက်ဘက် ပေ ၅၀၀ ခန့်အကွာ တာချီလိတ်-ဝမ်ပုံသွားကားလမ်းမ၏ တောင်ဘက် ပေ ၂၀ ခန့်အကွာရှိ အကျယ် သုံးပေ၊ အနက် လေးပေခန့်ရှိ ရေမရှိသော မြောင်းထဲတွင် ဦးကျလော (၅၀ နှစ်) ဆေးခမ်းရပ်ကွက် တာချီလိတ်မြို့နေသူသည် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရသည်။ ၎င်းသည် အခြေအနေမဲ့တစ်ဦးဖြစ်ကာ ဝမ်ပုံသွားကားလမ်းမတွင် မကြာခဏလာရောက် တောင်းရမ်းစားသောက်ပြီး ညအချိန်၌ အခင်းဖြစ်နေရာ၌ တစ်ဦးတည်း အိပ်စက်လေ့ရှိကြောင်း၊ မေ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး အအေးဓာတ်ရှိသော မြေပြင်ပေါ်တွင် အိပ်စက်ရာမှ အအေးမိသေဆုံးခြင်းဖြစ်သည်ဟု ယူဆရသဖြင့် ဆေးစာဖြင့် တာချီလိတ်ပြည်သူ့ ဆေးရုံသို့ ပို့အပ်ခဲ့သည်။

သေဆုံးခြင်းနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် တာချီလိတ်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၄/၂၀၁၇ ရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သေနတ်လုယူစဉ် ကျည်ပေါက်ထွက်ရာမှ ဒဏ်ရာရသေဆုံးမှု ပေါက်တော၌ဖြစ်ပွား

**ပေါက်တော မေ ၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အရှေ့ဖရုံကာကျွန်းရှိ နတ်ရှင်ကျေးရွာ၌ မေ ၄ ရက်က မောင်ဖြူဒေါင်း (၂၉ နှစ်)ရေလုပ်သားသည် သေနတ်ဒဏ်ရာရ၍ သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်စဉ်မှာ နတ်ရှင်ကျေးရွာနေ ဦးမောင်သန်း (၃၁ နှစ်)သည် အရက်သေစာသောက်စားမူးယစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ/ရွာသားများအား ဆဲဆိုရမ်းကားနေသဖြင့် နတ်ရှင်ရဲကင်းသို့ခေါ်ဆောင်လာခဲ့ရာ ရဲကင်းနှင့် ကိုက် ၄၀၀ ခန့်အကွာ လမ်းပေါ်၌ ဦးမောင်သန်း၏ ယောက်ဖတော်စပ်သည့် မောင်ဖြူဒေါင်းဆိုသူက ရဲတပ်သား ထွန်းလင်းကိုင်ဆောင်ထားသော ဘီအေ-၆၃ သေနတ်ကို လုယူစဉ် သေနတ်မောင်းခလုတ်ကိုဆွဲမိ၍ ကျည်တစ်ချက် ပေါက်ထွက်သွားရာမှ ဒဏ်ရာရရှိသွားပြီး ပေါက်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ည ၁၁ နာရီခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြဝတီမြို့ အာရှလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက်

**မြဝတီ မေ ၄**

မြဝတီမြို့နယ် မြဝတီအာရှလမ်းတွင် မေ ၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ပြီး ယာဉ်ပေါ်ပါလာသည့် ခရီးသည် များ သေဆုံး/ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

မြဝတီ-အာရှလမ်းအတိုင်း သဃ်န်း ညီနောင်မှ ကော့ကရိတ်သို့ ခရီးသည် ၁၇ ဦး တင်ဆောင်လာပြီး ယာဉ်မောင်း(စိစစ်ဆဲ)မောင်းနှင်လာသော 6H/---- လိုက်ထရပ်ယာဉ်သည် ရင်ကွဲတောင် ကုန်းအဆင်းအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် မောင်ဇော် နေရပ်လိပ်စာ(စိစစ်ဆဲ)၊ မနန်းအေးအေးခိုင် (၂၇ နှစ်)ကျိုက်မရောမြို့နယ်နေသူနှင့် မျိုးမင်းလတ် နေရပ်လိပ်စာ(စိစစ်ဆဲ)တို့ သုံးဦးမှာ အခင်းဖြစ်စဉ်ရရှိခဲ့သည့် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကာ မနန္ဒာအေး အပါအဝင် ၁၃ ဦး ဒဏ်ရာရရှိခဲ့ပြီး မောင်ရွှေထုပ် (၂ နှစ်)တစ်ဦးသာ ဒဏ်ရာရရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ အဆိုပါ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းသူ ယာဉ်မောင်း စောဇော်လင်းအောင် (စုံစမ်းဆဲ)အား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**ဥပဒေ၏ပူးတွဲပါဇယားများ**

(ယမန်နေ့မှအဆက်)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၉၇၁ | | ၁,၂၀၀,၅၆၇ | | | | | | | | | ၁,၂၀၆,၅၀၈ |
| | ပေါင်း | | ၅၉၇၁ | | ၁,၂၀၀,၅၆၇ | | | | | | | | | ၁,၂၀၆,၅၀၈ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးငွေ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၁၇၄,၀၀၀ | | | ၄၂,၀၀၀ | | | | | ၁,၂၁၆,၀၀၀ |
| | ပေါင်း | | ၁,၁၇၄,၀၀၀ | | | ၄၂,၀၀၀ | | | | | ၁,၂၁၆,၀၀၀ |

နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၁,၃၀၅ | | | | | | | | | ၁၁,၃၀၅ |
| | ပေါင်း | | | | ၁၁,၃၀၅ | | | | | | | | | ၁၁,၃၀၅ |

နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးငွေ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၉၀,၀၆၄ | | ၈၀၀,၀၀၀ | ၂၄,၇၇၆,၄၅၁ | | | | | ၂၆,၁၆၆,၅၁၅ |
| | ပေါင်း | | ၅၉၀,၀၆၄ | | ၈၀၀,၀၀၀ | ၂၄,၇၇၆,၄၅၁ | | | | | ၂၆,၁၆၆,၅၁၅ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၅၄၂,၂၃၈ | | ၂၈,၈၆၅,၉၅၆ | | ၁၁,၀၀၄,၉၇၅ | ၁၃၄,၆၀၀ | | | | | | ၄၀,၅၅၃,၇၆၉ |
| | ပေါင်း | | ၅၄၂,၂၃၈ | | ၂၈,၈၆၅,၉၅၆ | | ၁၁,၀၀၄,၉၇၅ | ၁၃၄,၆၀၀ | | | | | | ၄၀,၅၅၃,၇၆၉ |

(ဆက်လက်ဖော်ပြပါမည်)



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ” ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လားရှိုးလရောင်၊ စာရေးစက္ကူပြာ၊ တိမ်လွှာမို့မို့လွင်

## ဆူးငှက်

***ယခင်အပတ်မှအဆက်***

လွတ်လပ်ရေးအတွက် ဒဂုန်တာရာနှင့်နှစ်ယောက်တည်း မြေလတ်ပိုင်းခရီးထွက်ကြတော့ သဘော်ဆိပ်ရောက်တိုင်း သူ့ချစ်သူ မမကြီးထံစာရေးစက္ကူပြာလေးနှင့်စာတွေရေးပြီး စာပို့လေ့ရှိသူ။

လွတ်လပ်ရေးအတွက် ရှမ်းပြည်နယ်ကတစ်ဆင့် တရုတ်တပ်နီတော်နှင့်ဆက်သွယ်ဖို့ ကြိုးစားရင်း လားရှိုးကဝတ်လစ်စလစ်လမ်းမကြီးပေါ်ကို လရောင်အောက်မှာ ဒဂုန်တာရာကို ‘နိုင်ငံတော်နှင့် တော်လှန်ရေးကျမ်း’ ဆွေးနွေးသူ။

၁၉၄၅ မတ်လ ဂျပန်တော်လှန်ရေးပြီးသောအခါ သခင်ဗဟိန်းကျန်းမာရေးမကောင်း။ နှလုံးရောဂါပြန်ထလာသတဲ့။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလဉက္ကဋ္ဌ၊ သူကဗမာပြည် ကွန်မြူနစ်ပါတီမှာ တာဝန်ယူသည်။ ကျန်းမာရေးဆိုးလာတော့ ရန်ကုန်မှာမနေဘဲ မန္တလေးပြောင်း၏။ အာဠဝီတံတားအနီးက မိဘအိမ်ပြောင်းသည်။ ထိုမှတစ်ဆင့် အခု အ-ထ-က ၉ စိန့်ပီတာကျောင်း၌ ဖွင့်ထားသောဆေးရုံသို့တက်ရ၏။ ရောဂါကမသက်သာ။ ပြင်းထန်။ ထို့အတူ မြန်မာပြည်နိုင်ငံရေးမှာလည်း ဖဆပလနှင့်ကွန်မြူနစ်ပါတီအကွဲအပြဲကလည်း ပြင်းထန်။ အပြန်အလှန်ဝေဖန်ကြ၊ တိုက်ခိုက်ကြ။ တိုင်းပြည်အတွက် အနစ်နာခံလက်တွဲလုပ်ကြသူအချင်းချင်း ကွဲကြပြဲကြသည့်သတင်းကို လူမမာအား အသိမပေးဖို့ ဆရာဝန်က တားမြစ်ထား၏။

ထိုအခါ နေ့စဉ်ထုတ်သတင်းများကိုပင် ကိုဗဟိန်းထံ မပို့ရဟု ဆရာဝန်က ကန့်သတ်ထား သည်။ ကိုဗဟိန်းရှေ့နိုင်ငံရေးသတင်းမပြောရဟုပင် ပိတ်ပင်ထား၏။ ဖြစ်ချင်တော့ ဘီတီဘရားသား ကုမ္ပဏီက လူမမာထံ အမြဲပို့သော ပေါင်မုန့်နှင့်ကော်ဖီမှုန့်ထုပ်သည့် ဂျာနယ်ကျော်သတင်းစာတွင် ‘ဖဆပလခါးပိုက်ထဲက ကွန်မြူနစ်မြွေပွေး’ ဆိုသော သတင်းနှင့်သရုပ်ဖော်ပုံကို ဖတ်မိကြည့်မိလိုက်တော့ ကိုဗဟိန်းမှာ ထိုကတည်းက ရောဂါပိုသည်းလာသည်။

သူချစ်သော သူ့ရဲဘော် ဖဆပလဉက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက သူ့ဆီလာသော လူမမာမေးအားပေးမည့်ရက်ကိုပင် မစောင့်နိုင်တော့ဘဲ သခင်ဗဟိန်းကား ၁၉၄၆ ခု၊ နိုဝင်ဘာ ၂၀ ရက် နံနက် ငါးနာရီခွဲတွင် ကွယ်လွန်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်း မန္တလေးလေယာဉ်ကွင်းတွင် နံနက်ခုနစ်နာရီကျော်ဆိုက်ရောက်တော့ နာရေးသတင်းက ဆီးကြိုနေတော့သည်။ ဗိုလ်ချုပ်က အသုဘအိမ်တောက်လျှောက်သွားကာ ဇနီးဒေါ်ခင်ကြီး(ခေါ်)ဒေါ်မမကြီးကို အားပေးသည်။ မိဘများကိုလည်း ‘နိုင်ငံခြားမှာ ကုရင်ပျောက်မည့် ရောဂါမို့ သူနဲ့တွေ့ပြီး စီစဉ်ဖို့လာတာ အခုတော့လွန်သွားကုန်ပြီ’ ဟု ဆို့နင့်စွာ ဝမ်းနည်းစကားဆိုသည်ဟု ဖတ်မှတ်ရဖူးသည်။

၁၂၇၉ ခုနှစ်၊ ဝါဆိုလတွင် မွေးဖွားခဲ့သူမို့ သခင်ဗဟိန်း ကွယ်လွန်တော့ အသက် ၂၉ နှစ်ပဲရှိသေး၏။ အိမ်ထောင်ကျ အပြီး ခုနစ်နှစ်မှာ ကွယ်လွန်ခြင်းဖြစ်သည်။ သူရဲကောင်းများကား အသက် ၃၀ မပြည့်မီပင် တိုင်းပြည်အတွက် အလုပ်အများကြီးလုပ်ကာ ကျန်းမာရေး ကိုပင် ဂရုမစိုက်နိုင်အားဘဲ အသက်စွန့်ခဲ့ကြသည်။

သုသာန်၏ မြောက်ဘက်ခြမ်းတွင် ဇရပ်များ၊ သစ်ပင်အုပ်ကြီးများ၊ အုတ်ဂူများနှင့် မှိုင်းညို့နေသော်လည်း တောင်ဘက်ခြမ်းမှာတော့ အထပ်ထပ်ဖြစ်သလို မြုပ်နှံသောမြေကျင်းများကြောင့် မွစာတက်နံစော်နေ၏။ အရိုးများက ထိုးထိုးထောင်ထောင်၊ သေတ္တာပျဉ်အကျိုးအပဲ့များက ကိုးလိုးကန့်လန့်။ တောင်ဘက်စွန်းရှိ သားသတ်ရုံမှ သားရေပုပ်နံ့၊ သားရေစိမ်ရည်နံ့များကား သုသာန်သရုပ်ကို အတိုင်းထက်အလွန် အကျည်းတန်သွားစေ၏။

မှတ်မိပါသေးသည်။ ၁၉၇၅ ခုနှစ်လောက်ဖြစ်မှာပေါ့။ တောကအမျိုးတွေရောက်လာတော့ အိမ်မှာမအိပ်လောက်၍ ရေပန်းကျောင်းတိုက်ထဲက ဘထွေးဘုန်းကြီးကျောင်းမှာ သွားအိပ်ကြရသည်။ ကိုးတန်းကျောင်းသား ကျွန်တော်က လမ်းပြဦးဆောင်။ ညပိုင်းရောက်တော့ ဘုန်းကြီးကျောင်းမှ အငြိမ့်ဆိုင်းသံကြားသဖြင့် ပွဲခင်းရှိရာမှန်းပြီးသွားကြ၏။ ရွာဟိုင်းဈေးဘက်ကလိုလိုမို့ ရေပန်းကျောင်းတိုက်အရှေ့ပေါက်ကထွက်၊ မစိုးရိမ်တိုက်ကြီးကတစ်ဆင့် အရှေ့ဘက်သို့ဖြတ်၏။ ရွာဟိုင်းဈေးဘက်ရောက်တော့ ၄၁ လမ်းဘက်ဆီကလိုလို။ ဒါကြောင့် ၄၁ လမ်းဘက်သွား၏။ ၄၁ လမ်းနားမှာမရှိ။

အနောက်တောင်ယွန်းယွန်းဆီကမို့ ၄၁ လမ်းအတိုင်း အနောက်ဆင်းသည်။ လူနေအိမ်ခြေကျဲသွားသည်။ ဆိုင်းသံက မကြားရတစ်ချက် ကြားရတစ်ချက်။ ဖြတ်သွားသော မြင်းလှည်း ဆရာမေးတော့ ဟိုအနောက် သန်လျက်မှော်ထဲမှာတဲ့။ ဒါကြောင့် လက်လျှော့လိုက်သည်။ ခပ်လှမ်းလှမ်းက အောက်လင်းဓာတ်မီးထွန်းထားသော ဆိုင်ကလေးဆီလှမ်း တစ်ပြန်နီးနီးကျယ်သော ကွက်လပ်ကြီးကိုကျော်ကာ သုသာန်အစပ်သင်္ချိုင်းမြောင်းကူးတံတားမရောက်မီမှာ မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်စိတွေပြာဝေသွား၏။ ရင်ထဲက အော်ဂလီဆန်ကာ ပျို့လာ၏။

ဟုတ်တာပေါ့။ တစ်နေ့ညက မိမိတို့စွပ်ပြုတ်သောက်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်လေး။ ညအလင်းဆိုင်နေမှာပေါ့။ နေ့မှာ စားပွဲတွေမှောက်ပြီး ပိတ်ထားသည်။ သံပြားပေါ်က မြေဖြူလက်ရေးလည်း မှတ်မိ၏။ အရွတ်တွေ၊ ခြင်ဆီတွေတပြွတ်ပြွတ်စုပ်၊ အရိုးနုလေးတွေ တကြွပ်ကြွပ်ဝါး အားပါးတရစားသောက်ခဲ့သည့် ဆိုင်ကလေး။ ဆိုင်ကလေးက သင်္ချိုင်းမြေအစပ်မှာ။

ဩော်...လူတွေ၏အစွဲက အံ့အားသင့်စရာ။

ထိုနေရာများမှာ အခုလိုဈေးဆိုင်တွေ၊ လူနေတိုက်ခန်းတွေ၊ လမ်းတွေနှင့်ပြုပြင်ကာတည်ဆောက်လိုက်တော့ အရင်ကနဲ့ ဘာမှမဆိုင်။ တော်ရုံလူလက်လှမ်းမမီသော ပေါက်ဈေးတန်သွားသည့် မြေကွက်များ၊ ဈေးဆိုင်ခန်းများ၊ ‘ပျက်အစဉ်၊ ပြင်ခဏ’ ဟု ဆိုရမလို။



ရွာဟိုင်းသုသာန်ဖျက်သိမ်းပြီးနောက် ကျန်ရစ်သည့် ရဲဘော်ဗဟိန်းအုတ်ဂူ

ကြည့်တော့ လက်ဖက်ရည်ဆိုင်လေးမို့ ဝင်လိုက်ကြ၏။ လက်ဖက်ရည်ဆိုင်မှာ စွပ်ပြုတ်နှင့်နံပြားရသည်ဆိုသော သံပြားပေါ်က မြေဖြူလက်ရေးကြောင့် ကျွန်တော်တို့စွပ်ပြုတ်မှာကြ၏။

မဆလာနံ့တသင်းသင်းနှင့် ဆိတ်ဒူးရိုးကြီးများပါသော စွပ်ပြုတ်ကို နံပြားပူပူနှင့်စားရတာကောင်းလှသည်။ ဒူးရိုးကြီးများကိုကိုက်ရင်း အရွတ်များ၊ ခြင်ဆီများကို တပြွတ်ပြွတ်စုပ်သည်။ အရိုးနုလေးများကို တကြွပ်ကြွပ်ဝါးစားရ၏။ အရိုးကို အဆစ်ထပ်တောင်း၊ အရည်ထပ်တောင်းကာ ဗိုက်ကားအောင်စားပြီး လက်ဖက်ရည်တစ်ခွက်စီသောက်ကာ ကျောင်းသို့ပြန်ခဲ့ကြသည်။ လာလမ်းအတိုင်းပြန်တာမို့ ခရီးကမနီးလှ။ ကျောင်းရောက်တော့ မောမောနှင့် အိပ်ပျော်သွားသည်။

နောက်နှစ်ရက်လောက်နေတော့ သားရေဖိနပ်ချုပ်သည့် အစ်ကိုတစ်ယောက်က ၄၁ လမ်း ဦးမောင်ကို သားရေစက်ရုံသို့ခေါ်သွားသည်။ ၄၁ လမ်းအတိုင်း စက်ဘီးနှင့်နင်းလာတော့ သားရေစက်ရုံမရောက်မီ ညာဘက်ကွက်လပ်ကြီးတွေ့၏။ ၄၁ လမ်းဘက်ကမို့ မျက်စိလည်နေသဖြင့် ဒီကွက်လပ်ကြီးက ဘာလဲဟု အစ်ကို့ကို မေးတော့ ‘ရွာဟိုင်းသုသာန်လေကွာ’ ဟု ဖြေသည်။

ဟုတ်သားပဲ မြေမြုပ်သင်္ဂြိုဟ်တဲ့နေရာတွေပေါ့။ အရိုးတွေ ထိုးထိုးထောင်ထောင်၊ ဦးခေါင်းခွံတွေက မခြောက်တခြောက်။ ဆံပင်အစတွေနဲ့ အဝတ်စတွေလည်း ပြန့်ကျဲ။ အချို့အသားစများလည်း ခွေးဆွဲထားလို့ ပိုးလိုးပက်လက်ရှိနေတဲ့ကွက်လပ်ကြီး။ ထိုကွက်လပ်ကြီးက ၄၁ လမ်းအထိ ထိစပ်နေတာကိုး။

မန္တလေးမြို့ရှိ ဘာသာစုံသုသာန်ကြီးတွေကို ဖျက်သိမ်းကာ မြို့ပြ စည်ပင်သာယာရေးအရ ပန်းခြံများ၊ အားကစားကွင်းများ၊ ဈေးကြီးများ၊ အဝေးပြေးဂိတ်ကြီးများအဖြစ် ပြောင်းလဲလိုက်သည်။ မန္တလေးမြောက်ဘက်ရှစ်မိုင်ခန့်ဝေးသော ကြာနီကန်ရွာ၏ အရှေ့ဘက်သို့ ဘာသာစုံသုသာန်များပြောင်းရွှေ့လိုက်ပြီမဟုတ်ပါလား။

ရွှေတချောင်းအနီး ၃၈၊ ၃၉ လမ်းနှင့် လမ်း ၄၀ များတွင်လည်း လူစည်ကားလှပါသည်။ ကျောက်ဈေးကွက်ကြီးများဖြစ်၏။ ထိုဈေးကွက်များကား ၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်က ပေါ်ခဲ့သည်။

ရွာဟိုင်းအရာတော်ရပ်မှာစခဲ့သော ထိုဝိုင်းသည် ထိုစဉ်က နံနက်ငါးနာရီလောက်ဆိုလျှင် စလေပြီ။ ထို့နောက် လမ်း ၄၀ ဘက်သို့ နံနက်စောစောတွင် ပြောင်းရွှေ့ကြ၏။ ကျောက်သမားများက အောက်ကျောက်ဝိုင်းဟုခေါ်သည်။ အသားကျောက်များ၊ အပွင့်သေးများ အရောင်းအဝယ်လုပ်ကြသည်။ ထမင်းစားကျောက်ဟုဆို၏။ ထို့ကြောင့် အိမ်တိုင်းလိုလို ကျောက်သွေးခုံလေးတွေ ထောင်လာကြသည်။ နံနက်မလင်းမီကပင် တစ်မြို့လုံးက စက်ဘီးလေးနှင့်လာကြ၊ ဆိုင်ကယ်နှင့်လာကြ၊ လမ်းဘေးမှာ ဖြန့်ခင်းကြ၊ ဈေးဆိုင်ကြ၊ ဈေးဖြတ်ကြ။ ထိုစဉ်က အဖမ်းအဆီးလာလျှင် ပြေးကြလွှားကြ။ အလုပ်ဖြစ်သူဖြစ်ကြ။ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး ပွန်းပါသူပါကြ။

ထိုစဉ်က မန္တလေးမှာ တစ်အိမ်လျှင် အနည်းဆုံးကျောက်သမားတစ်ယောက်ရှိသည်ဟု ဆိုရပေမည်။ ကျောက်ပြီးလို့၊ သို့မဟုတ် တခြားအလုပ်အဆင်မပြေလို့ ‘ကျောက်ဝိုင်းဆင်းတယ်’ ဆိုလျှင်ပြီးပြီ။ အိတ်ထဲမှာ အောင်ဆုပန်ထိလက်မှတ်ထည့်ထားသူမို့ ဦးဘဂျမ်းကာတွန်းထဲကလို အပြတ်ပြောလို့မရ။ သူဌေးလေးလည်း ဖြစ်သွားနိုင်သည် မဟုတ်လော။ ထိုမျှော်လင့်ချက်ဖြင့် အိမ်ကလည်း အရာရာခွင့်လွှတ်ထားရသည်။ နောက်တော့လည်း ရေခဲကအရည်ပျော်ကာ အရည်မရအဖတ်မရဖြစ်သူတွေလည်း တစ်ပုံကြီး။ ကျောက်လေးကို လက်ညှိုးနှင့်လက်မကြားညှပ်ကာ နေရောင်ထောင်ကြည့်ရတာကိုက စတိုင်တစ်မျိုး။

နံနက် ရှစ်နာရီခွဲ ကိုးနာရီလောက်ရောက်လျှင် ထိုဝိုင်းက ကျဲသွားကာ ၃၄ လမ်းဝိုင်းသို့ ပြောင်းကြသည်။ ၃၄ လမ်းဝိုင်းကတော့ ဟိတ်ဟန်ကြီး၏။ ဆယ်ကြီး၊ ရာဂဏန်းလောက်ပြောကြ၏။ ၃၄ လမ်းဝိုင်းက ညနေပိုင်းသွားပြန်တော့ ညနေစောင်းလမ်း ၄၀ ပြောင်းကြပြန်သည်။ မန္တလေးကျောက်ဝိုင်းမျိုးဆက်က သုံးဆက်လောက်တော့ ပြောင်းရောပေါ့။

ကျွန်တော့်မိတ်ဆွေ ဆရာထွန်းကတော့ မိမိတတ်ကျွမ်းသော တိရစ္ဆာန်ဆေးကုပညာကို လှည့်မကြည့်ဘဲ ကျောက်လောကသို့ ခြေစုံပစ်ဝင်သွားသည်။ ကံနှင့်လူ နဖူးမှာအလံထူသူပေါ့။ နေ့ချင်းညချင်း ဆန်နီပစ်ကပ်နှင့်ဖြစ်သွား၏။ ရွှေလီတစ်ခေါက် နှစ်ခေါက်တက်ပြီး မကြာမီစူပါစလွန်းနှင့်ဖြစ်သွားပြန်သည်။

အခုတော့ ကျောက်လောကအကြောင်း နာမည်ကျော်ဆောင်းပါးများရေးသားခဲ့သည်။ ရှင်ကြီးဝမ်းလည်းဝင်ခဲ့ပြီ။ ရှင်ငယ် ဝမ်းလည်းဝင်ခဲ့ပြီဟု ပြောလေ့ရှိ၏။ သူ့အတွေ့အကြုံကလည်း မသေးလှ။ ‘ပါနီထဲကရေ၊ ပါနီထဲပါသွားတာပဲ’ဟု ပြောကာ လောကဓံကို အပြုံးမပျက် ရင်ဆိုင်ရင်း စက်ဘီးလေးတစ်စီးဖြင့် အပေါင်းအသင်းများနှင့် အချိန်ပေးနေတတ်သည်။ အခုတော့လည်းအရင်းအနှီးသိန်းပေါင်းများစွာနှင့် လုပ်ငန်းကြီးတစ်ခု အစပျိုးနေပြန်သည်။ သူ့ပုံစံက ဂျော်နီလမ်းလျှောက်။

လမ်း ၄၀ အောက်ကျောက်ဝိုင်းလေးများမှာ တရစ်ဝဲဝဲသင်ယူရင်း တဖြည်းဖြည်းစုကာဆောင်းကာနှင့် ကျောက်လောကတွင် မှန်မှန်ကြီး နေရာရကာဇွဲရှိရှိသက်တမ်းရှည်ရှည် အောင်လံထူနေသောမိတ်ဆွေကြီးကိုရွှေမိုးကလည်း မန္တလေးကျောက်ဝိုင်းသမိုင်းကို ရင်တလှပ်လှပ်၊ အသည်းတဖိုဖို၊ ပြုံးရမလို၊ မဲ့ရမလို ရသစုံဖြင့် မှတ်တမ်းတင်နိုင်လောက်သည့် ပုဂ္ဂိုလ် ဖြစ်၏။ ထိုစာအုပ်မျိုးကိုသူပိုင်စာပေမှ ဖြန့်ချိလျှင်ကျောက်တစ်သက်လုပ်စာထက် ပိုကိုက်လောက်ပေမည်။

ရွှေတချောင်းသည်ကျောက်ဝိုင်းသမိုင်းကိုလည်း မမေ့။ သူကအခုထက်ထိ ထမ်းပိုးထားဆဲ မဟုတ်လား။

တော်သူ၊ ချော်သူ။ နသူ၊ လုသူ။ မိန့်သူ၊ ဖိန့်သူ။ တက်သူ၊ ဖျက်သူ။ တိုးသူ၊ ခိုးသူ။ ရဲသူ၊ မွဲသူ။

ဥရောပဘုံဈေး၊ အာဆီယံစီးပွားကပ်၊ ဟောင်ကောင်ဈေးကွက်၊ အင်ဒိုနီးရှားတောမီး၊ ကလင်တန်လိင်မှု၊ ကိုဖီအာနန်ပီကင်းခရီး၊ မေဆွိမင်္ဂလာပွဲ၊ အကယ်ဒမီညချမ်း၊ မြားဆိပ်ကိုအရက်မှတ်သောက်သူ၊ မော်ဒယ်ဂဲလ်ကားတိုက်မှု၊ ဟင်းရွက်ခူးသွားသူလေးကံကြမ္မာ...

စတာ...စတာတွေကို ဂျာနယ်အစောင်စောင်ကိုင်ကာ နီးနှောရင်းရွှေတချောင်းဘေးက ကျောက်ဝိုင်းသည် မရိုးနိုင်သေးသော ဘိုးဘွားပိုင်မျှော်လင့်ချက်များဖြင့် လှုပ်ရှားနေကြဆဲ။

ရွှေတချောင်းကတော့အရင်အတိုင်း၊ ကျောက်ဝိုင်းကလည်း အရင်အတိုင်း၊ ရွာဟိုင်းသုသာန်ကတော့ မဟာအောင်မြေအားကစားကွင်းကြီးနှင့် ဈေးဆိုင်ခန်းများအဖြစ်အသွင်ပြောင်းဆဲ။

တကယ်တော့ သတိရနေမိသည်က လားရှိုးလရောင်၊ စာရေးစက္ကူအပြာနှင့် တိမ်လွှာမို့မို့လွင်...။

***(“တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး” ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# သောက်သုံးရေအခက်အခဲဖြစ်နေသည့် တဲတိုက်သို့ သောက်သုံးရေဖြန့်ဝေပေး

**မကွေး မေ ၄**

မကွေးမြို့နယ် ကြိုးကြာကန်ကျေးရွာ အုပ်စုရှိ ကိုးရွာကျေးရွာ (တဲတိုက်)သို့ မကွေးမြို့နယ် ကျေးလက်ဦးစီးဌာနမှ သောက်သုံးရေများကို မတ်လနောက်ဆုံးပတ်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သောက်သုံးရေဖြန့်ဝေမှုအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်လွင် ကြီးကြပ်၍ NGO အဖွဲ့အစည်းဖြစ်သည့် BAJ မှ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် နှစ်ခေါက် သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ကိုးရွာတဲတိုက်၌ အိမ်ခြေ ၂၈ အိမ်၊ လူဦးရေ ၁၃၀ မှီတင်းနေထိုင်လျက်ရှိကြပြီး တဲတိုက်အနီးရှိ စိမ့်စမ်းတွင်းများမှ သောက်ရေသုံးရေများသည် လက်ရှိတွင် ရေထွက်နည်းလာ၍ ယင်းတဲတိုက်နှင့် သုံးမိုင်ခန့် ကွာဝေးသည့် ကြိုးကြာကန်ကျေးရွာသို့ သွားရောက်ရေသယ်ဆောင် အသုံးပြုနေရသဖြင့် ရေအခက်အခဲဖြစ်ပေါ်နေသဖြင့် ကျေးလက်ဦးစီးဌာနမှ သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ်တွင် ကျေးရွာပေါင်း ၂၁၆ ရွာရှိသည့်အနက် ကျေးရွာခြောက်ရွာနှင့်တဲတိုက်လေးတိုက်ခန့်မှာ ယခုနှစ်နွေရာသီတွင် ရေရှားပါးပြတ်လပ်နိုင်ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန၏ စာရင်းကောက်ခံချက်များအရ သိရသည်။

**ကျော်ဇေယျ**




# သင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**သီပေါ မေ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မဟာသင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေးအတွက် မေ ၂ ရက်က မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သီပေါယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် အဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြသည်။

မဟာသင်္ကြန်ကာလအတွင်း ဆိုင်ကယ်စီးနင်းသူများအနေဖြင့် အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်စီးသူတိုင်း ဦးထုပ်ဆောင်းရေး၊ ပါဝါအိတ်ဇောတပ်ဆင်ခြင်း၊ သံစုံဟွန်းတပ်ဆင်ခြင်း၊ လမ်းပြောင်းပြန် မောင်းနှင်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက်ပိုမို မောင်းနှင်ခြင်း၊ လမ်းလု၍ အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများနှင့်အတူ ယာဉ်နှင့်ကုန်စည် မမျှမတ ကုန်ပိုကုန်လျှံများ တင်ဆောင်ခြင်း မပြုလုပ်ကြရန် အသိပညာပေးနှိုးဆော်လျက် ရှိသည်။

အဆိုပါ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီသည် ယာဉ်စည်းကမ်းလိုက်နာဆောင်ရွက်ရေးအတွက် ရုံးဌာနများ၊ကျောင်းများ၊ ရပ်ကွက်အသီးသီးတို့အပြင် လူစည်ကားရာ နေရာများ၌ ပညာပေး ကာလအဖြစ်ဆောင်ရွက်ခဲ့ကြပြီး ယခုလည်းလူစည်ကားရာ လမ်းဆုံလမ်းခွများ၌ မေ ၂ ရက်မှ ၁၀ ရက်အထိ ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကာ သင်္ကြန်လွန်ကာလတွင် ၂၀၁၅ ခုနှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ဥပဒေအသစ်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါ (တပ်စိတ်) ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်က ပြောသည်။

**စိုင်း(သီပေါ)**

# ကျိုက်မရောမြို့နယ်၌ အခမဲ့တိုင်းရင်းဆေးရုံသစ်ဖွင့်



**မော်လမြိုင် မေ ၄**

မွန်ပြည်နယ်လုံးဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံကွယ်ကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် (အခမဲ့)တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က ယင်းအဆောက်အအုံရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခမဲ့ဆေးရုံသစ်ဆိုင်းဘုတ်အား မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာဆေးပညာ သမားတော်များအဖွဲ့ဥက္ကဋ္ဌ သုခမိန်ဆရာကြည်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မုခ်ဦးကို သမားတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

တည်ဆောက်ပြီးစီးသည့် (အခမဲ့) တိုင်းရင်းဆေးရုံ ခုတင် ၁၆ လုံးဆံ့ အဆောက်အအုံကို အဘက်ဘက်မှ ပါဝင်ကူညီခဲ့သည့် မတည်အလှူရှင်နှင့် အလှူရှင်များအား စလွယ်ဆုနှင့် ဂုဏ်ပြုလွှာများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာ တောင်သာဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ သုခမိန်ဆရာကြည်၊ ပြည်နယ်ဥက္ကဋ္ဌ ဆရာတိုးဝင်းနှင့် တာဝန်ရှိသူတို့က ဆုများနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မြစ်ကြီးနား-မန္တလေး စုန်/ဆန်ရထားများ အချိန်ပြင်ဆင် ပြေးဆွဲသွားမည်

**မြစ်ကြီးနား မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တို့သို့ ဆက်သွယ်သွားလာလျက်ရှိသည့် မြန်မာ့မီးရထားလမ်းပိုင်းတွင် ပုံမှန်ပြေးဆွဲနေသောအစုန်/အဆန် ရထားများကို မေ ၅ ရက်မှ စတင်ကာ ဆိုက်ရောက်ထွက်ခွာချိန်များ ပြောင်းလဲပြင်ဆင်ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ အချိန်ပြောင်းလဲပြင်ဆင်ပြေးဆွဲသွားမည့် ရထားများမှာ လက်ရှိ နံနက် ၅ နာရီတွင် ထွက်ခွာပေးသည့် အမှတ် (၄၂) အစုန်မြစ်ကြီးနားနှင့် မန္တလေး၊ ဒုတိယအမြန်ရထားမှာ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ထွက်ခွာသည့် အမှတ်(၅၆)အစုန် အထူးအမြန်ရထားသည် မြစ်ကြီးနားမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာသည့် အမှတ်(၃၈) အစုန် ရထားသည် မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၈ နာရီတွင်လည်းကောင်း၊ မြစ်ကြီးနားမှ မွန်းလွဲ ၃ နာရီတွင် ထွက်ခွာသည့် မန္တလာရထားသည် ညနေ ၄ နာရီမှ စတင်ထွက်ခွာကာ မန္တလေးသို့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

အလားတူ မြစ်ကြီးနားနှင့်မန္တလေး ရထားလမ်းအပိုင်းတွင်ခရီးတိုပြေးဆွဲပေးနေသည့် မြစ်ကြီးနား- နဘား ခေါက်ပြန်ရထား၊ မြစ်ကြီးနား-မိုးညှင်း၊မြစ်ကြီးနား-မိုးကောင်း (RBE) ကားရထားများကိုလည်း ဆိုက်ရောက်ထွက်ခွာချိန်များ ပြောင်း လဲပြင်ဆင်ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။ **သူရိန်စိုး(ကချင်မြေ)**

# မြို့ဦးစေတီရွှေသင်္ကန်းကပ်လှူမင်္ဂလာကျင်းပ

**ရန်ကုန် မေ ၄**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီ(မြို့ဦးစေတီ)၏ ရွှေသင်္ကန်းတော်ကပ်လှူခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၂ ရက်က မြို့ဦးစေတီဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင်သြဝါဒါဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားများကို နာကြား၍ ရွှေသင်္ကန်း အလှူရှင်များအား သြဝါဒါဆရာတော်များနှင့် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့အပြင် ပြည်လုံးချမ်းသာမဟာစေတီ (မြို့ဦးစေတီ)ကြီးရှိ ထီးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေသင်္ကန်းများ ကပ်လှူပြီး ဖိနပ်တော်မှ ကြာမှောက်ကြာလန်တော်အထိ ရွှေဆေးသင်္ကန်းတော်များ ကပ်လှူခဲ့ရာ စုစုပေါင်းဖိုး ငွေကျပ်သိန်း ၅၆၀ ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

# ထီးတော်တင်လှူပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ကိုင်းကလေး ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သာသနာ့နယ်မြေ ကုန်းတော်ထက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းကြည်ညိုကိုးကွယ်ထားသည့် ၂၇ တောင်ပြည့် မဟာဓမ္မရာဇာစေတီတော်မြတ်ကြီးနှင့် ငြိမ်းချမ်းဝေစည် သုခရွှေပြည်ကမ္ဘာလုံးစေတီတော်တို့အား ရွှေထီးတော်တင်လှူခြင်း၊ ဗုဒ္ဓရက္ခိတကျောင်း ဆောင်သစ်၊ မုခ်ဦးရေစက်ချခြင်းနှင့် အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# NDRC မှ ထောက်ပံ့သော အိမ်သုံးဆိုလာပစ္စည်းများပေးအပ်

**ရေစကြို မေ ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တည်ထောင်ဆောင်ရွက်ခဲ့သော ထင်းအစား အခြားလောင်စာသုံး ထူးချွန်စံပြကျေးရွာဆုရမြို့နယ်ရှိ ထန်းတိုကျေးရွာသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC က ထောက်ပံ့သည့် အိမ်သုံးဆိုလာပစ္စည်းများနှင့် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးအပ်ပွဲကို မတ်လနောက်ဆုံးပတ်က ထန်းတိုကျေးရွာ အမှတ်(၂၉) အခြေခံ ပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်း-၂ က စွမ်းအားမြှင့် မီးဖိုနှင့် အိမ်သုံးဆိုလာပစ္စည်းများ ဖြန့်ဝေပေးရခြင်း ရည်ရွယ်ချက်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး စွမ်းအားမြှင့်မီးဖိုနှင့် အိမ်သုံးဆိုလာပစ္စည်းများ၊ စနစ်တကျတပ်ဆင်သုံးစွဲမှုကို လက်တွေ့ပြသကာ ကျေးရွာနေပြည်သူများသို့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# မူခင်းပြခန်းယာဉ်ဖြင့် လှည့်လည်အသိပညာပေး

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မူခင်းများကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် မူခင်းအသိပညာပေးပြခန်း၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြခန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ရုပ်စုံကာတွန်းပြခန်းများပါဝင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ်လနောက်ဆုံးပတ်က သင်္ဃန်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် အ.လ.က(၆)ကျောင်းရှေ့သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အနီး သံသုမာလမ်းမ၌ အသိပညာပေးဆွေးနွေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး သုဝဏ္ဏနယ်မြေရဲစခန်းမှူးနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

# သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးနှင့် သတင်းအချက်အလက် သိပိုင်ခွင့်ဥပဒေဆိုင်ရာ ဆွေးနွေး

**ရန်ကုန် မေ ၄**

သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးနှင့် သတင်းအချက်အလက်သိပိုင်ခွင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အလုံလမ်း ဆမ်းမင်ပတ်စ်ဖြူး ဟိုတယ်၌ မတ်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အတွင်းရေးမှူး ဦးသီဟစောက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဟံသာဝတီဦးအုန်းကြိုင်၊ ဦးဟန်ညွန့် (ဥပဒေ)တို့က လက်ရှိသတင်းမီဒီယာဥပဒေတွင် ပြင်ဆင်သင့်သည့် အချက်များကို လည်းကောင်း၊ သတင်းမီဒီယာကောင်စီဝင် ဦးအောင်လှထွန်းက သတင်းအချက်အလက်သိပိုင်ခွင့် ဥပဒေအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့မှ သတင်းမီဒီယာအဖွဲ့များက အုပ်စုငါးအုပ်စုခွဲ၍ အကြံပြုဆွေးနွေးချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂)၊ ဒေါက်တာမျိုးသန့်တင် က နိဂုံးချုပ်ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# တရုတ်နိုင်ငံမှ ဝယ်လိုအားကြောင့် ဆီးပုလဲများ ဈေးနှစ်ဆကျော်ခုန်တက်

**မန္တလေး မေ ၄**
မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီးပုလဲများ စတင်ထွက်ရှိသည့် ဖေဖော်ဝါရီလလယ်ပိုင်းမှစ၍ အထွက်နှုန်းနည်းခဲ့သဖြင့် အဖွင့်ဈေးကောင်းခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်၌လည်း ဝယ်လိုအားကောင်းနေသောကြောင့် ဈေးနှစ်ဆကျော် ခုန်တက်လာကြောင်း ပွဲရုံများမှ သိရသည်။

ယခင်နှစ်များက တစ်ပိဿာလျှင် ၁၈၀ ကျပ်နှင့် ၂၀၀ ကျပ်အတွင်းသာ ရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၃၈၀ ဖြင့် အဖွင့်ဈေးစခဲ့ပြီး ယခုမတ်လအတွင်း လှိုင်လှိုင်ပေါ်ချိန်တွင် ကျပ် ၅၀၀ အထိ ဈေးခုန်တက်လာခြင်းဖြစ်သည့်အပြင် အဝယ်သွက်လျက်ရှိကြောင်း ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီနှစ်က အထွက်နှုန်းကနည်းပြီး တရုတ်က ဝယ်လိုအားလည်း ကောင်းနေတယ်။ ဒ့ါအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဝယ်ချင်ပေမယ့် တင်ပို့မှုအခက်အခဲရှိနေတယ်။ ဆီးအစေ့ကိုခွဲပြီးထုတ်ထားတဲ့ ဆီးအဆန်ကိုလည်း တရုတ်က တစ်ပိဿာကို ကျပ်ငါးသောင်းအထိပေးပြီး ဝယ်နေတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခင်နှစ်များက ဆီးသီးဈေးကောင်းမရခဲ့ခြင်းကြောင့် တောင်သူများက ဆီးပင်များကို ခုတ်ထွင်ရှင်းလင်းကာ ပဲစင်းငုံများ အစားထိုးစိုက်ပျိုးခဲ့သဖြင့် ယခုနှစ်တွင် ဆီးသီးအထွက်နည်းခဲ့ပြီး ဈေးကောင်းနေသော်လည်း ပဲစင်းငုံမှာ ယခုနှစ်တွင် ဈေးများကျဆင်းနေကြောင်း ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာမှ ဆီးပင်စိုက်တောင်သူ ဒေါ်သန်းလှကပြောသည်။

"ကျွန်မတို့တောင်သူတွေကတော့ ဈေးကောင်းရမယ့်အပင်တွေကို ပြောင်းပြီး ရွေးချယ်စိုက်ပျိုးပေမယ့် ကိုယ်ပြောင်းပြီးစိုက်တဲ့နှစ်ကျရင် ဈေးက ထင်သလောက်မရတာတွေနဲ့ပဲ ကြုံနေရတယ်။ ဒီနှစ် ဆီးသီးက ဈေးကောင်းနေပေမယ့်လည်း ဆီးကောက် ဆီးလှမ်း ဝန်ထမ်းစရိတ်ကလည်း မြင့်တက်လာတာပါပဲ"ဟု ၎င်းက ရှင်းပြသည်။

ဆီးပင်များကို မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပုသိမ်ကြီးမြို့နယ်မှ ကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြသည့်အပြင် အညာဒေသ အများအပြားတွင်လည်း ဆီးပင်များ စိုက်ပျိုးထွက်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မှုခင်းအသိပညာပေးဟောပြောပွဲကျင်းပမည်

**တီးတိန် မေ ၄**
တီးတိန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေလင်း၊ တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ ပါဝင်သောအဖွဲ့သည် မေ ၂ ရက်က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျဖြစ်စေရေးအသိပညာပေးဟောပြောပွဲကို တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်သူလူထု ၂၀၀ ခန့် တက်ရောက်ခဲ့သည်။ **လှဆွေ**

## ဝန်းသိုမြို့နယ်၌ လေပြင်းများတိုက်ခတ်

**ဝန်းသို မေ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်း မေ ၂ ရက် ည ၇ နာရီခွဲမှ ၉ နာရီခွဲခန့်အထိ လေပြင်းများတိုက်ခတ်၍ ကျေးရွာအချို့တွင် နေအိမ်အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဝန်းသိုမြို့ပေါ်ရပ်ကွက်များတွင် ကြီးမားသောပျက်စီးဆုံးရှုံးမှု မရှိခဲ့သော်လည်း သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းများ ဖြစ်ခဲ့သည်။ မြို့နယ်အတွင်းရှိ အုတ်ဖိုရွာ၊ သရက်အိုက်ရွာ၊ ကြိုင်းခွင်ရွာ၊ မှန်ပင်ရွာ၊ အိုးပစ်ရွာနှင့် ချမ်းမြသီတာရွာတို့တွင် လူနေအိမ် ၃၀ ခန့် အမိုးများပျက်စီးဆုံးရှုံးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများပျက်စီးသည့် လေဘေးသင့်ပြည်သူများအား လိုအပ်သော ကူညီထောက်ပံ့မှုများပေးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လူမှုရေးအသင်းအဖွဲ့များ ကွင်းဆင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**



## (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မည်

**ဒီပဲယင်း မေ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် နှောဒေသရှိ ဆုံကုန်းကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်အစိုးရက တည်ဆောက်သွားမည်ဖြစ်ရာ ဆေးရုံတည်ဆောက်နိုင်ရန်အတွက် ဆုံကုန်းကျေးရွာနေ ဒေါ်မငိုက မြေငါးဧက လှူဒါန်းပေးထားပြီး ဆေးရုံဝင်းနေရာ ပြုပြင်နိုင်ရန်အတွက် ဦးမြင့်ဆောင်+ဒေါ်ခင်စန်းလှိုင် မိသားစုက အလှူငွေကျပ် ၃၅ သိန်း လှူဒါန်းထားကြောင်း သိရသည်။

နှောဒေသသည် ဒီပဲယင်းမြို့၏ အနောက်ဘက် မိုင် ၄၀ ခန့် ကွာဝေးပြီး ကျေးရွာအုပ်စု ငါးအုပ်စုနှင့် ကျေးရွာပေါင်း ၁၇ ရွာရှိကာ အိမ်ခြေ ၂၆၀၀ ကျော်တွင် လူဦးရေ ၁၆၀၀၀ ကျော် နေထိုင်ကြသည်။ စိုင်ပြင်-အင်ကြင်းသပိုးဆည်လမ်းကို အဓိက အသုံးပြုသွားလာရသည့်အတွက် နွေရာသီတွင် သွားလာရေးလွယ်ကူသော်လည်း မိုးရာသီတွင် သွားလာရေးခက်ခဲပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့သော ဒေသဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် ယခင်က ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်ဖြင့်သာ ဝန်ဆောင်မှုပေးနိုင်ပြီး လိုအပ်ချက်များစွာရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ နယ်မြေကွင်းဆင်း လာရောက်ချိန်တွင် ဆေးရုံလိုအပ်ချက်ကို တင်ပြတောင်းဆိုခဲ့ကြရာ ကျေးရွာ ၁၇ ရွာ၏ အလယ်ဗဟိုတွင်တည်ရှိသည့် ဆုံကုန်းကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို တည်ဆောက်နိုင်ရန် ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးပါက နှောဒေသတွင်နေထိုင်လျက်ရှိသော လူဦးရေ ၁၆၀၀၀ ကျော်အနေဖြင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်မည်ဖြစ်သဖြင့် ဆေးရုံတည်ဆောက်ပေးမည့်ကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**အောင်လင်း(iprd)**

# ခေတ်မီ တောင်စောင်းစိုက်ပျိုးခြင်းနည်းစနစ် တောင်သူများအား သရုပ်ပြပွဲပြုလုပ်

**ပန်လုံ မေ ၄**
'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်လုံမြို့တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုစနစ် ပပျောက်စေရန်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်နိုင်ရန် ရည်ရွယ်၍ ခေတ်မီ တောင်စောင်းစိုက်ပျိုးခြင်းနည်းစနစ် သရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ပန်လုံမြို့ အားဝေါ်ကျိုင်းကျေးရွာအုပ်စု နာဇရက်ကျေးရွာ၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ခေတ်မီ တောင်စောင်းစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသည် တောခုတ်ခ၊ မြေရှင်းခ စရိတ်သက်သာခြင်း၊ ကွန်တိုလိုင်းများရှိခြင်းကြောင့် မိုးရေတိုက်ရိုက်စီးဆင်းမှုကို ထိန်းသိမ်းနိုင်ပြီး မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်ခြင်း၊ ကွန်တိုလိုင်းများပေါ်တွင် အရိပ်ရ လေကာပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ပြီး ကွန်တိုလိုင်းကြားတွင် ရာသီသီးနှံပင်များ စိုက်ပျိုးနိုင်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးရန်မလိုဘဲ နှစ်စဉ်စိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာနှင့် ခေတ်မီ တောင်စောင်းစိုက်ပျိုးခြင်းနည်းစနစ်တို့၏ ခြားနားချက်များ စသည့်အကြောင်း အရာများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့်ပန်လုံမြို့နယ်ဦးစီးမှူး ဦးချိုလေးတို့က ဒေသခံတောင်သူများအား အသေးစိတ်ရှင်းလင်း ပြောကြားသည်။ ထို့နောက် ခေတ်မီ တောင်စောင်းစိုက်ပျိုးခြင်းနည်းစနစ်အတွက် ကွန်တိုလိုင်းများ ဆောင်ရွက်ခြင်းကို တောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။



သရုပ်ပြပွဲသို့ ဟိုပန်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် အားဝေါ်ကျိုင်းကျေးရွာအုပ်စုမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ ပန်လုံမြို့ရှိ ကျေးရွာအုပ်စုများတွင် တောင်သူများမှာ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာများကိုသာ လုပ်ကိုင်ကြ၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုရှိခြင်း၊ ကုန်းစောင်းပေါ်တွင် စိုက်ပျိုးသောကြောင့် မိုးရေနှင့် လေတိုက်စားမှုဒဏ်ကို ခံနိုင်ခြင်းမရှိဘဲ မြေဆီလွှာပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းလျော့ကျခြင်းတို့ကို ကြုံတွေ့နေကြရကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### မှုခင်းကျဆင်းရေးအတွက် ပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့၌ ပြည်သူများ မှုခင်းအသိပညာများရရှိကာ မှုခင်းကျဆင်းစေရေးနှင့် ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဇော်လွင်ဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မန်စီမြို့မဈေးရှေ့၌ မေ ၂ ရက်က အသိပညာပေး ပြသခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### တာမွေမြို့နယ်တွင် နတ်ချောင်းတံတားဖွင့်ပွဲကျင်းပ

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ နတ်ချောင်းတံတားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဇန်နဝါရီ ၂၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီးနောက် မတ် ၁၇ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သဖြင့် တံတားဖွင့်ပွဲကို မတ် ၂၉ ရက်က ကျင်းပခဲ့ကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များ၊ ခရိုင်နှင့် မြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါတံတားမှာ ယခင်က တစ်လမ်းမောင်းဖြစ်ပြီး ယခု တံတားသစ်ဖွင့်လှစ်ပြီးနောက် နှစ်လမ်းမောင်းနိုင်ကြောင်း၊ တံတားအရှည် ပေ ၆၀ နှင့် အကျယ် ၂၈ ပေရှိကြောင်း သိရသည်။
**လှလှ**

### ပတ္တမြားဈေးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပတ္တမြားဈေး၌ စနေ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဈေးများဌာနမှူး၏ ညွှန်ကြားမှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်းကာ မေ ၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဈေးအတွင်းအပြင် နေရာများတွင် အမှိုက်များ ရှင်းလင်းသိမ်းဆည်းခြင်းကို စုစုပေါင်း အင်အား ၃၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။
**ကိုဇော်**

# ရေစကြို-ညောင်စောက်လမ်းကို ကတ္တရာလမ်းမကြီးအဖြစ်အဆင့်မြှင့်တင်

**ရေစကြို မေ ၄**
ရေစကြိုမြို့နယ်အတွင်းရှိ ရေစကြို-ညောင်စောက်လမ်းကို ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းလျက်ရှိကြောင်း သိရသည်။ လမ်းအရှည် ပေ ၇၉၀ တွင် အနံ ၁၂ ပေ၊ ထု ကိုးလက်မရှိသော ကတ္တရာလမ်းကို တိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေ ကျပ် ၉ ဒသမ ၀၀၅ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်ဦးက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ ရေစကြို-ညောင်စောက်လမ်းသည် ယခင်က ဂဝံကျောက်ကြီးစီလမ်းဖြစ်ပြီး ပျက်စီးယိုယွင်းလျက်ရှိသဖြင့် နှစ်စဉ်နှစ်တိုင်း လမ်းသွားလမ်းလာပြည်သူများနှင့် ညောင်စောက်ကျေးရွာနေ ပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် မြေနီကျောက်စရစ်လမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး ခင်းကျင်းပြုပြင်နေရသောလမ်းဖြစ်ကြောင်း၊ အဆိုပါလမ်းသည် ညောင်စောက်၊ မဲကုန်း၊ တောရွာ၊ သမန္တပို့၊ စဥ့်ကိုင်၊ ပခန်းငယ်စသည့် ကျေးရွာများမှပြည်သူများနှင့် ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာနေ ပြည်သူများ ရေစကြိုမြို့သို့ ဆက်သွယ်ရာတွင် အားထားအသုံးပြုနေရသောလမ်းဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြန်မာ့ရိုးရာ အတာရေသဘင် ယဉ်ကျေးမှုအမွေကို မပျောက်ပျက်အောင်ထိန်းသိမ်း

ဆောင်းပါး - မောင်သင်းပျို့ ဓာတ်ပုံ - ငြိမ်းချမ်း

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ဝင်ရောက်တော့မည်ဖြစ်သည်။ အတာကူးသည့် သင်္ကြန်ကာလတွင် မြန်မာပြည်တစ်ဝန်းမှပြည်သူများ သင်္ကြန်ရေအေးပက်ဖျန်း၍ ပျော်ရွှင်စွာဖြင့် ရေသဘင်ပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်သည်။ သင်္ကြန်ကာလတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသောအနေဖြင့် ရေကစားရာတွင် လည်းကောင်း၊ ယာဉ်မောင်းရာတွင်လည်းကောင်း ဘေးအန္တရာယ်မဖြစ်စေရန်နှင့် အရက်သေစာ၊ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့တွင် အသိပေး ထုတ်ပြန်ထားပြီးဖြစ်သည်။

ယဉ်ကျေးမှုတစ်ခုသည် နိုင်ငံ၏ဂုဏ်ကို ဖော်ပြသည့်နည်းတူ ရိုးရာအမွေအနှစ်ဟူသည်လည်း လူမျိုးတိုင်း၏ စောင့်စည်းထိန်းသိမ်းရမည့် လက်ဆင့်ကမ်း အမွေတစ်ခုဖြစ်သည်။ ကောင်းမွန်သော အမွေအနှစ်တစ်ခုကို အရောင်မဆိုးမိရန် လိုပါသည်။

အတာရေပက်ဖျန်းသည့် မဟာသင်္ကြန်ကာလတွင် ပြည်သူအများ သွားလာရာတွင် ယာဉ်မတော်တဆမှု မဖြစ်ပွားစေရန် တစ်ဦးနှင့်တစ်ဦး သည်းခံနားလည်မှုဖြင့် မောင်းနှင်ရမည့်နည်းတူ သောက်စားမူးယစ်၍ မောင်းနှင်ခြင်းကို အထူးရှောင်ကြဉ်ရမည်ဖြစ်သည်။ မူးယစ်၍မောင်းနှင်သော ယာဉ်မောင်းတစ်ဦးကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ဘေးအန္တရာယ်မဖြစ်ပွားစေရန် ယာဉ်မောင်းသူကိုယ်တိုင် ဂရုပြုရမည်ဖြစ်သည်။

ပြီးခဲ့သော ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလတွင် တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှုပေါင်း ၃၉၅ မှု ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၈၃၈ ဦး ရှိခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ထုတ်ပြန်ထားသည်။

၂၀၁၇ ခုနှစ် ယခုနှစ် သင်္ကြန်ကာလတွင် ပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းများအနေဖြင့် စည်းကမ်းချက်များကိုလိုက်နာရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပြန်ထားပြီးဖြစ်သည်။ မိဘပြည်သူတို့၏ အကျိုးစီးပွားနှင့် အသက်အန္တရာယ် ထိခိုက်မှုမရှိစေရန် သင်္ကြန်ကာလတွင် အသိပေးထုတ်ပြန်ချက်များကို တိကျစွာ လိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းပင်ဖြစ်သည်။

အတာသင်္ကြန်တွင် မူးယစ်သောက်စား၍ ယာဉ်မောင်းခြင်းမပြုရန်၊ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရန်၊ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရန်၊ ထော်လာဂျီကဲ့သို့သော အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရန်၊ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်ကိုမမြင်စေရန် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲ စီးနင်းခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးနင်းခြင်းတို့ မပြုလုပ်ရန်၊ သံစုံဟွန်းများ မတပ်ဆင်ကြရန်နှင့် မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်တော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရန် အထူး သတိပေးထုတ်ပြန်ထားသည်။

ထိုနည်းတူပင် မှုခင်းများ မဖြစ်ပွားစေရန်နှင့် အများပြည်သူ ထိခိုက်နစ်နာမှု မဖြစ်ပေါ်စေရန် သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာသောက်စား မူးယစ်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ တုတ်၊ ဓား လက်နက်များ သိုဝှက် ကိုင်ဆောင်ခြင်း၊ ကာမရာဂစိတ်ကို နိုးထစေသောဆေးများ ရောင်းချခြင်းနှင့် ဝယ်ယူ သုံးစွဲခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော အဝတ်အစားများကို ဝတ်စားဆင်ယင်ခြင်းတို့ကို ရှောင်ကြဉ်ရန် သတိပေးထားသည်။

မိန်းကလေးများအနေဖြင့်လည်း ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်းနှင့် ၄င်းတို့ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊ အချိန်လွန် ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊ ရေပက်ကစားပြီး နားသည့်အချိန်တွင် ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊ အရက်သေစာ/မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန် သတိပေးထားသလို ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များကို မောင်းနှင်ခြင်း၊ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်းခြင်း၊ သင်္ကြန်ကာလအတွင်း အရက်မူး၍ ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့်ရေချိုးခြင်း၊ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်၍ အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်းတို့ကို ရှောင်ကြဉ်ရန်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အထူးသတိပေးထားပြီး စည်းကမ်းချက်များကိုလည်း လိုက်နာကူညီရန် တိုက်တွန်းနှိုးဆော်ထားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ယမန်နှစ် သင်္ကြန်ကာလတွင်လည်း အတာရေသဘင်ပွဲတော် ဆင်နွှဲနေကြသောပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ရေကစားနိုင်ရန် လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်ပေးခဲ့ပြီး ပူပြင်းသောရာသီဥတုကြောင့် မူးလဲသူများ၊ ထိခိုက်ဒဏ်ရာရရှိသည့် ပြည်သူများကိုလည်း အနီးကပ် ဖေးမကူညီဆောင်ရွက်ပေးခဲ့ကြသည်။




ယခင်နှစ် သင်္ကြန်ကာလအတွင်း ပျက်နေသောယာဉ်တစ်စီးကို ဝိုင်းဝန်းကူညီတွန်းပေးနေသည့် ရဲတပ်ဖွဲ့ဝင်များ

ရိပ်သာစခန်းဝင်သောပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် အတွက်လည်း လိုက်ပါပို့ဆောင် ကူညီခဲ့သည့်အတွက် သင်္ကြန်ကာလနှင့် သင်္ကြန်ကာလနောက်ပိုင်းတို့တွင် လူမှုကွန်ရက်စာမျက်နှာနှင့် အင်တာနက်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့ကို အားပေးချီးကျူးထောက်ခံသော ပြည်သူတို့၏ မုဒိတာပီတိသံများ ပျံ့လွင့်ခဲ့ရာ တာဝန်ပိုင်းနှင့်အတူ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်တို့၏ ပင်ပန်းမှုများ ပြေပျောက်လျက် ကြည်နူးဝမ်းသာပီတိဖြစ်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယခုနှစ် မဟာသင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လုံခြုံရေး

**ယခုနှစ် မဟာသင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လုံခြုံရေးအင်အားကို အပြည့်အဝ ဆောင်ရွက်ထားပြီးဖြစ်သည်။ ရဲတပ်ဖွဲ့အင်အား သုံးထောင်ကျော်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား တစ်ထောင်ကျော်၊ လုံခြုံရေးရဲတပ်ဖွဲ့ တစ်ထောင်ကျော်နှင့် သတင်းတပ်ဖွဲ့၊ မှုခင်း ရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း စုစုပေါင်းလုံခြုံရေးအင်အား ခြောက်ထောင်ကျော်ကို အသင့်ဆောင်ရွက်ထားပြီး မိတ်ဖက်အဖွဲ့အစည်းဖြစ်သော အုပ်ချုပ်ရေး၊ မီးသတ်၊ ကြက်ခြေနီ စသည်တို့ ပါဝင်ပါက စုစုပေါင်း အင်အား ရှစ်ထောင်ကျော်ဖြင့် သင်္ကြန်ကာလအတွင်း လုံခြုံရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်**

အင်အားကို အပြည့်အဝ ဆောင်ရွက်ထားပြီးဖြစ်သည်။ ရဲတပ်ဖွဲ့အင်အား သုံးထောင်ကျော်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား တစ်ထောင်ကျော်၊ လုံခြုံရေးရဲတပ်ဖွဲ့ တစ်ထောင်ကျော်နှင့် သတင်းတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စုစုပေါင်းလုံခြုံရေးအင်အား ခြောက်ထောင်ကျော်ကို အသင့်ဆောင်ရွက်ထားပြီး မိတ်ဖက်အဖွဲ့အစည်းဖြစ်သော အုပ်ချုပ်ရေး၊ မီးသတ်၊ ကြက်ခြေနီ စသည်တို့ ပါဝင်ပါက စုစုပေါင်း အင်အား ရှစ်ထောင်ကျော်ဖြင့် သင်္ကြန်ကာလအတွင်း လုံခြုံရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေကစားမဏ္ဍပ်များ လိုက်နာရန် သတ်မှတ်စည်းကမ်းချက် ၄၅ ချက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ မနှစ်က သင်္ကြန်ကာလတွင် ရဲတပ်ဖွဲ့၏ ပြည်သူ့အပေါ်ဝန်ဆောင်မှုပေးရာတွင် အသိအမှတ်ပြုရသော သင်္ကြန်ပုံရိပ်များကို အမှတ်ရစေလျက် ယခုနှစ် ဝန်ဆောင်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်္ကြန်အကြိုကာလတွင် မြို့နယ်အသီးသီးရှိ မြို့နယ်မှူးများကိုယ်တိုင် ဦးဆောင်၍ ပြည်သူများလိုက်နာရမည့် အချက်များကို အသိပညာပေးခြင်းနှင့် လိင်စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရန် ဆေးဆိုင်များကို အုပ်ချုပ်ရေးပိုင်း၊ ကျန်းမာရေးအဖွဲ့များ ပူးပေါင်းကာ စစ်ဆေးကြပ်မတ်ဆောင်ရွက်မှုများကို မတ်လဒုတိယပတ်အတွင်းမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲနှင့် သင်္ကြန်ပွဲတော်ကာလ ဆုံသည့်အတွက် မတ်လ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် စွန်ရဲ စီမံချက်ကို ထိရောက်သောကြိုတင်ကာကွယ်မှုဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ခဲ့ပြီး မြို့နယ်များတွင် ပြစ်မှုကျူးလွန်ရန် အလားအလာရှိသူ၊ ကျော်ဇောသတင်းရှိသူတို့ကို ဖမ်းဆီးစစ်ဆေး၍ ပြစ်မှုပေါ်ပေါက်ပါက အရေးယူဆောင်ရွက်ကာ ခြေချုပ်၊ ခံဝန်တို့ဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယမန်နှစ်ကထက် ယခုနှစ်သင်္ကြန်တွင် ကြိုတင်ကာကွယ်ဖမ်းဆီးမှု နှစ်ဆလုပ်ဆောင်ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးလှဝေက ပြောကြားသည်။

ဤသို့ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခြင်းသည် မိဘပြည်သူများ အတာသင်္ကြန်ကာလတွင် စိတ်အေးချမ်းသာစွာဖြင့် ရေကစားနိုင်ရန်နှင့် ကောင်းမှုကုသိုလ်များ လုပ်ဆောင်နိုင်ရန် ထိရောက်သော အထောက်အကူ ဖြစ်စေပါသည်။

မဟာသင်္ကြန်ပွဲတော်တွင် နှစ်စဉ်ကြုံတွေ့ရသော မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍လည်း ပြည်သူများ သတိပြုရှောင်ကြဉ်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီတောင်းခံ နှိုးဆော်ထားသည်။ ရေပက်ခံကားမောင်းသူများ အရက်သေစာသောက်စားထားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိစေရန် ဝိုင်းဝန်းကူညီတားမြစ်သတင်းပေးကြရန်၊ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင် ဝင်ရောက်လာသော ကာမဆန္ဒနိုးဆွစေသည့်ဆေးဝါးများကိုလည်း မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် မြူဆွယ်တိုက်ကျွေးပါကလည်း မိမိအတွက် အန္တရာယ်ရှိနိုင်သည်ကို သတိပြုဆင်ခြင်၍ မသုံးစွဲကြရန်၊ တာဝန်သိပြည်သူ တစ်ဦးချင်းအနေဖြင့် မိမိနိုင်ငံနှင့်လူမျိုး အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော်တွင် အမြင်၊ အတွေး၊ လုပ်ဆောင်မှုများ မညစ်နွမ်းစေရန် မိမိဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့်အခြား အန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးများ သုံးစွဲ ရောင်းချမှုတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံနှင့် ၂၃၂၃၁၉၉ သို့ သတင်းပေးတိုင်ကြား ကူညီဆောင်ရွက်ပေးရန် ရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားသည်။

လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်တွင် မိမိယဉ်ကျေးမှုအမွေကိုထိန်းသိမ်းသောအားဖြင့် ရိုးရှင်းစွာ ဝတ်စားဆင်ယင်လျက် တစ်ဦးနှင့်တစ်ဦး လေးစားစွာဖြင့် ရိုင်းပင်းကူညီကာ အရက်မှအစပြု၍ မူးယစ်ဆေးဝါးများ သုံးစွဲကာ အပျော်လွန်ကျူးခြင်းဖြင့် အသက်အန္တရာယ် ကြုံတွေ့နိုင်သည်ကို အထူး သတိပြုကြပါရန်၊ မြန်မာ့ရိုးရာ သင်္ကြန်ကာလတွင် လူသစ်၊ စိတ်သစ်ဖြင့် နှစ်သစ်ကူးကို အေးချမ်းဘေးကင်းစွာဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရန် မြို့နယ်အသီးသီးရှိ ရပ်မိရပ်ဖများနှင့် မိဘအုပ်ထိန်းသူများ၊ ရေကစားမဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်ကူးသင်္ကြန်တွင် ပါဝင်ဆင်နွှဲ ပျော်ရွှင်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အထူးမေတ္တာရပ်ခံထားပါသည်။

တစ်နှစ်တွင်တစ်ကြိမ်သာ ရေကစားနိုင်သည့် သင်္ကြန်ပွဲတော်ကာလတွင် ပါဝင်ဆင်နွှဲကြသူများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်ကို မြှင့်တင်ထိန်းသိမ်း စောင့်ရှောက်လျက် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်စေဘဲ ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာ အတာသဘင်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ပါသည်။ ။



အအေးဆိုင်များတွင် ဘီယာ၊ အရက် ရောင်းချခြင်းမရှိစေရန် စစ်ဆေးနေစဉ်

# သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်တတ်စေရန် နည်းပညာများသင်ကြားပေး

**ရန်ကုန် မေ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူများ သင်တန်း အမှတ်စဉ်(၄)ဆင်းပွဲကို မတ်လနောက်ဆုံးပတ်က သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို နိုင်ငံတော်အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းအတွက် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်စေလိုခြင်းဖြင့် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)တို့မှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အပတ်စဉ်တိုင်း စာတွေ့လက်တွေ့ ရှစ်ပတ်ကြာ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောကြားသည်။ ယခုအခါ ၂၀၁၅ ခုနှစ် သင်တန်း အမှတ်စဉ် ၁ မှစတင်ပြီး ယခု အမှတ်စဉ် ၄ ပတ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် သင်တန်းသားသင်တန်းသူ ၁၀၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း**





**လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအချို့တွင် ရာသီဥတုပူပြင်း၍ သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်နေသည့်အတွက် ရေလိုအပ်သည့် ကျေးရွာများသို့ မေ ၁ ရက် နံနက်ပိုင်းက အိမ်ခြေ ၄၉ အိမ်၊ လူဦးရေ ၂၃၈ ဦးရှိသော ကြို့ကုန်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာသို့ မြို့နယ် မီးသတ်ဦးစီးဌာန ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် ရေ ၄၈၀၀ ဂါလန်အား ပို့ဆောင်ဖြန့်ဝေပေးခဲ့စဉ်**
ဟိန်းအောင်(နေပြည်တော်)

# နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနပညာရေးနှင့်တိုင်းဒေသကြီး အားကစားဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၇ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်မှတ်နှင့် မန္တလေးခုနစ်မြို့နယ်မှ အားကစား သင်တန်းသား သင်တန်းသူ ၂၅၀၀ တို့ကိုယ်စား သင်တန်းသားသင်တန်းသူကိုယ်စားလှယ်နှစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက်ဝူရှူးအဖွဲ့၊ ကရာတေးဒိုအဖွဲ့၊ မြန်မာ့သိုင်းအဖွဲ့၊ တိုက်ကွမ်ဒိုအဖွဲ့၊ ဘောလုံးအဖွဲ့၊ ရိုးရာလက်ဝှေ့အဖွဲ့နှင့် ရိုးရာခြင်းအားကစားအဖွဲ့များမှ စုပေါင်းအားကစားဖြင့် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်

**ပေါင်းတည် မေ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သီးနှံ သစ်တော ရောနှောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ်လနောက်ဆုံးပတ်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး နဝရတ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးမြင့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းအောင်က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက မြန်မာ့သစ်တောမူတွင်ပါရှိသော မူဝါဒ(၆)ချက်၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အသုံးပြုသူများ၏ ရပိုင်ခွင့်များ၊ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရာတွင် လိုအပ်သည့်နည်းပညာများ၊ လုပ်ငန်းသုံး ပစ္စည်းများ၊ ပျိုးပင်မျိုးစေ့များကို အခမဲ့ စိုက်ခင်းများအရောက် ပေးပို့ပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ်တောဖုံးလွှမ်းပြောင်းလဲနေမှုကို ရှင်းလင်းတင်ပြကာ သစ်တောတည်ထောင်ခွင့်လက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ သစ်တောတည်ထောင်ခွင့်ကို နှစ် ၃၀ လုပ်ကိုင်ခွင့် ပေးအပ်မည်ဖြစ်ပြီး ပေါင်းတည်မြို့နယ်တွင် အဖွဲ့ ၁၆ ဖွဲ့၊ အိမ်ထောင်စု ၁၇၅ စုမှ ၃၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

**ကားနှင့်ကားပေါ်ပါလူများ**
**မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်**
**"ကား" တိုင်းတွင်မီးသတ်ဆေးဘူးဆောင်ထားပါ**

**မီးသတ်ဦးစီးဌာန**




KBZ BANK
STRENGTH OF MYANMAR

# APPLY NOW

## The New KBZ Visa Credit Card




Experience the World of Privileges and Luxuries

**KBZ Visa Platinum & Classic Credit Card**

Call Center: +951 370320

Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့်ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၂ယ/၈၀၁၄၉ MAX THAI 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်ဖြိုး ၉/မဟမ(နိုင်)၀၁၉၄၃၈က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ကန်ထရိုက်တာ ဦးညီညီ ၁၂/မရက(နိုင်)၀၀၄၀၇၀ ပြည်တော်သာဆောက်လုပ်ရေးနှင့် အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ(မြေရှင်)ဦးလှရွှေမောင်၁၂/လမန(နိုင်)၀၁၀၇၁၄နှင့် (ကန်ထရိုက်တာ) ဦးညီညီ (ပြည်တော်သာဆောက်လုပ်ရေး)တို့သည် ၁၁-၁၀-၂၀၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် ၉၁၊ မြေအကျယ်(၂၅×၄၀)ပေရှိ မြေပေါ်တွင် နှစ်ခန်းတွဲ ၃½ထပ်ရှိ တိုက်တစ်လုံးဆောက်လုပ်ရန် သဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်တွင် ၁၂လအတွင်း အပြီးဆောက်လုပ်ပေးရမည်ဟု သဘောတူညီခဲ့ကြပါသည်။ သို့ပါသော်လည်း သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီးမှုမရှိသည့်အတွက် ၅-၄-၂၀၁၅ ရက်တွင်လည်းကောင်း၊ ၁၃-၁၁-၂၀၁၅ ရက်တွင်လည်းကောင်း၊ ၂၅-၁၁-၂၀၁၅ ရက်တွင်လည်းကောင်း၊ ၂၃-၇-၂၀၁၆ရက်တွင်လည်းကောင်း၊ ၂၆-၁၁-၂၀၁၆ ရက်တွင်လည်းကောင်း၊ သက်တမ်းတိုးနောက်ဆက်တွဲစာချုပ်များ အသီးသီးချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ အသီးသီးချုပ်ဆိုခဲ့ကြသော်လည်း ယနေ့တိုင်အောင် ဆောက်လုပ်ပြီးစီးခြင်းမရှိသည့်အတွက် ၂၆-၁၁-၂၀၁၆ ရက်တွင် ချုပ်ဆိုခဲ့သည့်စာချုပ်ပါအတိုင်း အဆိုပါဆောက်လုပ်ဆဲ တိုက်ခန်းများမှာ ကန်ထရိုက်တာဦးညီညီနှင့်သော်လည်းကောင်း၊ ၄င်းနှင့်ပတ်သက်နွယ်သူများနှင့်သော်လည်းကောင်း၊ မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဦးလှရွှေမောင်တစ်ဦးတည်းသာ တိုက်ခန်းအားလုံးအား ပိုင်ဆိုင်ပါကြောင်းနှင့် ထိုတိုက်ခန်းများပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့်သာ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစံမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၈၇၅၇၇၀၅**

**ဦးစောအောင်မိုး LL.B, D.B.L**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၉၅၉၀၈**

**ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးလွင်(ဘ)ဦးဘိုနီ ၅/ခဥတ(နိုင်)၀၂၁၅၁၉၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးလွင်နှင့် ဒေါ်သန်းသန်းနွယ်(ဘ)ဦးကျော်စိန်တို့သည် ချောင်းဦးမြို့၊ တမာမြိုင်ရပ်ကွက်တွင် လွန်ခဲ့သည့် ၂၈ နှစ်ကတည်းက ပေါင်းသင်းနေထိုင်ခဲ့သည်။ ၂၅-၇-၂၀၁၆ရက်မှစ၍ ဦးစိုးလွင်အား နေအိမ်မှထွက်ခွာသွားရန် လူများအရှေ့တွင် ဆဲဆိုကြိမ်းမောင်းခဲ့ပါသည်။ ယနေ့အချိန်ထိလည်း နေအိမ်ပေါ်တွင် နေထိုင်နိုင်ခြင်းမရှိအောင် အမြဲနည်းမျိုးစုံဖြင့် ပြောဆိုဆက်ဆံပါသဖြင့် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင်တွင်လည်း ၄င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း ၄င်းနှင့်လည်း သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဆန်းဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်/၄၁၃၆၀)**
**ဖုန်း-၀၉-၄၀၀၃၀၁၇၅၈**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၈၇၇၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၃၀၆၁၁ DAYANG 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်မာဦး ၅/ကဘလ(နိုင်)၁၄၂၀၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို) ရွှေဘိုမြို့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/5894 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၀ယ/၅၈၄၇၉ KTM DUKE 200 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Power Moto Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/5097၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ မြေကွက်အမှတ်-၁၃၀၊ ဇရိယာဝဒသမ၈၂ကေ မြေကွက်တည်နေရာအမှတ်-၁၃၀၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဦးမင်းမင်းဦး (ISK-039666)၁၂/တတန(နိုင်)၁၀၉၇၂ ၂အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှနှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ၊ ပုလဲ(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ထောက်ကြန့်နယ်မြေရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိ၊ တွံတေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၁၂/တတန(နိုင်)၁၀၉၇၂၂ကိုင်ဆောင်သူ ဦးမင်းမင်းဦး၏ အမျိုးသားမှတ်ပုံတင်အမှတ်-(ISK-039666) ဖြစ်ပါကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ဂရန်(မိတ္တူ) လျှောက်ထားလာခြင်းအပေါ် ဂရန်(မိတ္တူ)ထုတ်ပေးမည်ဖြစ်ပါသဖြင့် မဂလဒ/ဂရသ-၉/၉၅ (၃၀-၈-၉၅)ရက်စွဲဖြင့် ထုတ်ပေးထားသည့် ဦးမင်းမင်းဦးအမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/6852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4K/8642 Mitsubishi Canter FE 70EB L/T ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းမင်းထွန်း ၉/မနတ(နိုင်)၀၀၀၂၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6992 Hyundai Starex Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးသူရဝင်း ၅/မမတ(နိုင်)၀၀၅၉၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(မန္တလေးတောင်ပိုင်း) (မန္တလေးမြို့)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/1586၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**အသိပေးကြေညာခြင်း**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ ဂုံဘိုရပ်ကွက်ရှိ ကွင်းအမှတ် (၆၃)သည် ကျွန်တော် ဦးနိုင်ဦး(ခ) ဦးဗန်အုပ် ၄/ထတလ(နိုင်)၀၁၆၆၇၆အနေဖြင့် မူလပိုင်ရှင်ဖြစ်သူ ဦးအောင်ကြိုင်ထံမှ ၂၄-၆-၁၉၉၃ရက်တွင် ကာလပေါက်ဈေးဖြင့် တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူခဲ့ပြီး လက်ရောက် အပိုင်ရယူခဲ့ပါသည်။

အဆိုပါမြေကွက်ကို ကျွန်တော်မှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အသင်းအဖွဲ့ကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းအသုံးပြုစေခြင်း၊ ထိုသို့သဘောရရှိစေသော မည်သည့်ခွင့်ပြုချက်ကိုမျှ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ လုံးဝခွင့်ပြုမထားပါ။

ယခုအခါ ကျွန်တော်၏မြေကွက်အတွင်း ကျွန်တော်၏ခွင့်ပြုချက်မရှိဘဲ ဝိုင်းထရံ၊ သံဆန်ခါကာရံခြင်း ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဆောင်ရွက်ထားသူ မည်သူမဆို ဤသတင်းစာပါကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ အသိပေးလျက် ပြန်လည်ရှင်းလင်းဖယ်ရှားထားပေးပါရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်များအတွင်း ဖယ်ရှားခြင်းမပြုပါက လက်ရှိတည်ဆဲဥပဒေများအရ ဖြေရှင်းရမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**ဦးနိုင်ဦး(ခ)ဗန်အုပ်**
**ဈေးဟောင်းပိုင်းရပ်ကွက်၊ ကျွန်းညိုရွာသစ်ရပ်**
**ရခိုင်ပြည်နယ်၊ မင်းပြားမြို့**
**ဖုန်း-၀၉-၉၆၈၂၁၇၄၆၉**

**အများသိစေရန်ကြေညာချက်**

၁။ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၁၉)တွင် မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ် ဖြင့် (၃)ထပ်တိုက်အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်ခင်မာချို၊ လိုင်စင်ရကန်ထရိုက်တာ ဦးမောင်မောင်လွင်(LC-730)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးခန့်ဝေယံကျော်(LS-500)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏ (၁၀-၄-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၂၀၅၄(ရ)/ ၂၁၅၆/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါမူလခွင့်ပြုထားသော ၃ထပ်တိုက်အဆောက်အဦမှ မြေပိုင်ဆိုင်မှုအမည်ပေါက်ရရှိပြီးဖြစ်၍ မြေအမည်ပေါက် ဒေါ်ခင်မာချို၊ ဦးသန့်နိုင်တို့မှ ၂ခန်းတွဲ ၅ထပ်တိုက် အဆောက်အဦအဖြစ် ပြောင်းလဲ၍ Revised Plan တင်ပြလာရာ ယခင်တင်ပြထားသော လိုင်စင်ရအင်ဂျင်နီယာ ဦးခန့်ဝေယံကျော် (LS-500)အစား လိုင်စင်ရအင်ဂျင်နီယာ ဒေါ်စိုးစိုးလှိုင်(LS-2473)သို့ ပြောင်းလဲ ဆောင်ရွက်ရန်နှင့် မူလလိုင်စင်ရကန်ထရိုက်တာ ဦးမောင်မောင်လွင်(LC-730)အစား လိုင်စင်ရကန်ထရိုက်တာ ဒေါ်ရှိလီ(LC-967)သို့ ပြောင်းလဲဆောင်ရွက်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဧကရီခိုင်

**(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)**

**အသက်(၆၇)နှစ်**

ဦးမြတ်ကို (တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ငြိမ်း)၏ဇနီး ဒေါ်ဧကရီခိုင် (လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)သည် ၁-၄-၂၀၁၇ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဧကရီခိုင်

**(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)တိုးချဲ့ရပ်ကွက်၊ တော်ဝင်လမ်းသွယ်၊ အမှတ် ၁၂၈နေ ဦးမြတ်ကို(ဝန်ကြီးချုပ်၊ ငြိမ်း)၏ဇနီး ဒေါ်ဧကရီခိုင် (လက်ထောက် ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)သည် ၁-၄-၂၀၁၇ရက်(စနေနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်၊ ဒေါ်နုနုဆွေ**

---

## ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ် (ငြိမ်း)

**ကြည်း-၁၃၇၈၇၊ တဗ(၃)**

**ဗထူး အထက ကျောင်းသားဟောင်း**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့နေ ဗိုလ်မှူးစောခင်မောင်(ငြိမ်း)-(ဒေါ်ခင်စန်း)တို့၏သား၊ မြစ်ကြီးနားမြို့နေ ဦးလှမောင်-(ဒေါ်သန်းရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ တိုက် ၁၀၅၊ အခန်း ၈နေ ဒေါ်ခင်စန်းရည်၏ခင်ပွန်း၊ ဦးအောင်ဆန်းဦး-ဒေါ်သဉ္ဇာဦး၊ ဦးဘုန်းမြင့်ဇော်-ဒေါ်ဆောင်းနှင်းဝေ၊ ဦးကျော်စွာဟိန်း-ဒေါ်နှင်းဦးစိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မမြင့်မိုရ်သော်တာ၊ မမေမြတ်သည်၊ မောင်အာကာဟိန်း၊ မောင်ထက်အောင်တို့၏ အဘိုးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်(ငြိမ်း)သည် ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၄နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ် (ငြိမ်း)

**ကြည်း-၁၃၇၈၇၊ တဗ(၃)**

**ဗထူး အထက ကျောင်းသားဟောင်း**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့နေ ဗိုလ်မှူးစောခင်မောင်(ငြိမ်း) - (ဒေါ်ခင်စန်း)တို့၏သား၊ မြစ်ကြီးနားမြို့နေ ဦးလှမောင်-(ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ်ခင်စန်းရည်၏ခင်ပွန်း၊ ဦးကိုကိုကြီး၊ ဗိုလ်မှူးကြီးသိန်းဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ခင်မာဦးတို့၏ညီ/မောင်၊ ဦးဇော်ဟိန်း (အမြဲတမ်းအတွင်းဝန်၊ အားကစားဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်နွယ်နွယ်အောင်၊ ဒေါ်ခင်လတ်၊ ဗိုလ်မှူးချုပ်တင်ထွန်းအောင်(ငြိမ်း)(ဒုတိယဝန်ကြီး၊ ငြိမ်း၊ အလုပ်သမားဝန်ကြီးဌာန)-ဒေါ်ခင်သက်တို့၏အကို ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်(ငြိမ်း)သည် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၄နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှချစ်

**ဘူမိဗေဒအရာရှိ(ငြိမ်း)၊ (ဗ·ခ·ရ)**

**အသက်(၆၂)နှစ်**

ဦးရွှေပွင့်-ဒေါ်နှင်းတို့၏သား၊ ဒေါ်သီဂီမြင့် (ဗ·ခ·ရ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ကျော်သူရ 1st MB(ဆေး-၂)၏ဖခင်သည် ၄-၄-၂၀၁၇ရက် နံနက် ၆း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ခန့်ထက်ဇော်(ခ) ဝိုင်းချစ်

**ဥပဒေ(တတိယနှစ်)**

**အသက်(၂၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့နေ ဦးတင့်လွင်-ဒေါ်ခင်ကြည်၊ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာနေ (ဦးတင်ဝေ)-ဒေါ်စန်းမြင့်တို့၏မြေး၊ ဦးဇော်ဝင်းလွင်-ဒေါ်တင်မိုးဆွေတို့၏သား၊ ဒုရဲမှူးခင်မာလွင် (သတင်းတပ်ဖွဲ့)၊ ဒေါ်တင်မိုးဝေ၊ ဦးထွန်းထွန်းနိုင်၊ ဦးကျော်သူ-ဒေါ်စကားဝါလှိုင်၊ (ဦးတင်ဝင်းကို-ဒေါ်ကြည်ကြည်အေး)၊ ဦးတင်ထွန်းကို-ဒေါ်သင်းသင်းခိုင်၊ [ဦးတင်ထွန်းချို(ခ) ဦးမောင်ငယ်]တို့၏တူ၊ ကိုဖြိုးရန်နောင်စိုး-မခင်ချမ်းမြေ့ဇော်တို့၏မောင်၊ မရွှေအိမ်ချယ်၏ဦးလေးသည် ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစသိန်းမောင်(ခ) ဦးသိန်းမောင် (ကုတ်ကုတ်)

**Road to Mandalay , East Hotel**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ (၁)လမ်းနေ (မန်းတင်ညွန့် - ဂျဲစောစီ)တို့၏သား၊ (ဦးစံလှရွှေ)-ဒေါ်ဖလော်ရာတို့၏ သားသမက်၊ (ဦးအောင်လှိုင်) - ဂျဲဂျူးမေ၊ ဦးစောဂျူးဘက်-ဒေါ်မြင့်မြင့်၊ဦးဇာနည်ဦး-ဒေါ်တီတီညွန့်၊ (ဦးစောဒါဝိဒ်)၊ ဦးမောင်မောင်-နန့်ငြိမ်းငြိမ်း၊ ဦးဘေးလေဖွိုင်း-ဒေါ်စီစီညွှန့်၊ ဦးတင်မြင့်-မမီးမီးတို့၏မောင်၊ စထီးမသီ-ဒေါ်ဝင်းသိဂီတို့၏အစ်ကို၊ တူ၊ တူမ ၁၆ယောက်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏ အဘိုး၊ မသက်ထားဇင်(ခ)ဂူဂူး၊ မောင်ဇင်ဝင်းထက်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်အိအိစံ၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြကြည်

**(ပဒေသာအီလက်ထရွန်းနစ်)(ပြည်)**

**အသက်(၈၇)နှစ်**

ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၁နေ [ဦးထွေး(ပဒေသာ အီလက်ထရွန်နစ်)]၏ဇနီး၊ ဦးအောင်မင်း-ဒေါ်ခင်စိန်အေးတို့၏မိခင်၊ မခင်ခင်ဥ၊ မောင်သက်မင်း၊ မသူဇာမင်းတို့၏အဘွားသည် ၄-၄-၂၀၁၇ရက် နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် အေးငြိမ်းရာတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ကြည်

**(မူလတန်းဆရာမ၊ ငြိမ်း)၊ အမက(၆)မြောက်ဥက္ကလာပ**

**အသက်(၈၁)နှစ်**

ပဲခူးမြို့၊ ကျိုက်ပဒိုင်ကျေးရွာနေ (ဦးဘမောင်-ဒေါ်ပု)တို့၏သမီး၊ (ဒေါ်ညွန့်မေ၊ ဒေါ်ညွန့်စိန်)တို့၏ညီမ၊ [ဗိုလ်မှူးခင်မောင်ညို(ငြိမ်း)-ဒေါ်အေးမြင့်သိန်း]တို့၏အစ်မ၊ (ဦးအောင်စိုးမိုး)-ဒေါ်စိုးစိုးမြင့်၊ ဦးဇော်ဦးသန်း၊ ဒေါ်ခင်မိုမို၊ ဗိုလ်မှူးအောင်နိုင်ထွန်း(ငြိမ်း)-ဒေါ်စန္ဒာတင့်၊ ဦးထင်ကျော်သိန်း(ရှီးမဘဏ်)-ဒေါ်ခင်စန္ဒာ(ဗဟိုဘဏ်)၊ (ဦးဝင်းမင်းနိုင်)-ဒေါ်အိအိထွေး၊ ဦးထွန်းထွန်း-ဒေါ်မွန်မွန်ညိုစော၊ ဗိုလ်မှူးမင်းညိုစော(ငြိမ်း) MEC-ဒေါ်ဆောင်းသူတင့်တို့၏ကြီးတော်၊ မြတ်နိုးကောင်း-ဆိုဖီ၊ ဖိုးသောကြာ၊ဖိုးသားကြီး၊ဖိုးသားငယ်၊ ဖိုးလပြည့်၊ဖြိုးဖြိုး၊ မီးမီး၊ ဝိုင်ဝိုင်း၊ လင်းလင်း၊ စိန်စိန်၊ လုံးလုံး၊ သံသာတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၃-၄-၂၀၁၇ရက် ည ၁၁း၃၀နာရီတွင် ရန်ကုန်မြို့၊ တိုက် (G)၊ အခန်း ၃၀၅၊ မနော်ဟရီရိပ်သာ၊ အလုံမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေ

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၂၁၃နေ [ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)၊ စက်မှု(၁)ဒုဝန်ကြီး၊ ငြိမ်း]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာသက်နိုင်-ဒေါက်တာမိုးမိုးကျော်၊ ဗိုလ်မှူးမြတ်ထွန်းကျော် (ငြိမ်း) ညွှန်ကြားရေးမှူး(ကညန/ကလ)-ဒေါ်မျိုးဖြူစင်၊ ဦးကျော်ဇော-ဒေါ်ဝင်းအိအိဖြူ၊ မကြည်သာဆွေတို့၏မိခင်၊ မလင်းသီရိအိမ်၊ မထက်ထက်သီရိဝေ၊ မောင်ဘုန်းပြည့်လျှံ၊ မအေးချမ်းသီရိစံတို့၏အဘွားသည် ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၅း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းကြွယ်(ခ) ဒေါ်စန်း

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်း၊ အမှတ် ၆၅နေ (ဦးမြတ်လှ)-ဒေါ်သိန်းမြင့်တို့၏သမီး၊ (ဦးစိန်လှိုင်)၏ဇနီး၊ (ဦးဌေးအောင်)-ဒေါ်စန်းနွဲ့၊ ဦးခင်စိုး-ဒေါ်မြင့်မြင့်လှ၊ (ဦးသိန်းထိုက်)၊ ဦးထွန်းမြင့်ထွန်း-ဒေါ်ပြုံးပြုံးတို့၏အစ်မ၊ မတင်တင်အေး၊ မသက်သက်လှိုင်တို့၏မိခင်၊ ကိုနေလင်းသူ-မခင်သီတာစိုး၊ မရီဝေလွင်၊ မအေးသူဇာ၊ မောင်ထွန်းမင်းစိုး၊ မောင်ကျော်သူရတို့၏ ကြီးတော်သည် ၃-၄-၂၀၁၇ရက် ည ၁၀း၃၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသိန်း(ခ)ဒေါ်တူး

**(မောင်လှအေး မျက်မှန်ဆိုင် ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၂၈၊ ငါးလွှာနေ (ဦးဘရင် - ဒေါ်သန်းကြည်)တို့၏သမီး၊ (ဦးလှအေး)၏ဇနီး၊ (ဦးကျော်ညွန့်)-ဒေါ်ခင်ချိုလွင်တို့၏အစ်မ၊ ဦးစိုးမြင့်-ဒေါ်အေးစိုး(ဗဟန်းအရှေ့ဘက်မုခ်)၊ ဦးကြည်ဆွေ-ဒေါ်သန်းသန်းလှ(U.S.A)၊ ဦးလှကြည်(သီတဂူမျက်မှန်)-ဒေါ်တင်တင်လှ၊ ဦးကျော်ကျော်လွင်-ဒေါ်သူဇာအောင်၊ ဦးသူရလွင်(B.S.M Shipping Co;)၊ ဒေါ်သန်းသန်းစိုးတို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရီရီဟန်

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဗိုလ်ကြီးဗဟန်-ဒေါ်ရီမြင့်)တို့၏သမီး၊ သူရဲသမိန်ကျေးရွာနေ ဦးအုန်းဟန်-(ဒေါ်စန်းရီ)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်း ၅လမ်း၊ အမှတ် ၉၇၂နေ (ဦးမျိုးခင်)၏ချစ်လှစွာသောဇနီး၊ မောင်ရဲမျိုးဟန်၊ မောင်ပြည့်စုံဟန်-မထက်သန္တာအောင်၊ မောင်ထူးမြတ်ဟန်တို့၏မိခင်၊ မသံသာဟန်၏အဘွားသည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသိန်း(ခ)ဒေါ်တူး

**(မောင်လှအေး မျက်မှန်ဆိုင် ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်၂၈၊ ငါးလွှာနေ (ဦးဘရင် - ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးလှအေး)၏ဇနီး၊ မောင်ဇေယျာဆွေ-မဆုမွန်ထိုက်(U.S.A)၊ မောင်မောင်ရန်ဝေး - မအေးမို့မို့ကြည်(U.S.A)၊ မောင်သီဟစိုး(သီတဂူမျက်မှန်)၊ မဇင်မီမီသူ(Sein Shwe Yati Co;)၊ မောင်ကောင်းထက်၊ မောင်ပြည့်ဘုန်းသော်(U.S.A)၊မောင်သန်းထွဋ်အောင်၊မမေဖူးသစ်လွင်တို့၏ ဘွားဘွားကြီးသည် ၄-၄-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးများ

---

## ဦးစိန်ပေါ (မုံရွာ)

**အသက်(၈၆)နှစ်**

မုံရွာမြို့နယ်၊ ရေကစုကျေးရွာနေ (ဦးဘအောင်-ဒေါ်သိန်းမယ်)တို့၏သား၊ (ဦးထွန်းပ-ဒေါ်စိန်နု)တို့၏သားသမက်၊ မုံရွာမြို့၊ ဦးစိန်ညို-ဒေါ်စန်းရင်၊ ဦးစိန်ဟန်-ဒေါ်ခင်တင့်၊ ဦးစိန်ဉာဏ်-ဒေါ်သန်းဝင်း၊ ရန်ကုန်မြို့နေ ဦးမောင်ဝင်း-ဒေါ်စန်း၊ ဦးမြအောင်-ဒေါ်တင်နွဲ့၊ ဒေါ်ခင်မြစန်းတို့၏အစ်ကို၊ ဒေါ်ဝင်းဦး-ကျော်-ဒေါ်အေးအေးမြင့်၊ ဦးမော်သာထွေး - ဒေါ်ခင်ခင်ကြီး၊ ဦးကျော်နိုင်၊ (ဦးတင်ဇော်)၊ဦးဝင်းတင့်-ဒေါ်သန္တာစိန်၊(ဦးထွန်းလင်း)-ဒေါ်ဇင်ဇင်ခိုင်လှ၊ ကိုအောင်ကျော်အေး-မခင်သန္တာမြင့်၊ကိုထိန်လင်း၊ ကိုရွှေလင်း-မအိကလျာသိန်းတို့၏ဖခင်၊ မောင်သန်းထွဋ်အောင်၊ မမြတ်ဖူးခိုင်၊ မောင်ခန့်တေဇကျော်၊ မနှင်းရည်ရွှန်းလဲ့၊ မောင်အောင်မြင့်မိုရ်၊ မကြည်ဖြူမြင့်မိုရ်တို့၏အဘိုး၊ အမှတ် ၃၂၊ မဟာဆိုရှယ်လမ်း၊လှည်းတန်း၊ကမာရွတ်နေ ဒေါ်ဌေး၏ခင်ပွန်းသည် ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၈း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းလှ (အထပြ၊ ငြိမ်း)

**(မင်းလှ-ပဲခူးတိုင်းဒေသကြီး)**

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပေါက်ပင်တန်းလမ်းနေ ဒုရဲမှူးတင်မျိုးဦး-[ဒေါ်မူမူသန်း(ခ)မာလာ]၊ဗိုလ်ကြီးသိန်းနိုင်-ဒေါ်စစ်သော်တာ (ရူပဗေဒဌာန၊ ဆေး-၁၊ ရန်ကုန်)တို့၏မိခင်၊ မအိကေခိုင်မျိုး၊ မောင်ထက်လမ်းအောင် - မနန်းဒေဝီတို့၏အဘွားသည် ၄-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မင်းလှမြို့ တောင်ဘက်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒုရဲမှူးမြတ်စံ (ငြိမ်း)

**လ-၅၈၈၁၂**

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နေ (ဦးဖိုးရင်-ဒေါ်ချေးမ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်နေ (ဦးအောင်မောင်း-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၉/က)ရပ်ကွက်၊ သစ္စာ ၇လမ်း၊ အမှတ် ၂၆၈နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးဝင်းသိန်းဟန်၊ ဦးစိုင်းထိန်လင်းဇံ-ဒေါ်ဖြိုးဖြိုးခိုင်တို့၏ဖခင်၊ မအေးသီရိဖြိုး၏အဘိုး၊ (ဦးစိုးမောင်-ဒေါ်ခင်သောင်း)၊ ဦးအောင်ရှိန်-ဒေါ်သောင်းတို့၏ညီ/မောင်၊ (ဦးခင်-ဒေါ်အုန်းစိန်)၊ (ဦးမြကြွေ)-ဒေါ်တင်ရီ၊ ဦးမြငွေ-ဒေါ်လှမြင့်၊ ဦးတင်ထွေး-ဒေါ်အေးအေးတို့၏အစ်ကိုသည်၄-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၀၀း၀၆နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှမိုး(ခ)မိုးမိုး

**အငယ်တန်းစာရေး**

**အကောက်ခွန်ရုံးချုပ်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၆၈၊ ပထမထပ်(ဝဲ)နေ (ဦးကျင်ဖူး-ဒေါ်တင်ရွှေ)တို့၏သား၊ ဦးဝင်းအောင်-ဒေါ်စန်းရင်တို့၏သားသမက်၊ ကိုသန်းတိုး၏ညီ၊ ဒေါ်စိုးစိုးမော်၏ ချစ်လှစွာသောခင်ပွန်း၊ မယုယမိုးဦး (ဇရာဝတီဘဏ်)၊ မရွှန်းလဲ့ပိုင်မှူး (အင်္ဂလိပ်စာ၊ ဒုတိယနှစ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်)တို့၏ဖခင်သည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကြည်စိန်(ခ)ချူဆူးစင်

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ P-2 ၊ မြနန္ဒာလမ်းနေ (ဒေါ်ကျင်ယုံ)၏ခင်ပွန်း၊ ဦးကျော်ညွန့်(ကုန်သည်)-(ဒေါ်စန်းစန်းရီ)၊ ဦးကျင်စိန်(Ex-2nd Oficer)(Car Dealer)-ဒေါက်တာမူမူသန်း(ငြိမ်း)(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်)၊ ဦးကျော်ဝင်း(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်သန်းသန်းဝင်း(ညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ)၊ ဦးအောင်ရွှေခင်(Ex-2nd Engineer, SSC Shipping)-ပါမောက္ခ၊ ဒေါက်တာဝင်းဝင်းဆွေ(ပါမောက္ခ၊ ဌာနမှူး၊ အသည်းရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၊ ဒေါ်ခင်ခင်ဝင်း(B.Sc Hon:PHY)(ငြိမ်း) (ဒုစက်ရုံမှူး၊ မိုးဟိန်းစက္ကူစက်)၊ (ကိုကျော်မိုး)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၇ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၄-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကြည်စိန်(ခ)ချူဆူးစင် အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ (P-2) မြနန္ဒာလမ်းနေ ဒေါက်တာကျော်စိုးထွန်း(Geriatric Medicine, Changi General Hospital, Singapore)၊ မယုယအောင်(STI Myanmar University)၊ မောင်ကျော်မင်းဟန်(ခေတ္တ-ဂျပန်)၊ မောင်စည်သူထွန်း(4th Year UIT)၊ မမြတ်ပန်းခင်(A Level, INTO UEA, UK)၊ မဖြူစင်ကျော်(1st MB, ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မဖြူရှင်းမွန် (Grade-9, ထ-၂၊ ကမာရွတ်)၊ မောင်ချမ်းငြိမ်းဟန်(Grade-10, ထ-၁၊ ဒဂုံ)တို့၏အဘိုးသည် ၃-၄-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမင်းဆွေ (မော်လမြိုင်/သန်လျင်)

**ပြည်တွင်းရေကြောင်း(ငြိမ်း)**

**အသက်(၈၃)နှစ်**

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၄၀နေ ဒေါ်သန်းသန်း (ဒေါ်သန်းသန်း အထည်ဆိုင်)၏ခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်သန်းသန်းမော် (ဖြိုးမော် အထည်ဆိုင်)၊ ဦးသက်နိုင်ဆွေ၊ ဦးရဲမင်းနိုင်-ဒေါ်အေးနိုင်ဆွေ(ခိုင်-ဆေးနှင့်စတိုး)၊ ဦးစိုးနိုင်ဆွေ-ဒေါ်မြမြမွန်၊ (ဦးမိုးနိုင်ဆွေ)တို့၏ဖခင်၊ မောင်သက်ဖြိုးဆွေ-မအိဖြိုးဟန်(9 Fashion Passion)၊ မအိအိဖြိုးဆွေ၊ မသွန်းဖြိုးနိုင်၊ မဆုမွန်နိုင်တို့၏အဘိုးသည် ၃-၄-၂၀၁၇ရက်(တနင်္လာနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဆွေ

**အလုပ်ရုံမှူး၊ ကုန်ထုတ်(ငြိမ်း)**

**အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ မင်းဘူး**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၄၄၊ ခြောက်လွှာနေ(ဒေါ်ခင်ညိုလေး)၏ချစ်လှစွာသောခင်ပွန်း၊ကိုကျော်ဝင်းနိုင်-မနွယ်နွယ်ဝင်း၊ကိုဇော်ဝင်းပိုင်(ကထိက၊မကွေးနည်းပညာတက္ကသိုလ်) - ဒေါက်တာအေးမြတ်သင်း (လက်ထောက်ကထိက၊ ပခုက္ကူ နည်းပညာတက္ကသိုလ်)၊ မနှင်းထွေးလှိုင်[စာရင်းကိုင်-၂၊ ဘဏ္ဍာရေး၊ အမှတ်(၁) ရေနံချက်စက်ရုံ၊ သန်လျင်]တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွန်းထွန်းလွင်

**အလယ်တန်းပြ(ငြိမ်း)**

**အမက(၈)မူလွန်**

**သင်္ဃန်းကျွန်းမြို့နယ်**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊စံပြ ၅လမ်း၊အမှတ် ၁၄၁၊ (ပထမထပ်-B)နေ ဦးအေးကြည်-ဒေါ်သင်းသင်းလွင်တို့၏ညီမ၊ မောင်ပြည့်ဖြိုးဟိန်း (ဓာတ်ပုံဗီဒီယို အယ်ဒီတာ၊ ရန်ကုန်မီဒီယာဂရု) - မယုနန္ဒာတို့၏မိခင်၊ မောင်ဇာနည်ဖြိုး၏အဘွားသည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်(ခ)ဟိုဖီရိမ်

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးဖောင်-ဒေါ်ရှင်)တို့၏သမီး၊ ဦးကာစင်-ဒေါ်ရှင်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊အမှတ် ၁၁၆၊သုံးလွှာနေ ဦးညီကောင်း(အမှုဆောင်အင်ဂျင်နီယာ၊ ငြိမ်း၊ ဆောက်လုပ်ရေး)၏ဇနီး၊ ဦးထိန်လင်း-ဒေါ်ချိုချိုဝင်း(ထ-၄၊ပုဇွန်တောင်၊ ငြိမ်း)၊ ဒေါက်တာညီညီကျော်-ဒေါက်တာဝင်းဝင်းရီ (စင်ကာပူ)၊ ဒေါက်တာညီညီထွန်း(စင်ကာပူ)၊ ဦးညီညီနိုင်-ဒေါ်မေခင်၊ ဒေါက်တာညီညီလွင်တို့၏မိခင်၊ မောင်ဖြိုးမြတ်သူ၊ မရတနာကေခိုင်၊မောင်လင်းထက်အောင်၊ မောင်တင်ကျော်လင်းတို့၏ အဘွားသည် ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ အမှတ် ၂၂၇/၂၂၉၊ ကျိုက္ကဆံလမ်း၊ ငါးလွှာနေ(ဦးရွှေတိုး-ဒေါ်ဝင်းကြည်)တို့၏သား၊ ဦးတင်ဝင်း-ဒေါ်ခင်ဝင်း၊ ဦးထွန်းဝင်းတို့၏ညီ/မောင်၊ ဦးလှဝင်း-ဒေါ်ကြည်ကြည်အေး၊ ဦးရွှေဝင်း-ဒေါ်မိမိထွေး၊ ဦးစိန်ထွန်း-ဒေါ်တိုးတိုးခိုင်၊ မသန်းသန်းဝင်း၊ မစန်းစန်းဝင်း(ခ)မဓမ္မစာရီ၊ (ဦးကျော်ဆန်းထွေး)-ဒေါ်ချိုချိုဝင်း၊ မစိုးစိုးဝင်း၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးရန်နိုင်ချစ်-ဒေါ်သိန်းသိန်းဝင်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်မဥ္ဇူပွင့်တို့၏အစ်ကို၊ တူ၊တူမကိုးယောက်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာပလတ်စတစ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ထိုင်းကူညီမည်

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန်  မေ ၄**

မြန်မာနိုင်ငံတွင် ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထိုင်းနိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Jukr Bun-Long က ပြောသည်။

"မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ နောင်လာမယ့် သုံးနှစ်အတွင်း ပျမ်းမျှအားဖြင့် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလိုတိုးတက်လာမယ့်အထဲမှာ ပလတ်စတစ်လုပ်ငန်းဟာလည်း အဓိကပါဝင်လာမှာဖြစ်ပါတယ်။ ဒေသတွင်းမှာ ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှု နည်းပညာဦးဆောင်နေတဲ့ ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုနည်းပညာများတိုးတက်လာဖို့ အကူအညီပေးသွားမှာဖြစ်ပါတယ်" ဟု ထိုင်းသံအမတ်ကြီးက ယနေ့နံနက်ပိုင်းတွင် ချက်ထရီယံဟိုတယ်၌ပြုလုပ်သော မြန်မာပလတ်စတစ်လုပ်ငန်းရှင်များ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လာမည့် ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိကျင်းပမည့် Interplas Thailand 2017 သို့ တက်ရောက်နိုင်ရေး စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပလတ်စတစ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများလည်းများပြားလာကြောင်း၊ နည်းပညာနှင့်ထုတ်ကုန်အရည်အသွေးမြင့်မားရေး၊ ပြည်ပပို့ကုန်ပလတ်စတစ်ထုတ်ကုန်များ တိုးတက်မြင့်မားရေး

*စာမျက်နှာ ၅ ကော်လံ ၁* ❁



ဆီမီးဖိုင်နယ်ပွဲတွင် ဂျပန်နှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

## အာရှ ယူ-၁၉ ဘော်လီဘောပိုလ်လုပွဲ ယနေ့ကျင်းပမည်၊ အိမ်ရှင်မြန်မာအသင်း အဆင့် ၇ နေရာ ယှဉ်ပြိုင်ကစားရမည်

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**နေပြည်တော်  မေ ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် အဆင့် ၅/၈ နေရာလုပွဲကို ယနေ့နံနက် ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အဆင့် ၇ နေရာလုပွဲသာ ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆင့် ၅/၈ နေရာလုပွဲတွင် ထိုင်းအသင်းက အိမ်ရှင်မြန်မာအသင်းကို သုံးပွဲပြတ်၊ တရုတ် (တိုင်ပေ) အသင်းက သြစတြေးလျအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ

*စာမျက်နှာ ၅ ကော်လံ ၅* ❐



**ဂျပန်နိုင်ငံထုတ် အလိုအလျောက် ရွေ့လျားကားပါကင်များ မိတ်ဆက်သရုပ်ပြ**

စာ-၇

**သာကေတမြို့နယ်၌ နေအိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွား**

စာ-၁၃

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော်  မေ ၄

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် မေ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၆ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)

## AFC Cup အုပ်စုပွဲအဖြစ် မကွေးနှင့်အန်ကော ယနေ့ကစားမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် အသင်းနည်းပြချုပ်များ နှုတ်ဆက်ကြစဉ်

**ရန်ကုန် မေ ၄**

၂၀၁၇ AFC Cup ပြိုင်ပွဲအုပ်စု (F) ပွဲစဉ်(၄) အဖြစ် မြန်မာကလပ်မကွေးအသင်းနှင့် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းတို့သည် မေ ၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက MFF ရုံး၌ကျင်းပသည်။ မကွေးအသင်းနည်းပြချုပ် ဦးဇော်ဝင်းထွန်းက "ကျွန်တော်တို့အသင်းဟာ နိုင်ငံတကာပြိုင်ပွဲကို အခုမှ စပြိုင်တာဖြစ်တာကြောင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✻

